မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

အတွဲ (၅၂)
အမှတ် (၁၂၂)

Established in 1914

Myanma Alinn Daily

၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၄ ရက် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်၊ ဗုဒ္ဓဟူးနေ့။

ထူးခြားသည့် ညအပူချိန်များ

၂၉-၁-၂၀၁၃

ဟားခါးမြို့	၀ ဒီဂရီစင်တီဂရိတ်
လွိုင်လင်မြို့	၁ ဒီဂရီစင်တီဂရိတ်
နမ့်စန်မြို့	၄ ဒီဂရီစင်တီဂရိတ်

ထစ်ချုန်းမိုး

၃၀-၁-၂၀၁၃

နေပြည်တော် နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၏ အမျိုးသားမူဝါဒဆိုင်ရာကော်မတီဥက္ကဋ္ဌနှင့် မြန်မာ-ကိုရီးယား စီးပွားရေးဖလှယ်မှုအသင်းဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

ရင်းနှီးမြှုပ်နှံရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ ရင်းနှီးစွာ ဆွေးနွေး



နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၏ အမျိုးသားမူဝါဒဆိုင်ရာကော်မတီ ဥက္ကဋ္ဌနှင့် မြန်မာ-ကိုရီးယား စီးပွားရေးဖလှယ်မှုအသင်း ဥက္ကဋ္ဌ H.E.Mr.Kim Jung-hoon ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်၏ အမျိုးသားမူဝါဒဆိုင်ရာ ကော်မတီဥက္ကဋ္ဌနှင့် မြန်မာ-ကိုရီးယား စီးပွားရေးဖလှယ်မှုအသင်း ဥက္ကဋ္ဌ H.E.Mr.Kim Jung-hoon ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝဏ္ဏမောင်လွင်၊ ဦးမြင့်လှိုင်၊ ဦးဝင်းမြင့်၊ ဦးဇေယျာအောင်နှင့် ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ကြပြီး ကိုရီးယားသမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr.Kim Hae-Yong လည်း တက်ရောက်သည်။

ထိုသို့တွေ့ဆုံရာတွင် ရေနက်ဆိပ်ကမ်းများ၊ ရထားပို့ဆောင်ရေး၊ လေကြောင်းပို့ဆောင်ရေး၊ လျှပ်စစ်စွမ်းအင်ကဏ္ဍတွင် နည်းပညာဖလှယ်ရေး၊ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေး၊ သင်္ဘောတည်ဆောက်ရေး၊ လယ်ယာစိုက်ပျိုးရေး၊ ခရီးသွားလုပ်ငန်းနှင့် ရေသန့်စင်မှုနည်းပညာကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံရေးနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ ဆန်နှင့်သစ်သီးဝလံများ ပိုမိုတိုးချဲ့တင်ပို့ခြင်းဖြင့် နှစ်နိုင်ငံကုန်သွယ်မှုပမာဏတိုးမြှင့်လာစေရေး၊ ပညာတော်သင်စေလွှတ်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရင်းနှီးချစ်ခင်စွာ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

သာယာသောအနာဂတ်သို့ လျှောက်လှမ်းနေသည့် အီဂျစ်ပြည်သူတို့၏ ရှေ့ခရီး

စာမျက်နှာ ၅ တွင် ဖတ်ရှုနိုင်သည်။

ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး

စာမျက်နှာ ၁၀ နှင့် ၁၁တို့တွင် ဖတ်ရှုနိုင်သည်။

ပြည်သူများအတွက် ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှု

ညောင်ပင်သာကျေးရွာ၌ ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုကို ဒေသခံဝေဒနာရှင်ပြည်သူများအား ဤသို့ ဆောင်ရွက်ပေးခဲ့သည်။

သတင်းဆောင်းပါး
မောင်မောင်မြင့်ဆွေ
ဓာတ်ပုံ-ကျော်သူဝင်း

နေပြည်တော် ဇန်နဝါရီ ၂၉

ညောင်ပင်သာကျေးရွာ၌ စည်စည်ကားကားဖြစ်နေသည်။ အထူးသဖြင့် ညောင်ပင်သာရွာ အထက(ခွဲ)-၃ ကျောင်းဝင်းအတွင်း သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်များ၊ မျက်စိဝေဒနာရှင်များနှင့် အထွေထွေရောဂါဝေဒနာရှင်များဖြင့် လှုပ်လှုပ်ရှားရှားဖြစ်နေသည်။ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ရွေ့လျားကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းနှင့် ကျန်းမာရေးပညာပေးမှုများ ပြုလုပ်နေခြင်းပင်ဖြစ်သည်။

ပြည်သူဗဟိုပြုအခမဲ့ကျန်းမာရေးစောင့်ရှောက်မှု ပြုလုပ်နေသည်ဖြစ်ရာ ကြည်နူးပီတိဖြစ်စရာပင်။ သက်ကြီးရွယ်အိုများကို စုဝေးစေပြီး စနစ်တကျဖြင့် အာဟာရအစားအစာများအဖြစ် ကွေကာအုပ်၊ မုန့်နှင့် အားဆေးများ လှူဒါန်းပေးနေမှုကလည်း ကျန်းမာရေးထောက်ပံ့မှုဖြစ်ပြီး ကုသိုလ်လည်းရသည်ဖြစ်ရာ ကောင်းမွန်ပြီး အကျိုးရှိသည့် လုပ်ရပ်ပင်ဖြစ်သည်။ နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ ညောင်ပင်သာ ကျေးရွာအုပ်စုတွင် ပါဝင်သော ညောင်ပင်သာ၊ အလယ်ရွာ၊ သဲကျွန်း၊ ထောက်လျှာပင်၊ အုန်းပင်စု သရက်ခုံရွာတို့မှ အသက် ၆၅ နှစ်အထက် အဘိုးအဘွား ၁၇၂ ဦးကို အာဟာရများ ထောက်ပံ့လှူဒါန်းခြင်းပင်ဖြစ်သည်။ အာဟာရမုန့်နှင့် အားဆေးများရရှိသည့် ဘိုးဘွားများက ပြုံးရွှင်ပီတိဖြစ်လျက်ရှိသည်။

ကျန်းမာရေး အသိပညာပေးမှုအဖြစ် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ တာဝန်ရှိသူများနှင့် မေတ္တာစမ်းရေဆေးခန်းမှ တာဝန်ခံဆရာဝန်ကြီး ဒေါက်တာစမ်းစမ်းလှိုင်တို့ကလည်း ရွေ့လျားကျန်းမာရေးဆေးခန်းအကြောင်းများ

စာမျက်နှာ ၈ ကော်လံ ၁ ❐

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

တစ်နေ့ တစ်ရက်မှသည်. . .

ဤလောက၌ အချိန်ကိုတန်ဖိုးထား လေးစားလုပ်ကိုင်တတ်ကြသူများသည် ကြီးပွားတိုးတက်ခြင်းသို့ ရောက်ကြရလေသည်။ သို့သော် အချိန်ကို တန်ဖိုးထားလုပ်ကိုင်တတ်သူကား ရှား၏။ ပေါ့ပေါ့ဆဆနေကြသူများသာ များပြားလှ၏။ တစ်နေ့တစ်နေ့ အကျိုးမဲ့စွာ ကုန်လွန်သွားသောနေ့ရက်များကသာ များ၏။ နေ့စဉ်ရက်ဆက်နေ့ရက်တိုင်း အကျိုးရှိစွာ ကုန်လွန်သူကား နည်းပါးလှ၏။ ထို့ကြောင့်လည်း တိုးတက်အောင်မြင်သူများကား နည်းပါးနေခြင်းပင်ဖြစ်၏။

တရုတ်လူမျိုးတို့ သုံးစွဲသော ရွက်ဆုတ်ပြက္ခဒိန်ငယ်လေးများကို လူအများစု တွေ့ဖူးကြပေလိမ့်မည်။ တရုတ်လူမျိုးတို့အနေဖြင့် ပြက္ခဒိန်အကြီးများကို ချိတ်ဆွဲအသုံးပြုနိုင်ပါသော်လည်း အဘယ်ကြောင့် ပြက္ခဒိန်ငယ်လေးများပြုလုပ်ပြီး ရွက်ဆုတ်ပြက္ခဒိန်အဖြစ် အသုံးပြုခဲ့ကြသည်ကို ကောင်းစွာနားမလည်ခဲ့ပါ။ သို့သော် နေ့စဉ်တစ်မနက်၊ တစ်မနက်ရောက်တိုင်း ထိုရွက်ဆုတ်ပြက္ခဒိန်က တစ်ရွက်၊ တစ်ရွက်ဆုတ်ဖြဲလွှင့်ပစ်ကြရဖန်များလာသောအခါ တစ်ရွက်ဆုတ်ဖြဲတိုင်း တစ်ရက်ကုန်လွန်သွားသည်ကို သတိပြုမိလာကြသည်။

တရုတ်လူမျိုးပြက္ခဒိန် ပညာရှင်တစ်ဦးက တရုတ်လူမျိုးတိုင်း နေ့ရက်များကို သတိပြုမိတတ်လာပြီး နေ့ရက်တိုင်းအလုပ်ကို ကြိုးစားလုပ်ကိုင်ရင်း တန်ဖိုးရှိသောနေ့ရက်များကို ဖြတ်သန်းကုန်လွန်ကြစေရန် တီထွင်ပြုလုပ်ခဲ့ပုံရသည်။ မည်သို့ပင်ဖြစ်စေ ထိုပြက္ခဒိန်လေးများကြောင့် နေ့ရက်များကို တန်ဖိုးထားတတ်လာကြသည်။ တစ်ရက်ဆိုတစ်ရက် တစ်ရက်နှင့်ထိုက်တန်သောအလုပ်တစ်ခုကို ပြီးမြောက်အောင် ဆောင်ရွက်ကြသဖြင့် အကျိုးရှိသောနေ့ရက်တစ်ရက်ကို ပိုင်ဆိုင်ဖြတ်သန်းလိုက်ခြင်းဖြစ်ပါသည်။

အမှန်အားဖြင့် လူ့ဘဝကား တိုတောင်းလှပါသည်။ သက်တမ်းနှစ် ၆၀၊ ၇၀ ဆိုသည်မှာ မကြာလှပါ။ အလွန်တိုတောင်းလှပါသည်။ ဤတိုတောင်းလှသော ကာလအတွင်း လူ့ဘဝသက်တမ်း နေရသည့်တစ်လျှောက် အကျိုးရှိသောနေ့ရက်များကို မည်ရွေ့မည်မျှ ဖြတ်သန်းခဲ့ကြပါသနည်းဟု စစ်တမ်းထုတ်ကြည့်ပါ။ အကျိုးမဲ့ကုန်လွန်သော နေ့ရက်များကပို၍များလှသည်။ မြန်မာလူမျိုးတို့အနေဖြင့် နေ့စဉ်နေ့တိုင်းကုသိုလ်၊ ပညာဥစ္စာတစ်ခုခုကို ရယူနေအပ်ကြောင်း ရှေးရှေးသောပညာရှိတို့က ဆိုခဲ့ကြလေသည်။ တစ်နေ့တစ်ရက်တည်းဟူသော ကာလအပိုင်းအခြား ကုန်ဆုံးသွားမည်ဆိုပါက အကျိုးရှိစွာနေထိုင်ခြင်းဟု မဆိုနိုင်ပါ။ အကျိုးရှိသောနေ့ရက်များ တစ်နေ့တစ်ရက်မှသည် နေ့ရက်ပေါင်းများစွာ ဖြတ်သန်းကြခြင်းဖြင့် ကြီးပွားတိုးတက်ရာအကြောင်းကို ဖြစ်စေနိုင်မည်ဖြစ်ပါသည်။

စာအုပ်စာစောင်များလှူဒါန်းပွဲနှင့် စာပေဟောပြောပွဲ ကျင်းပ

နေပြည်တော် ဇန်နဝါရီ ၂၉

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် မြို့မဈေး အဝေးပြေးကားဂိတ်တွင် ဖွင့်လှစ်ထားသော တို့မြန်မာစာပေရေချမ်းစင်၌ ဇန်နဝါရီ ၂၇ ရက် မွန်းလွဲ ၁ နာရီခွဲက သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲနှင့် လူကုန်ကူးမှုတားဆီးကာကွယ် နှိမ်နင်းရေး စာပေဟောပြောပွဲကျင်းပသည်။

ရှေးဦးစွာ တို့မြန်မာစာပေရေချမ်းစင်နှင့် ပတ်သက်သည့်တာဝန်ရှိသူတစ်ဦးက ရှင်းလင်းပြောကြားပြီး အလှူရှင်များက စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကာ တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ် စီမံရေးနှင့်လေ့ကျင့်ရေးဌာန ညွှန်ကြားရေးမှူး ရဲမှူးကြီးဝင်းခေါင် (စာရေးဆရာထက်ခေါင်)က လူကုန်ကူးမှုတားဆီးကာကွယ် နှိမ်နင်းရေးနှင့် ပတ်သက်၍ ဆောင်ရန်၊ ရှောင်ရန်များကို အကျယ်တဝင့် ရှင်းလင်းပြောကြားကြောင်း သိရသည်။

မောင်မောင်သန်း (ကော့မှူး)

ပြည်တွင်းသတင်း

အခြေခံတောင်သူလယ်သမားများ ဝင်ငွေနှင့်လူနေမှုဘဝ တိုးတက်စေရန် တိကျခိုင်မာသော ရည်မှန်းချက်ချမှတ်ပြီး တစိုက်မတ်မတ်ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိ

ရန်ကုန် ဇန်နဝါရီ ၂၉

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ဇန်နဝါရီ ၂၇ ရက် နံနက် ၇ နာရီက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်ရှိ အဆင့်မြင့်စက်မှုလယ်ယာစိုက်ကွင်း ဧက ၁၀၀၀၀ အထူးဇုန်သို့ရောက်ရှိပြီး ပြည်သူ့လွှတ်တော် စီးပွားရေးနှင့်ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်းနှင့်အတူ အဆင့်မြင့်စက်မှုလယ်ယာအထူးဇုန်အတွင်း ပင်လယ်ကိုးသွယ်ကုမ္ပဏီ၏ ဧက ၅၀၀ စိုက်ကွင်းရှိ ပုလဲသွယ်စပ်မျိုးစပါး မျိုးစေ့ထုတ်စိုက်ကွင်း ဧက ၁၁၀ နှင့် ပုလဲသွယ်စပ်မျိုးစပါး F.1 စိုက်ကွင်း တစ်ဆက်တစ်စပ်တည်း ဧက ၄၀၀ တို့တွင် ခရမ်းမြို့နယ်မှ တောင်သူလယ်သမား ၁၂၀ တို့ လာရောက်လေ့လာကြရာ ပြည်ထောင်စုဝန်ကြီးနှင့် စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းတို့က စပ်မျိုးစပါးဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် Green Asia ကုမ္ပဏီ၏ ဧက ၅၀၀ တစ်ကွင်းတစ်ဆက်တည်း စက်မှုလယ်ယာစနစ်စိုက်ကွင်းရှင်းလင်းဆောင်၌ ပြည်ထောင်စုဝန်ကြီးနှင့် လွှတ်တော်ကော်မတီဥက္ကဋ္ဌတို့က လယ်ယာကဏ္ဍဆိုင်ရာလုပ်ငန်းများတွင် တောင်သူလယ်သမားများအနေဖြင့် သိပ္ပံနည်းကျစိုက်နည်းစနစ်များ ပြောင်းလဲစိုက်ပျိုးခြင်း၊ မျိုးကောင်းမျိုးသန့်မျိုးစေ့များ ပြောင်းလဲစိုက်ပျိုးခြင်း၊ ခေတ်မီစက်မှုလယ်ယာမြေစနစ် ပြောင်းလဲခြင်းစသည်တို့ကို အရှိန်မြှင့်တင်ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား ဆွေးနွေးမှာကြားကြသည်။

ထို့နောက် လွှတ်တော်ကော်မတီဥက္ကဋ္ဌက စိုက်ပျိုးရေးပညာရှင်များအား ဂုဏ်ပြုငွေကျပ် သိန်း ၂၀ ပေးအပ်ပြီး ပြည်ထောင်စုဝန်ကြီးနှင့် လေ့လာရေး တောင်သူများသည် Green Asia ကုမ္ပဏီ၏ တစ်နေ့တန် ၂၀ ကျ မျိုးစေ့သန့်စင်စက်၊

ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့်အဖွဲ့ ရေကြည်ကျေးရွာ ကွင်းအမှတ် ၁၉၆ ရှိ တောင်သူ ဦးသိန်းဋ္ဌေး ပုလဲသွယ်စပ်မျိုးစပါး ၁၀ ဧက၌ သက်တမ်း ၆၅ ရက်သားရှိ စပါးပင်များ၏ ဖြစ်ထွန်းနေမှုကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ခေတ်မီစပါးသိုလှောင်ရုံနှင့် စက်ယန္တရားများကို ကြည့်ရှုလေ့လာကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့ ကဒ္ဒနကျွန်းသာကုမ္ပဏီ၌ တစ်နေ့တန် ၁၅၀ ကျ ဆန်စက်ကြိတ်ခွဲနေမှု၊ စက်မှုလယ်ယာဖော်ထုတ်ရေးတွင် အသုံးပြုမည့် ထွန်စက်ကြီးများနှင့် ရိတ်သိမ်းခြွေလှေ့စက်များကို ကြည့်ရှုစစ်ဆေးကြသည်။

ယင်းနောက် ဓနုဖြူမြို့ ပြည်သူ့ခန်းမ၌ တောင်သူလယ်သမားများ၊ တာဝန်ရှိသူများအား တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ လုပ်ငန်းများနှင့် ဧရာဝတီတိုင်းဒေသကြီး လယ်ယာကဏ္ဍအပေါ် ကူညီထောက်ပံ့ပေးမည့် အစီအစဉ်များကို ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေကြည်ကျေးရွာ ကွင်းအမှတ် ၁၉၆ ရှိ တောင်သူဦးသိန်းဋ္ဌေး၏ ပုလဲသွယ် စပ်မျိုးစပါး တောင်သူပညာပေး တစ်ကွင်းတစ်ဆက်တည်း ၁၀ ဧက၌ သက်တမ်း ၆၅ ရက်သားရှိ စပါးပင်များ၏ ဖြစ်ထွန်းနေမှုများ ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို မှာကြားကြသည်။

ပြည်ထောင်စုဝန်ကြီးက တောင်သူများအား တွေ့ဆုံမှာကြားရာ၌ နိုင်ငံတော်အနေဖြင့် အစိုးရသစ်ကာလတွင် အခြေခံတောင်သူလယ်သမားများ ဝင်ငွေနှင့်လူနေမှုဘဝ တိုးတက်စေရန် တိကျခိုင်မာသော ရည်မှန်းချက်ချမှတ်ပြီး တစိုက်မတ်မတ်ကြိုးပမ်း အကောင်အထည်ဖော်လျက်ရှိသည်ကို ဒေသအလိုက် တောင်သူများက နိုးကြားတက်ကြွစွာ ပူးပေါင်းပါဝင်ရန် လိုအပ်ကြောင်း၊ နိုင်ငံတော်အပိုင်း၊ ပုဂ္ဂလိကအပိုင်း၊ တောင်သူလယ်သမားများအပိုင်း ပုံစံဖြင့် လက်တွေ့အကောင်အထည်ဖော်ရာတွင် စိတ်တူကိုယ်တူဆန္ဒတူဖြင့် ကိုယ်တိုင်အားထုတ်ကြိုးပမ်း ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းခြင်းလုပ်ငန်းစဉ်များတွင် တောင်သူလူထုတစ်ရပ်လုံးနှင့် လုပ်ငန်းရှင်များအပါအဝင်အားလုံး တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ခြင်းအားဖြင့် လက်တွေ့ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း မှာကြားသည်။

(သတင်းစဉ်)

အများပြည်သူနားနေဆောင် အလျင်အမြန်လိုအပ်လျက်ရှိသည့် ကလေးမြို့တွင်းက ကလေးလေဆိပ်

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့ရှိ ကလေးလေဆိပ်သည် မြို့တွင်း လေဆိပ်တစ်ခုဖြစ်သည်။ မြန်မာနိုင်ငံ အနောက်မြောက်ဒေသကြီးတစ်ခုလုံး ၏ ထင်ရှားသည့် လေဆိပ်တစ်ခု ဖြစ်သကဲ့သို့ ပြည်တွင်းခရီးသွားများ ပြည်ပနိုင်ငံခြားသားကမ္ဘာလှည့်ခရီးသည်များ ဝင်/ထွက်သွားလာရာ ပြည်တွင်းလေဆိပ်တစ်ခုလည်းဖြစ်သည်။

သို့သော် လေကြောင်းခရီးဖြင့် လိုက်ပါစီးနင်းမည့် ခရီးသည်များနှင့် လိုက်ပါပို့ဆောင်သည့် ပြည်သူတို့အတွက် လေယာဉ်မတက်မီကာလအတွင်း စောင့်ဆိုင်းနားခိုနိုင်မည့် နားနေဆောင် အလျင်အမြန်လိုအပ်လျက်ရှိကြောင်း ကလေးဒေသခံပြည်သူများထံမှ ကြားသိရသည်။

“လေကြောင်းခရီးနဲ့ လိုက်ပါဖို့ လေယာဉ်ခရီးစဉ် စောင့်ဆိုင်းနေချိန်အရင်က လေဆိပ်မျက်နှာချင်းဆိုင်မှာ ကံသူရဆိုတဲ့ လက်ဖက်ရည်ဆိုင်ရှိလို့ စားသောက်ဖို့၊ နားနေဖို့၊ စောင့်ဆိုင်းဖို့၊ ကြိုဖို့၊ ပို့ဖို့ အစစအရာရာ အဆင်ပြေခဲ့ပေမယ့် အခုအဲဒီဆိုင်က မရှိတော့ဘူးဆိုတော့ အားလုံးအခက်ကြုံနေကြရတာပေါ့ဗျာ။ လမ်းဘေးမှာဖြစ်သလို စောင့်ဆိုင်းနေကြရတော့ အများပြည်သူအတွက် အမြင်မသင့်တော်ဘူးထင်တယ်။ ဒါ့ကြောင့် လေကြောင်းခရီးနဲ့ စီးနင်းလိုက်ပါမယ့် ခရီးသည်တွေနဲ့ လိုက်ပါပို့ဆောင်သူတွေ၊ လာရောက်ကြိုဆိုကြသူတွေအတွက် အဆင့်မြင့်မြင့်မဟုတ်ရင်တောင် အသင့်အတင့် နားနေဆောင်လေးတစ်ဆောင်လောက် အလျင်အမြန်လိုအပ်နေ၊ လိုချင်နေကြတာပေါ့ဗျာ”ဟု ကလေးဒေသခံပြည်သူတစ်ဦးက ရင်ဖွင့်စကားဆိုခဲ့သည်။

မောင်မင်း(ကလေး)

စာအုပ် စာပေ လှူမိတ်ဆွေ

ပြည်တွင်းသတင်း

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဗစ်တာဒယ်နီရယ် ရာမီရက်(ဇ်) ပီနာသည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်း၏သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့် သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗစ်တာဒယ်နီရယ် ရာမီရက်(ဇ်)ပီနာနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ချက်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗစ်တီဇလပ်(ဖ်) ဂရီပလ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ ချက်သမ္မတနိုင်ငံ သံအမတ်ကြီး ခန့်အပ်လွှာပေးအပ်

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံ မြန်မာနိုင်ငံဆိုင်ရာ ချက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သော သံအမတ်ကြီး မစ္စတာ ဗစ်တီဇလပ်(ဖ်) ဂရီပလ်သည် ယနေ့နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော်၌ ၎င်း၏ သံအမတ်ခန့်အပ်လွှာကို ပေးအပ်သည်။

တက်ရောက်

အဆိုပါ သံအမတ်ခန့်အပ်လွှာပေးအပ်ပွဲအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးမောင်နှင့်သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသူရိန်သန့်ဇင်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

တရားစီရင်ရေးကိစ္စရပ်များ ညှိနှိုင်းဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၂၉

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေသည် ဇန်နဝါရီ ၂၇ ရက် နံနက် ၉ နာရီက တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်တရားသူကြီးများ၊ မြို့နယ်တရားသူကြီးများနှင့်တွေ့ဆုံ၍ တရားစီရင်ရေးနှင့် စီမံခန့်ခွဲရေးကိစ္စရပ်များကိုဆွေးနွေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့သည်။

အဆိုပါညှိနှိုင်းဆွေးနွေးပွဲသို့ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးများ၊ ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများ စုစုပေါင်း ၅၀ ဦး တက်ရောက်ကြောင်း သိရသည်။ **(သတင်းစဉ်)**

တက္ကသိုလ်ဝင်စာမေးပွဲ အောင်ချက်မြင့်မားရေး စာသင်ဝိုင်းများဖွင့်လှစ်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၂၉

နေပြည်တော် ကောင်စီဝင် ဦးသန်းဌေးသည် ဇန်နဝါရီ ၂၉ ရက် နံနက် ၁၀ နာရီတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် အမှတ်(၁၃)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ မြို့နယ်ပညာရေးမှူး၊ အခြေခံပညာအထက်တန်းကျောင်း ခြောက်ကျောင်းမှ ကျောင်းအုပ်ဆရာကြီးများ၊ ဘာသာရပ်သင်ဆရာ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်များနှင့်တွေ့ဆုံ၍ ၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုမည့် ကျောင်းသားကျောင်းသူများ အောင်ချက်မြင့်မားရေးအတွက် ဆောင်ရွက်လျက်ရှိသည့် အထက်တန်းကျောင်းအလိုက် စာသင်ဝိုင်းများဖွင့်လှစ်၍ စခန်းသွင်းသင်ကြားနေမှုနှင့် စာကျက်ဝိုင်းများ ဖွင့်လှစ်သင်ကြားနေမှုအခြေအနေများကို ဆွေးနွေးညှိနှိုင်းပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။ **(သတင်းစဉ်)**

ငွေကျပ် ၂၀၀ တန် ထီဖွင့်ပွဲ ဖေဖော်ဝါရီ ၁ ရက်တွင် ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

(၂၈၉)ကြိမ် ငွေကျပ် ၂၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို အောင်ဘာလေသိန်းဆုဌာနခွဲတည်ရှိရာ အမှတ် ၃၈၄ မဟာဗန္ဓုလလမ်းနှင့် (၃၇)လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ ထီဖွင့်ပွဲခန်းမဆောင်၌ ဖေဖော်ဝါရီ ၁ ရက် (သောကြာနေ့) နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ တစ်ရက်တည်းဖြင့် အပြီးဖွင့်လှစ်မည်ဖြစ်သည်။

တန်ဖိုးအလိုက်ဆုမဲများမှာ ငွေကျပ်သိန်း ၁၅၀၀ တစ်ဆု၊ ငွေကျပ်သိန်း ၁၀၀၀ တစ်ဆု၊ ငွေကျပ် သိန်း ၅၀၀ တစ်ဆု၊ ငွေကျပ် သိန်း ၃၀၀ နှစ်ဆု၊ ငွေကျပ်သိန်း ၂၀၀ သုံးဆု၊ ငွေကျပ် သိန်း ၁၀၀ (၁၅) ဆု၊ ငွေကျပ် ၁၀သိန်း(၄၈၀)ဆု၊ ငွေကျပ် ၅ သိန်း တစ်ဆု၊ ငွေကျပ် ၃ သိန်း (၁၄၄)ဆု၊ ငွေကျပ် ၂ သိန်း (၁၃၈၀)ဆု၊ ငွေကျပ် ၁ သိန်း (၁၃၇၀၃)ဆု၊ ငွေကျပ် ၅ သောင်း (၉၉၉၉)ဆု အပါအဝင် ဆုမဲပေါင်း (၂၅၇၃၀)ဆုဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

နိုင်ငံတကာသတင်း

ဟေတီနိုင်ငံ ငြိမ်းချမ်းရေး ကုလသမဂ္ဂကူညီပေးမည်

ကုလသမဂ္ဂ ဇန်နဝါရီ ၂၉

ဟေတီပြည်သူများအတွက် ငြိမ်းချမ်းရေးနှင့်တည်ငြိမ်ရေးများ ရေရှည်တည်တံ့နိုင်ရန် ကူညီပေးသွားမည်ဖြစ်ကြောင်း ကုလသမဂ္ဂလုံခြုံရေးကောင်စီက ဇန်နဝါရီ ၂၉ ရက်၌ ထုတ်ဖော်ပြောကြားသည်။

ပြောကြား

ဟေတီနိုင်ငံသို့ရောက်ရှိနေသော ကုလသမဂ္ဂငြိမ်းချမ်းရေးမစ်ရှင်အဖွဲ့မှ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏အထူးကိုယ်စားလှယ် မာရီရာနိုဖာနန်ဒက်ဇ်ထံမှ ပေးပို့သော သဝဏ်လွှာတစ်စောင်အား ကုလသမဂ္ဂလုံခြုံရေးကောင်စီက လက်ခံရရှိပြီးနောက် ယခုလ၏ကုလသမဂ္ဂလုံခြုံရေးကောင်စီဥက္ကဋ္ဌ မာဆော့ဒ်ခန်က ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။

ဟေတီနိုင်ငံတွင် လုံခြုံမှုရရှိသောနယ်မြေများပိုမိုရရှိလာသည်နှင့်အမျှ တည်ငြိမ်မှုနှင့်ငြိမ်းချမ်းမှုများ တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း၊ ထိုသို့ငြိမ်းချမ်းမှုများ ရေရှည်ရရှိရန်အတွက် ခိုင်မာသောဥပဒေစည်းမျဉ်းများချမှတ်ရန်လို အပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဟေတီနိုင်ငံသည် ပြီးခဲ့သည့်နှစ်များက တည်ငြိမ်မှုကင်းမဲ့ပြီး ငြိမ်းချမ်းမှုပျောက်ဆုံးကာ ပဋိပက္ခများဖြစ်ပွားခဲ့သည်။ ယခုအခါ တည်ငြိမ်အေးချမ်းမှုများရရှိလာသဖြင့် ၂၀၁၃ ခုနှစ်ကုန်တွင် ရွေးကောက်ပွဲကျင်းပနိုင်ရန် စီစဉ်လျက်ရှိသည်။

ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန်နှင့် လုံခြုံရေးအတွက် အထောက်အကူပြုနိုင်ရန် ကုလသမဂ္ဂလုံခြုံရေးကောင်စီက ကူညီပေးသွားရန်ပြင်ဆင်လျက်ရှိသည်။ **(ဆင်ဟွာ)**

နယ်သာလန်ဘုရင်မကြီး ထီးမွေနန်းမွေ သားတော်မင်းသားသို့လွှဲမည်

အမ်စတာဒမ် ဇန်နဝါရီ ၂၉

နယ်သာလန်ဘုရင်မကြီး ဘီယက်ထရစ်သည် ထီးမွေနန်းမွေကို သားတော်မင်းသား ဝီလျံအလက်ဇန္ဒြားသို့ လွှဲပြောင်းပေးတော့မည်ဖြစ်ကြောင်း ဇန်နဝါရီ ၂၈ ရက်က ကြေညာသည်။ (အပေါ်ပုံ)

ရုပ်မြင်သံကြားအကြိုအသံသွင်း မိန့်ခွန်းထုတ်လွှင့်မှုတွင် ဘုရင်မကြီး ဘီယက်ထရစ်က နယ်သာလန်ထီးနန်းတွင် ဧပြီ ၃၀ ရက်အထိသာ စိုးစံသွားမည်ဖြစ်ကြောင်း မိန့်ကြားခဲ့သည်။

၇၅ နှစ်ပြည့်မွေးနေ့သို့ ချဉ်းကပ်နေပြီဖြစ်သည့် ဘုရင်မကြီးသည် ထီးနန်းအရိုက်အရာလွှဲအပ်ရေးကို နှစ်အတန်ကြာ စဉ်းစားနေခဲ့သည်ဟုဆိုသည်။ ယခုအချိန်တွင် နိုင်ငံ့ဥသျှောင်အဖြစ် မိမိ၏သရဖူကို လွှဲပြောင်းပေးအပ်ဖို့ အချိန်တန်ပြီဟု ဆက်လက်မိန့်ကြားသည်။

ဘုရင်မကြီး ဘီယက်ထရစ်သည် နယ်သာလန်နိုင်ငံ နန်းပလ္လင်ကို မိခင်ဘုရင်မကြီးထံမှ ၁၉၈၀ ခုနှစ်တွင်စ၍ ဆက်ခံခဲ့သူဖြစ်သည်။ ဘုရင်မကြီး၏ရုပ်မြင်သံကြားထုတ်ပြန်ချက်တွင် ထီးနန်းပလ္လင် အရိုက်အရာသည် မျိုးဆက်သစ်များ ဆက်ခံထိန်းသိမ်းဖို့ အချိန်သင့်ပြီဖြစ်ကြောင်း၊ မိမိ၏သားတော်သည် ဘုရင်အရိုက်အရာ စိုးစံရန် အခါတော်သင့်ချိန်ရောက်ရှိပြီဖြစ်ကြောင်း မိန့်ဆိုသွားသည်။

ဖြစ်လာမည်

မင်းသား အလက်ဇန္ဒြားသည် လက်ရှိတွင် သက်တော် ၄၅ နှစ်ရှိနေပြီး ထီးနန်းအမွေဆက်ခံရရှိပါက ၁၈၉၀ တွင် နတ်ရွာစံခဲ့သော ဘုရင်ဝီလျံ-၃နောက်ပိုင်း နယ်သာလန်နိုင်ငံ၏ ပထမဆုံးဘုရင်တစ်ပါး ဖြစ်လာမည်ဖြစ်သည်။

လေယာဉ်မောင်းသင်တန်းနည်းပြနှင့် ရေအရင်းအမြစ်စီမံခန့်ခွဲရေး ပါရဂူတစ်ဦးဖြစ်သူ မင်းသားအလက်ဇန္ဒြားသည် အာဂျင်တီးနားမှ ရင်းနှီးမြှုပ်နှံမှု ဘဏ်လုပ်ငန်းရှင်ဟောင်းတစ်ဦးဖြစ်သူ မာစီမာဇိုရီဂွာအီတာနှင့် လက်ဆက်ခဲ့ပြီး သားတော်၊ သမီးတော် သုံးပါး ထွန်းကားထားသူဖြစ်သည်။ **(ဘီဘီစီ)**

သြစတြေးလျအရှေ့ပိုင်း၌ ရေလွှမ်းမှုများဖြစ်ပွားနေ

ဆစ်ဒနီ ဇန်နဝါရီ ၂၉

သြစတြေးလျနိုင်ငံ အရှေ့ဘက်ကမ်းခြေဒေသတွင် ရေကြီး ရေလျှံမှုများ ဆိုးရွားစွာ ဆက်လက်ဖြစ်ပေါ်လျက်ရှိကြောင်း၊ အထူးသဖြင့် ဘန်ဒါဘတ်မြို့တွင် ဒေသခံပြည်သူ ၇၅၀၀၀ ခန့် ရေဘေးဒုက္ခကြုံတွေ့နေရဆဲဖြစ်ကြောင်း သြစတြေးလျမီဒီယာများက ဇန်နဝါရီ ၂၉ ရက်၌ ဖော်ပြသည်။ **(အောက်ပုံ)**

ဘန်ဒါဘတ်မြို့ရှိ အရေးပေါ်ကယ်ဆယ်ရေးစခန်းများ၌ ရေဘေးဒုက္ခသည် ၁၅၀၀ ခန့် နေထိုင်ရလျက်ရှိပြီး ကျန်ရေဘေးဒုက္ခသည် အများစုမှာ ဆွေမျိုးများနှင့် မိတ်ဆွေများ၏ နေအိမ်များတွင် ရွှေ့ပြောင်းခိုလှုံနေထိုင်ကြရလျက်ရှိသည်။

ကွင်းစလန်းပြည်နယ် အရှေ့တောင်ပိုင်းတွင်လည်း ရေလွှမ်းမှုများ ဖြစ်ပေါ်နေလျက်ရှိပြီး လွန်ခဲ့သည့်နှစ်နှစ်အတွင်း အဆိုးရွားဆုံးဖြစ်ကြောင်း၊ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့ပြီး မြစ်ရေများလျှံတက်ခဲ့၍ဖြစ်ကြောင်း မီဒီယာများက ဖော်ပြသည်။

အချို့နေရာများတွင် ရေအမြင့် ၈ ဒသမ ၀၈ မီတာအထိ မြင့်တက်လျက်ရှိရာ စိုးရိမ်ရေအမှတ်သို့ ရောက်လုနီးပါးဖြစ်လျက်ရှိသည်။ **(ဆင်ဟွာ)**

လက်နက်များတင်ဆောင်လာသောသင်္ဘော ယီမင်ကမ်းခြေစောင့်တပ်ဖွဲ့ ဖမ်းဆီး

ဆာနာ ဇန်နဝါရီ ၂၉

ယီမင်ကမ်းခြေစောင့်တပ်ဖွဲ့သည် နိုင်ငံတောင်ပိုင်း အဘိုင်ယန်ပြည်နယ်မှ ထွက်ခွာလာသော လက်နက်များအပြည့် တင်ဆောင်လာခဲ့သည့် ကုန်တင်သင်္ဘောတစ်စင်းကို ဖမ်းဆီးရမိခဲ့ကြောင်း ဒေသဆိုင်ရာ ဆာဘာအစိုးရသတင်းဌာနက ဇန်နဝါရီ ၂၉ ရက်တွင် သတင်းထုတ်ပြန်သည်။

ယီမင်ကမ်းခြေစောင့်တပ်ဖွဲ့သည် အမေရိကန်ကမ်းခြေစောင့်တပ်ဖွဲ့နှင့် အာရက်ပင်လယ်အတွင်း ပူးပေါင်းစစ်ဆင်မှုတစ်ရပ်တွင် လက်နက်များအပြည့် တင်ဆောင်လာသည့် အဆိုပါကုန်တင်သင်္ဘောကို ပြီးခဲ့သည့် ဇန်နဝါရီ ၂၃ ရက်ညက ဖမ်းဆီးခဲ့ခြင်းဖြစ်ကြောင်း ယီမင်ပြည်ထဲရေးဝန်ကြီးဌာနရှိ အမည်မဖော်လိုသူပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။ ဖမ်းဆီးရမိသောလက်နက်များတွင် လေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များ၊ တင့်ကား ဖျက် C-4 ဖောက်ခွဲရေးပစ္စည်းများ၊ ၁၂၂ အမ်အမ်လောင်ချာများနှင့်မြေမြှုပ်ဗုံးများ ပါဝင်သည်။ **(ဆင်ဟွာ)**

တင်မောင်လွင်-စုစည်းသည်

အမေရိကန်မောင်းသူမဲ့ သူလျှိုလေယာဉ်အခြေစိုက်စစ်စခန်း အာဖရိကအနောက်မြောက်ပိုင်းဒေသတွင်ထားရှိရန် စီစဉ်လျက်ရှိ

ဝါရှင်တန် ဇန်နဝါရီ ၂၉

အနောက်မြောက်ပိုင်း အာဖရိကဒေသများအတွင်း ထောက်လှမ်းရေးလုပ်ငန်းများ အင်အားပိုမိုကောင်းလာရေးအတွက် အမေရိကန်ကာကွယ်ရေးဝန်ကြီးဌာနက မောင်းသူမဲ့ဒရုန်းလေယာဉ်အခြေစိုက် စစ်စခန်းတစ်ခုဖွင့်လှစ်ထားရှိရန် စီမံလျက်ရှိကြောင်း ပရက်စ်တီဗွီတွင် ဇန်နဝါရီ ၂၉ ရက်က ဖော်ပြသည်။

အာဖရိကရှိ အမေရိကန်လေတပ်စခန်းသည် မောင်းသူမဲ့လေယာဉ်အခြေစိုက်စခန်း **(အောက်ပုံ)** ကို အာဖရိကဒေသတွင်း တည်ထောင်ထားရှိရန် ပြင်ဆင်လျက်ရှိကြောင်း၊ နိုင်ဂျာနိုင်ငံ အနောက်ပိုင်းတွင် ထားရှိရန် ဖြစ်နိုင်ခြေများကြောင်း အမည်မဖော်လိုသူ အရာရှိများက ဇန်နဝါရီ ၂၈ ရက်၌ ပြောကြားသည်။

ထိုအခြေစိုက်စခန်းတွင် ထောက်လှမ်းရေးသူလျှို မောင်းသူမဲ့လေယာဉ်များသာ ထားရှိမည်ဖြစ်သော်လည်း နောင်တစ်ချိန်တွင် ပစ်မှတ်တချို့ကို လေကြောင်းဒုံးကျည်ပစ်ခွင်းခြင်း မလုပ်ဆောင်ရန် စည်းမျဉ်းပြဋ္ဌာန်းထားခြင်းမရှိကြောင်းလည်း ၎င်းတို့က ပြောကြားသည်။ အကယ်၍ ယခုစီမံကိန်းအကောင်အထည်ဖော်ဆောင်ဖြစ်ခဲ့လျှင် အာဖရိကတွင် အမေရိကန်တို့၏စစ်ဘက်ဆိုင်ရာဖြန့်ကြက်မှုများ ပိုမိုကျယ်ပြန့် အင်အားကောင်းလာမည်ဖြစ်သည်။ အာဖရိက ၃၅ နိုင်ငံတွင် အမေရိကန်အထူးတပ်ဖွဲ့ဝင်များ တပ်စွဲထားရှိမည့် စီမံကိန်းကို မကြာသေးမီအချိန်က ပင်တဂွန်မှ ကြေညာထားသည်။ **(ပရက်စ်တီဗွီ)**

နိုင်ငံတကာသတင်း

သာယာသောအနာဂတ်သို့ လျှောက်လှမ်းနေသည့် အီဂျစ်ပြည်သူတို့၏ရှေ့ခရီး

အီဂျစ်သမ္မတ မူဘာရက်အား ဖယ်ရှားသည့် အီဂျစ်ပြည်သူတို့၏ အုံကြွတော်လှန်မှု ဒုတိယအကြိမ် နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် အီဂျစ်နိုင်ငံတစ်ဝန်း ဆန္ဒပြမှုဖြစ်ပွားပြီးနောက်တစ်ရက်တွင် ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလက ဘောလုံးပွဲတစ်ပွဲအပြီး လူ ၇၄ ဦး သေဆုံးသည့် အဓိကရုဏ်းဖြစ်ပွားခဲ့မှုအတွက် လူ ၂၁ ဦးကို ပို့ဆက်မြို့တရားရုံးက ပြစ်ဒဏ်ချမှတ်မှုနှင့်စပ်လျဉ်းပြီး ကန့်ကွက်ဆန္ဒပြမှု ပေါ်ပေါက်လာရပြန်သည်။

ပို့ဆက်မြို့၌ ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၆ ရက် (စနေနေ့)က ဆူပူအုံကြွမှုစတင်ရာမှ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများအကြား ဖြစ်ပွားသော အဓိကရုဏ်းတွင် လူ ၃၀ သေဆုံးသည်။ ဇန်နဝါရီ ၂၇ ရက် ဈာပနကိစ္စအတွင်း နောက်ထပ်သုံးဦး သေဆုံးသည်။

အီဂျစ်သမ္မတ မော်စီ၏ မူဝါဒများအပေါ် ဘဝင်မကျသည့် အတိုက်အခံများနှင့် ပြည်သူတို့၏ ဆန့်ကျင်ဆန္ဒပြပွဲများ ဆက်တိုက်ဆိုသလို ပေါ်ထွက်လာသည့်အတွက် သမ္မတမော်စီက ပို့ဆက်မြို့၊ စူးအက်မြို့နှင့် အစ္စမေးလီးယားမြို့တို့တွင် ယခုအခါ အရေးပေါ်အခြေအနေ ကြေညာလိုက်သည်။

ထိုမြို့များတွင် ၂၀၁၃ ခုနှစ် ဇန်နဝါရီ ၂၈ ရက် (တနင်္လာနေ့)မှ စပြီး ရက်ပေါင်း ၃၀ တိုင်အောင် ည ၉ နာရီမှ နံနက် ၆ နာရီအထိ ညမထွက်ရအမိန့် ထုတ်ပြန်ကြောင်း သမ္မတ မော်စီက ၎င်း၏ မိန့်ခွန်းတွင် ထည့်သွင်း ကြေညာလိုက်ခြင်းဖြစ်သည်။

ပို့ဆက်မြို့၌ ပြီးခဲ့သည့်နှစ်က အသေအပျောက်များခဲ့သည့် ဘောလုံးပွဲ အဓိကရုဏ်းအတွက် အရေးယူထားသူများကို တရားရုံးက ပြစ်ဒဏ်စီရင်ခြင်းနှင့် စပ်လျဉ်း၍ မကျေနပ်ကာ ထပ်မံဆန္ဒပြဆူပူသဖြင့် ရက်သတ္တပတ်အကုန်တွင် ၃၃ ဦးသေဆုံးရသည်။ သမ္မတမော်စီ၏ အုပ်ချုပ်ရေးကို ဘဝင်မကျမှုက အီဂျစ်နိုင်ငံအတွင်း ဆူပူအုံကြွမှုမှန်သမျှကို မီးလောင်ရာ လေပင့်သကဲ့သို့ ဖြစ်ရသည်။

ကိုင်ရိုမြို့တော်မှ တာယာပန်းခြံအနီး ဆန္ဒပြသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအကြား ဖြစ်ပွားသည့် ပဋိပက္ခမှာလည်း ယခုအခါ စတုတ္ထနေ့အဖြစ် ဆက်တိုက်ဖြစ်ပေါ်ခဲ့သည်။

သမ္မတမော်စီသည် တစ်ဦးတည်း အာဏာဆုပ်ကိုင်အုပ်ချုပ်နေပြီး လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် ကိုးကွယ်မှုကိုကောင်းစွာ အကာအကွယ်မပေးနိုင်သည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဖြင့် အဓမ္မစီမံနေကြောင်း အတိုက်အခံများက စွပ်စွဲသည်။ ထို့ပြင် သမ္မတမော်စီ၏ အစိုးရကြောင့် စီးပွားရေးအကျပ်အတည်းနှင့်လည်း ဆိုးဆိုးရွားရွား ရင်ဆိုင်နေရကြောင်း အတိုက်အခံများက ဝေဖန်သည်။

သမ္မတမော်စီက အီဂျစ်နိုင်ငံအတွက် ဆောင်ရွက်မှုရှိသည်များကို သမ္မတအဖြစ်ဆက်လက်ဆောင်ရွက်ရန်မှာ မိမိတာဝန်ဖြစ်သည်ဟု ပြောသည်။ နိုင်ငံရေးခေါင်းဆောင်များအား ဇန်နဝါရီ ၂၈ ရက် အမျိုးသားတွေ့ဆုံဆွေးနွေးပွဲ တက်ရောက်ကြရန် ၎င်းက ဖိတ်ခေါ်လိုက်သည်။

အရေးပေါ် အခြေအနေကို စူးအက်တူးမြောင်း တစ်လျှောက်ရှိ အဆိုပါ မြို့သုံးမြို့နှင့် ပတ်ဝန်းကျင်ဒေသများအတွက် အီဂျစ်အစိုးရက ပြဋ္ဌာန်းလိုက်ခြင်းဖြစ်သည်။

လက်ရှိအခြေအနေအရ အရေးပေါ်ဥပဒေ ပြဋ္ဌာန်းအကောင်အထည်ဖော်ရန် သမ္မတ၏ တိုက်တွန်းချက်မှာ မှန်ကန်သည့် လုပ်ရပ်တစ်ခုဖြစ်ကြောင်း အီဂျစ်၏ အဓိက အတိုက်အခံပါတီဖြစ်သော အမျိုးသားကယ်တင်ရေးတပ်ဦး (အင်န်အက်စ်အက်ဖ်) က ကြိုဆိုလိုက်သည်။ သို့သော် သမ္မတမော်စီသည် တကယ့်ပြဿနာကို ကိုင်တွယ်ရန် လွဲချော်နေကြောင်း၊ ယင်းပြဿနာမှာ သူ၏ မူဝါဒများပင်ဖြစ်ကြောင်း အမျိုးသားကယ်တင်ရေးတပ်ဦးက ဝေဖန်ထောက်ပြ လိုက်သည်။

အငြင်းပွားဖွယ် လောလောလတ်လတ်ရေးဆွဲထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြဋ္ဌာန်းထားသမျှကာလပတ်လုံး လာမည့် အီဂျစ်ပါလီမန် ရွေးကောက်ပွဲကို သပိတ်မှောက်မည် ဖြစ်ကြောင်း အမျိုးသားကယ်တင်ရေးတပ်ဦး (အင်န်အက်စ်အက်ဖ်)ကဇန်နဝါရီ ၂၆ရက်(စနေနေ့) ကပင်ဆုံးဖြတ်ထားကြောင်း ကြေညာပြီး ဖြစ်သည်။ အရည်အချင်းပြည့်ဝသည့် အမျိုးသားကယ်တင်ရေး အစိုးရတစ်ရပ်ဖွဲ့စည်းပေးရန်လည်း သမ္မတမော်စီအား တိုက်တွန်းထားသည်။

အနာဂတ် အီဂျစ်နိုင်ငံအတွက် ထင်သာမြင်သာရှိသော နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးရပ်လွှာများအပါအဝင် အလုံးစုံအကျုံးဝင်သော အစီအစဉ်တစ်ခုကို အင်န်အက်စ်အက်ဖ်က ပြင်ဆင်နေသည်။ အီဂျစ်အစိုးရက ၎င်းတို့တောင်းဆိုချက်ကို မလိုက်လျောလျှင် လာမည့်ဖေဖော်ဝါရီ ၁ ရက်၌ အစိုးရဆန့်ကျင်ရေး ဆန္ဒပြမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်မည်ဟုလည်း အင်န်အက်စ်အက်ဖ်က ကြေညာချက်တွင် ဖော်ပြထားသည်။

အီဂျစ်သမ္မတ မော်စီကို ထောက်ခံသူများနှင့် ကန့်ကွက်ဆန့်ကျင်သူများမှာ နိုင်ငံတစ်ဝန်းအလွှာအသီးသီးတွင် ရောပြွမ်းတည်ရှိသည့်အတွက် အရှေ့အလယ်ပိုင်းတွင် အဓိကကျပြီး သမိုင်းအစဉ်အလာ ကြီးမားသည့် အီဂျစ်နိုင်ငံအဖို့ သာယာသောလမ်းကြောင်းမှန်ပေါ်သို့ ရောက်ရန် ခရီးကြမ်းကို ဖြတ်သန်းရပေဦးမည်။

တိုး-ရေးသည်

HIV ပိုး၏ ဇာစ်မြစ် ပိုမိုရှေးကျဟုဆို

အိတ်ချ်အိုင်ဗွီပိုး၏ မူလအရင်းခံ ဇာစ်မြစ်ကို လိုက်လံစူးစမ်းခဲ့ရာတွင် နှစ်ပေါင်းထောင်သောင်းများစွာမက ထို့ထက် ပိုစော၍ နှစ်သန်းနှင့်ချီသည့် အချိန်ကာလအထိ ခြေရာကောက်ဖော်ထုတ်ရမည်ဖြစ်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။



ဆိုလိုသည်မှာ ၂၀ ရာစုနှစ်များအတွင်း လူတို့တွင် ကူးစက်ဖြစ်ပွားခဲ့သည့် ရောဂါဖြစ်ပွားစေသော အိတ်ချ်အိုင်ဗွီပိုး ပေါ်ပေါက်ခဲ့သည်မှာ မူလခန့်မှန်းသည်ထက် နှစ်ပေါင်းများစွာ ရှေးကျပြီး ပေါ်ပေါက်နေခဲ့သော ရောဂါပိုးဖြစ်သည်ဟု သုတေသနအဖွဲ့က ပြောကြားခြင်းဖြစ်သည်။

အိတ်ချ်အိုင်ဗွီပိုးနှင့် အလားသဏ္ဌာန်တူ မျိုးနီးပိုးတစ်မျိုးသည် လွန်ခဲ့သော နှစ်သန်းပေါင်း ငါးသန်းနှင့် ၁၂ သန်းတွင် အာဖရိကရှိ မျောက်များနှင့် လူဝံများတွင် ဖြစ်ပွားခဲ့သည်ဟု မျိုးဗီဇ ပညာရှင်များက ထုတ်ဖော်ပြသခဲ့ကြသည်။ ထိုကဲ့သို့ သုတေသနပြုတွေ့ရှိချက်သည် အိတ်ချ်အိုင်ဗွီပိုးနှင့် အေအိုင်ဒီအက်စ်ရောဂါတို့၏ ဇာစ်မြစ်ကို နားလည်နိုင်ရေး ဦးတည်ပေးသွားနိုင်ဖွယ်ရှိသည့် သုတေသနပြုချက်လည်း ဖြစ်သည်။

ကမ္ဘာအနှံ့ အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူ ဦးရေသည် ၃၄ သန်းရှိနေသည်။ အိတ်ချ်အိုင်ဗွီကဲ့သို့ ပိုးတစ်မျိုးဖြစ်သည့် Lentiviruses ဗိုင်းရပ်စ်ပိုးသည် အာဖရိက ပရိုင်းမိတ်များ (နို့တိုက်သတ္တဝါများ) တွင် ကူးစက် ပြန့်ပွားနေသည်ကို သိပ္ပံပညာရှင်များ အချိန်ကြာမြင့်စွာကတည်းက ခန့်မှန်းသိရှိပြီးဖြစ်သည်။

ယခင်က မျိုးဗီဇသုတေသနပြုလုပ်ခဲ့သည်တွင် အိတ်ချ်အိုင်ဗွီပိုးနှင့် မျိုးစပ်ချင်းနီးစပ်သည့် ပိုးသည် လွန်ခဲ့သော နှစ်ထောင်သောင်းကျော်က စတင်ဖြစ်ပွားခဲ့သည်ဟု အကြံပြုဆွေးနွေးဖော်ပြသည်။ သို့သော်လည်း ထိုဖော်ပြချက်ကို တချို့ပါရဂူများက လျှော့တွက်လွန်းသည့်ခန့်မှန်းချက်ဟု သံသယပွားကာ သုတေသနပြုသည်။

အမေရိကန် ဆီယက်တဲလ်ရှိ ဝါရှင်တန်တက္ကသိုလ်နှင့် ဖရက်ဟတ်ချင်ဆန်ကင်ဆာ သုတေသန စင်တာတို့က အိတ်ချ်အိုင်ဗွီမျိုးတူ ဗိုင်းရပ်စ်ပိုးကိုများစွာသော နို့တိုက်သတ္တဝါများတွင်ရှာဖွေစူးစမ်းကာ သုတေသနပြုခဲ့ကြသည်။ ချင်ပန်ဇီ မျောက်ဝံ၊ အော်ရန်ဂူတန် မျောက်ဝံနှင့် ဂေါ်ရီလာမျောက်ဝံစသည့် ပရိုင်းမိတ်များတွင် ပိုးမွှားနှင့် မျိုးရိုးဗီဇတို့ကို လေ့လာခြင်း ဖြစ်သည်။ လွန်ခဲ့သော နှစ်ငါးသန်းနှင့် ၁၆ သန်းအလွန်တွင် အာဖရိကရှိ မျောက်များနှင့် လူဝံများ၏ ဇီဝကိုယ်ခံအားစနစ် ဗေဒများ ဆင့်ကဲ ပြောင်းလဲဖြစ်ပေါ်မှုနှင့်အတူ အိတ်ချ်အိုင်ဗွီမျိုးနီးစပ်ပိုးမွှား စတင်ဖြစ်ပွား ပေါ်ပေါက်လာသည်ဟု ဆိုသည်။ Plos Pathogens ဂျာနယ်၌ သုတေသနပြုချက်ကို ဖော်ပြရာ လူသားမျိုးနွယ်နှင့် နီးစပ်သော မျောက်နှင့်လူဝံကဲ့သို့သော သတ္တဝါများမျိုးဗီဇ ကိုယ်ခံစွမ်းအား စနစ်ဆင့်ကဲ ပြောင်းလဲမှုသည် ပိုးမွှားမှ ရောဂါဖြစ်ပေါ်လာနိုင်မှုကို မည်သို့တွန်းလှန် တိုက်ဖျက်နိုင်သည်ကို သဲလွန်စမှတစ်ဆင့် အဖြေဖော်နိုင်ဖွယ် ရှိလာကြောင်းလည်း ရေးသားဖော်ပြထားသည်။

မောင်သံဆင့်-ရေးသည်

မာလီပြည်သူထောင်ချီပြီး နေအိမ်မှပြေး

အနောက်အာဖရိကနိုင်ငံ မာလီတွင် ပြင်သစ်ဦးဆောင်၍ စစ်ဆင်ရေးဆင်နွှဲနေခြင်းအတွက် စိုးရိမ်ကြောက်လန့်နေသော မာလီပြည်သူ ထောင်ပေါင်းများစွာတို့ နေအိမ်များကို စွန့်ခွာထွက်ပြေးလျက်ရှိကြောင်း ဇန်နဝါရီ ၂၈ ရက် ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။ ပြင်သစ်က မာလီကို စစ်ပွဲဆင်နွှဲချိန် ဇန်နဝါရီ ၁၁ ရက်မှစပြီး ထွက်ပြေးလာသော မာလီဒုက္ခသည် ၅၀၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (ယူအင်န်အိတ်ချ်စီအာရ်)က ပြောကြားသည်။ ယင်းဒုက္ခသည်များသည် မောရစ်သျှနိုင်ငံသို့ ထွက်ပြေးကြသည်ဟု ဆိုသည်။

ထို့အပြင် မောရစ်သျှ၊ ဘာကီနာ ဖာဆို၊ နိုင်ဂျာနိုင်ငံတို့တွင်လည်း မာလီဒုက္ခသည်များ ယာယီတဲများဖြင့် စခန်းပြုလုပ်ပေးထားကြောင်း သိရသည်။(အပေါ်ပုံ)

အီဂျစ်မြို့ကြီးသုံးမြို့ ညမထွက်ရ အမိန့်ထုတ်

အီဂျစ်နိုင်ငံတွင် သေကျေနိုင်လောက်သည့် အဓိကရုဏ်း ရက်အတန်ကြာဖြစ်ပွားခဲ့ပြီးနောက် အီဂျစ်သမ္မတ မိုဟာမက်မော်စီက ပို့ဆက်၊ စူးအက်နှင့် အစ္စမေးလီးယားမြို့ကြီးသုံးမြို့တွင် အရေးပေါ် အခြေအနေတစ်ရပ်ကို ကြေညာလိုက်ကြောင်း ဇန်နဝါရီ ၂၈ရက်တွင်ဘီဘီစီသတင်းဌာနက ထုတ်ပြန်သည်။

နေ့စဉ်ည ၉ နာရီ မှ နံနက် ၆ နာရီအထိ ညမထွက်ရအမိန့်ကို ဇန်နဝါရီ ၂၈ ရက်မှစပြီး ရက် ၃၀ ကြာ ထုတ်ပြန်လိုက်သည်။

အီဂျစ်နိုင်ငံ ပို့ဆက်မြို့၌တရားရုံး အဓိကရုဏ်းမှ စတင်ကာ အကြမ်းဖက်မှုများ ဖြစ်ပွားခဲ့၍ လူ ၃၃ ဦး သေဆုံးခဲ့ရသည်။

မြင့်မောင်စိုး – ရေးသည်

ကိုယ့်ကိုယ်ကို ကာကွယ်နိုင်ဟု မြောက်ကိုရီးယားကြွေးကြော်

မြောက်ကိုရီးယားနိုင်ငံ၏ အချုပ်အခြာအာဏာနှင့် ဂုဏ်သိက္ခာကို ကာကွယ်သွားရန် အစီအမံများ ချမှတ်ထားရမည် ဖြစ်ကြောင်း ကင်က ပြောကြားလိုက်သည်။

သမ္မတ အိုဘားမားအစိုးရသည် မြောက်ကိုရီးယားနိုင်ငံ၏ လွန်ခဲ့သောလက ဒုံးကျည်စမ်းသပ် ပစ်လွှတ်ခဲ့မှုအပေါ် ကုလသမဂ္ဂမှတစ်ဆင့် မြောက်ကိုရီးယားကို အရေးယူရန် ဖိအားပေးခဲ့သဖြင့် ဇန်နဝါရီ ၂၄ ရက်တွင် မြောက်ကိုရီးယားက နျူကလီးယားလက်နက် စမ်းသပ်မည်ဟု ခြိမ်းခြောက်ခဲ့သည်။

ပြုံယမ်းက လွန်ခဲ့သော သီတင်းပတ်အတွင်း နျူကလီးယားလက်နက် စမ်းသပ်လိမ့်မည်ဟု ပြောကြားခဲ့ပြီးနောက် မြောက်ကိုရီးယားနိုင်ငံအနေဖြင့် အမေရိကန်က ရန်စတိုက်ခိုက်လာမည်ဆိုလျှင် ကိုယ့်ကိုယ်ကို ကာကွယ်နိုင်စွမ်းရှိသည့် နိုင်ငံဖြစ်ကြောင်း မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်က ပြောကြားသည်ဟု ဇန်နဝါရီ ၂၈ ရက်တွင် ပရက်စ်တီဗွီသတင်း၌ ဖော်ပြသည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

Seminar on Risks Based Supervision Program ဖွင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

ယခု Seminar သည် Toronto Centre နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့ ပူးပေါင်း၍ ဘဏ်လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးနှီးနှောဖလှယ်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ ဘဏ်လုပ်ငန်းကဏ္ဍ အဆင့်မြင့်မားရေး၊ ဘဏ်လုပ်ငန်းဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဘဏ်ဝန်ထမ်းများ၏ Capacity Building အဆင့်မြင့်မားစေရေးအတွက် များစွာအထောက်အကူပြုကြောင်း၊ Seminar တက်ရောက်သူများအနေဖြင့်လည်း ဘဏ်လုပ်ငန်းကဏ္ဍအတွက် အကျိုးသက်ရောက်စေမည့် ပညာရပ်များကို Toronto Centre ပညာရှင်များထံမှ မျှဝေရယူနိုင်မည် ဖြစ်ပါကြောင်းဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးသန်းညိန်းက ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ဘဏ်ခွဲ) အစည်းအဝေးခန်းမ၌ ကျင်းပသည့် Seminar on Risks Based Supervision Program ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။ (ဝဲပုံ)

အဆိုပါ ဆွေးနွေးပွဲကို ဇန်နဝါရီ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

တစ်ဦးတည်းပိုင် ထုတ်ကုန်သွင်းကုန် လုပ်ငန်းရှင်ကတ်များ ဒေသတွင်းအမှန်တကယ်နေထိုင်သူ ၁၈နှစ်ပြည့်ပြီးသူတိုင်းကို ခွင့်ပြုမည်

တာချီလိတ် ဇန်နဝါရီ ၂၉

နိုင်ငံတော်အစိုးရအနေဖြင့် တရားဝင်ကုန်သွယ်မှုများဖြစ်ပေါ်လာရေးအတွက် စဉ်ဆက်မပြတ် ဆန်းစစ်လေ့လာမှုများပြုနေသကဲ့သို့ ဖြေလျှော့မှုများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကုန်သွယ်မှုများပြုရာတွင် အရင်းအနှီးကြီးမားသော ကုမ္ပဏီကြီးများသာမက တစ်ပိုင်တစ်နိုင်ကုန်သွယ်မှု လုပ်ကိုင်ခွင့်ပေးခြင်းဖြင့် ပြည်သူတို့၏အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သည့်အတွက် တစ်ဦးတည်းပိုင် ထုတ်ကုန်သွင်းကုန်လုပ်ငန်း ရှင် (Individual Trading Card-ITC)ကတ်များအား ဒေသတွင်း အမှန်တကယ်နေထိုင်သူ အိမ်ထောင်စု စာရင်းဝင် အသက် ၁၈ နှစ်ပြည့်ပြီးသူတိုင်းအား ဆောင်ရွက်ခွင့်ပြုသွားမည်ဖြစ်ကြောင်းဖြင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်က ဇန်နဝါရီ ၂၇ ရက်တွင် တာချီလိတ်မြို့ အောင်မြတ်ခန်းမ၌ ကျင်းပသော လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် မြန်မာ့အလင်းသို့ အတည်ပြု ပြောကြားခဲ့သည်။

ထိုကဲ့သို့ တစ်ဦးတည်းပိုင် ထုတ်ကုန် သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်ကတ်လျှောက်ထားရာတွင် နိုင်ငံခြားသားများ၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားပြီးသော ကုမ္ပဏီများမှ ဒါရိုက်တာအဖွဲ့ဝင်များအား ခွင့်ပြုသွားမည်မဟုတ်ကြောင်း သိရှိရသည်။

မှတ်ပုံတင်ကတ် ITC ၏ သက်တမ်းမှာ တစ်နှစ်ခွင့်ပြုမည်ဖြစ်ပြီး မှတ်ပုံတင်ကြေး ငွေကျပ် ငါးသောင်းကို မြန်မာ့စီးပွားရေးဘဏ်သို့ ပေးသွင်းရမည်ဖြစ်ကာ ITC ကတ်ရရှိသူများသည် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ Automatic Licenving (ကျပ်ငွေ)ဖြင့် ခွင့်ပြုပေးထားသော ပို့ကုန်များကို ပို့ကုန်လိုင်စင်လျှောက်ထားကာ တင်ပို့နိုင်မည်ဖြစ်သကဲ့သို့ Automatic Licenving (ကျပ်ငွေ) ဖြင့် ခွင့်ပြုပေးထားသော သွင်းကုန်များကိုလည်း ကုမ္ပဏီကြီးများကဲ့သို့ Earning တင်ပြရန်မလိုဘဲ သွင်းကုန်လိုင်စင်လျှောက်ထားကာ သတ်မှတ်အခွန်အခများပေးဆောင်ပြီး ကုန်သွယ်မှုများကို ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရှိရသည်။

(ဝဇိ)

ရန်ကုန်မြို့တွင်းခရီးသည်တင်ယာဉ်များအတွက် CNG ကုဗပေတစ်သန်းတိုးရတော့မည်

သတင်းနှင့် ဓာတ်ပုံ - တင်ဝင်းလေး (ကြည့်မြင်တိုင်)

ဇန်နဝါရီ ၂၃ ရက် မထသ (ဗဟို) နှင့် မီဒီယာများတွေ့ဆုံပွဲမှ မင်္ဂလာသတင်းတစ်ခုကြားသိရသည်။ သက်ဆိုင်ရာက မကြာမီ ယခုနှစ်ဆန်းပိုင်းအတွင်း၌ ရန်ကုန်မြို့အတွင်း ပြေးဆွဲလျက်ရှိသော ခရီးသည်တင်ယာဉ်များအတွက် အဓိကဖြစ်သော CNG ခွဲတမ်း ကုဗပေတစ်သန်းတိုးမြှင့်ပေးရန် စီစဉ်မှုများ ရှိနေသောကြောင့်ဖြစ်သည်။

ရှေ့ပိုင်း၌တင်သွင်းလာသော ခရီးသည်တင်လိုင်းကားများအတွက်CNG အခက်အခဲများရှိနေခဲ့သည်။ သို့သော်လည်း မထသ(ဗဟို) အနေဖြင့် အထက်အဖွဲ့အစည်း အဆင့်ဆင့်ကို တင်ပြထောက်ခံမှုများပေးခဲ့သည်။

“လွန်ခဲ့တဲ့နှစ်ကုန်အထိ CNG ထုတ်ယူခွင့်ကို ယာဉ်အိုယာဉ်ဟောင်း အပ်နှံတင်သွင်းလာတဲ့ လိုင်းကားတွေပဲ CNG ရရှိဖို့အတွက် အဖွဲ့အနေနဲ့ ထောက်ခံချက်တွေပေးခဲ့ပါတယ်။ မိမိအစီအစဉ်နဲ့တင်သွင်းလာတဲ့ ခရီးသည်တင်ယာဉ်တွေကတော့ မပါပါဘူး။ အခုဆို CNG ထပ်ရလာတော့မှာဖြစ်တဲ့အတွက် မိမိအစီအစဉ်နဲ့ တင်သွင်းလာတဲ့ ခရီးသည်တင်လိုင်းကားတွေကိုပါ ပေးနိုင်ပါလိမ့်မယ်။ ဒါပေမယ့် ဘယ်အချိန်စပေးနိုင်မယ်ဆိုတာကိုတော့ မပြောနိုင်သေးပါဘူး။ စာရင်းတွေ ပြန်လည်ပြုစုရဦးမှာမို့လို့ပါ” ဟု မထသ (ဗဟို) ဥက္ကဋ္ဌ ဦးလှအောင်က ရှင်းပြသည်။

သက်ဆိုင်ရာမှ ခန့်မှန်းတွက်ချက်မှုအရ CNG ကုဗပေတစ်သန်း အမှန်တကယ်ရရှိလာပါက လိုင်းကားအစီး ၂၀၀ ခန့်ကို ပေးနိုင်တော့မှာဖြစ်ပြီး မြို့တွင်းခရီးသွားပို့ဆောင်မှု အတွက် လိုင်းကားအင်အားများ တိုးမြှင့်လာတော့မည်မှာ ဧကန်မုချဖြစ်ပါသည်။

ယခုကဲ့သို့ ရန်ကုန်မြို့တွင် ခရီးသွားကဏ္ဍ၌လိုင်းကားအင်အား ၂၀၀ ခန့် တိုးမြှင့်ဝင်ရောက်လာပါက ပန်းဆိုးတန်း၊ ကုန်ဈေးတန်း၊ မြေနီကုန်း၊ တာမွေ၊ ရွှေဂုံတိုင်၊ ချော်တွင်းကုန်းစသည့် မှတ်တိုင်များ၌ “သူလာလာ မလာလာ ကိုယ်ကစောင့်ရမှာ” သီချင်းကဲ့သို့ လိုင်းကားအလာကို မျှော်ရသောခရီးသည်အပေါင်း၏ ဒုက္ခဝေဒနာများ အနည်းငယ်လျော့ပါးလာနိုင်မည်ဖြစ်ပြီး ငါးပိသိပ်၊ ငါးချဉ်သိပ် ကျောချင်းကပ်လျက် အလယ်မှ တိုးမထွက်သာသော ဒုက္ခများမှ သက်သာလာတော့မည်ကို မှန်းဆလျက် ယင်းအစီအစဉ် အမြန်အကောင်အထည်ဖော်နိုင်ပါစေကြောင်း ဆုတောင်းရေးသားလိုက် ရပါသည်။

သစ်တောသစ်ပင် တို့ချစ်ခင်
နှစ်စဉ်စိုက်ပျိုး အလှတိုး

သစ်ပင်စိုက်ပါ တို့ကမ္ဘာ
သာယာလှပ စိမ်းမြမြ

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

ထူးချွန်ထက်မြက်သောမြန်မာလူငယ်များ၏တီထွင်မှုစွမ်းအားကိုထုတ်ဖော်နိုင်ရန် ဥပဒေတစ်ရပ်ရေးဆွဲသင့်

နေပြည်တော် ဇန်နဝါရီ ၂၉

ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေး ဒသမနေ့ကိုအစီအစဉ်(၁၂)ခုဖြင့် ဆောင်ရွက်ခဲ့ပြီး မေးခွန်း (၆)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း (၂)ခု အတည်ပြုခြင်းနှင့် ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍ၌ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်က **အီလက်ထရွန်နစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**ကို တင်သွင်းရာ လွှတ်တော်က အဆိုကို မှတ်တမ်းတင်ထားရှိပြီး သက်ဆိုင်ရာဝန်ကြီးဌာန၏ ဆောင်ရွက်မှုကို စောင့်ကြည့်ကူညီ ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ဆုံးဖြတ်ခဲ့သည်။

ဥပဒေကြမ်း တင်သွင်းရခြင်းနှင့် ပတ်သက်၍ **ဦးသိန်းညွန့်**က "ပထမအချက်အနေနဲ့ ဒီဟာက ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာ မတည်မီက ပြဋ္ဌာန်းခဲ့တဲ့ ဥပဒေဖြစ်ပါတယ်၊ အခု ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာတည်ပြီးတဲ့အခါကျတော့ ဒီပြဋ္ဌာန်းချက်ပါ အချက်အချို့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်တွေနဲ့ မကိုက်ညီဘူးလို့ ကျွန်တော်ယူဆတယ်၊ ဒုတိယအချက်အနေနဲ့ ကျွန်တော်တို့လူ့အခွင့်အရေး ကြေညာစာတမ်းအပိုဒ်(၁၉)အရ သတင်းအချက်အလက်တွေ စီးဆင်းဖို့လိုအပ်တဲ့ အချိန်မျိုးမှာ ဒီဥပဒေကို ဆက်လက်ထားရှိခြင်းဖြင့် ဒီဥပဒေရဲ့ ရည်ရွယ်ချက်က ဘယ်လိုပဲရှိရှိ ပြဋ္ဌာန်းချက်တွေက အင်မတန်ပြင်းထန်လွန်းတယ်၊ ကျွန်တော်သိသမျှ တပ်မတော် အရာရှိငယ်တွေထဲက၊ တကယ့်ပညာတတ်တွေထဲက ဒီပြဋ္ဌာန်းချက်ကြောင့် ဒုက္ခရောက်နေတဲ့ လူတွေရှိတယ်ဆိုတာကို သူတို့မိသားစုတွေရဲ့ တင်ပြစာအရ ကျွန်တော်သိထားတယ်၊ တတိယအချက်အနေနဲ့ ကျွန်တော်တို့ ရှေ့ဆက်သွားမယ့် ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးမှာ ဒီနေ့ နောက်ဆုံးပေါ် နည်းပညာနဲ့ အတတ်ပညာတွေကို ကျွန်တော်တို့ အသုံးချမလား၊ ဒါမှမဟုတ် ဒီအတတ်ပညာတွေကို ဟန့်တားအောင် လုပ်

သယ်န်းကျွန်း မဲဆန္ဒနယ်မှ ဦးသိန်းညွန့် အဆိုတင်သွင်းစဉ်။ (သတင်းစဉ်)

မလား၊ ဒါတွေကို အခု ဒီဘက်ခေတ် လွှတ်တော်မှာ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားသင့်တယ်လို့ ကျွန်တော်ယူဆတယ်၊ အဲဒီရည်ရွယ်ချက်နဲ့ အဆိုတင်ရခြင်းဖြစ်ပါတယ်" ဟု ပြောပြခဲ့သည်။

ဥပဒေကြမ်းတင်သွင်းမှုနှင့်စပ်လျဉ်း၍ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းတင်က ခေတ်စနစ်နှင့် ပိုမိုလျော်ညီပြီး နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်သည့် e-Commerce ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်သည့် ထူးချွန်ထက်မြက်သော မြန်မာအိုင်တီလူငယ်များ၏တီထွင်မှု စွမ်းအားကိုထုတ်ဖော်နိုင်ရန် အားပေးသည့် ဥပဒေတစ်ရပ်ကို အသစ်ရေးဆွဲသင့်ပါကြောင်းဖြင့် ပြန်လည်ဆွေးနွေးခဲ့သည်။

ဥပဒေကြမ်း တင်သွင်းသူ ဦးသိန်းညွန့်က ယခုဆွေးနွေးချက်သည် လက်တွေ့အခြေအနေနှင့် ကိုက်ညီသည့်အတွက် ဥပဒေအသစ်ပေါ်ပေါက်လာသည့်အခါ ထည့်သွင်းစဉ်းစားပေးနိုင်ပါရန်အဆိုကို မှတ်တမ်းတင်ထားပေးစေလိုကြောင်း ပြန်လည်တင်ပြခဲ့သည်။

မေးခွန်း မေးမြန်းဖြေကြားခြင်းကဏ္ဍ၌ ဆွမ်ပရာဘွမ်မဲဆန္ဒနယ်မှ ဦးခမိုင်မုန်ကွမ်(ခ) ဦးခမိုင်တန်က **ကချင်ပြည်နယ်၏မြို့တော် မြစ်ကြီးနားမြို့တွင် ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းမြှင့်တင်နိုင်ရေးအတွက် မည်သည့်နည်းလမ်းဖြင့် ကူညီဆောင်ရွက်ပေးမည်ကိုသိရှိလိုကြောင်း** မေးမြန်းခဲ့ရာ နေပြည်တော်သို့ တိုက်ရိုက်သယ်ဆောင်၍ ရတနာပြပွဲများတွင် တင်ပြရောင်းချခဲ့သော ကျောက်စိမ်းရိုင်းများကို အချောထည်လုပ်ငန်း ဖွံ့ဖြိုးလျက်ရှိသော စစ်ကိုင်း၊ မန္တလေးမြို့များသို့ ပြန်လည်သယ်ဆောင်ပြီး အချောထည်ထုတ်လုပ်၍ One Stop Service Center (မန္တလေး) မှတစ်ဆင့် ပြည်ပသို့ တင်ပို့ခြင်းများ ဆောင်ရွက်လျက်ရှိကြပါကြောင်းဖြင့် သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်က ပြန်လည်ဖြေကြားခဲ့သည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ကျောက်စိမ်း၊ ကျောက်မျက်အရိုင်းနှင့် အချောထည်ဈေးကွက်များသည် နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့များတွင် ဖွံ့ဖြိုးတိုးတက်လျက်ရှိခြင်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲများကို နေပြည်တော်တွင် ကျင်းပပြုလုပ်လျက်ရှိခြင်း၊ ကျောက်စိမ်းလုပ်ငန်းရှင်အများစုသည် နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးတို့တွင် ကုမ္ပဏီရုံးချုပ်နှင့် ရုံးခွဲများဖွင့်လှစ်ထားရှိခြင်း၊ အချောထည်စက်ရုံ၊ အလုပ်ရုံများကို နေပြည်တော်၊ ရန်ကုန်၊ မန္တလေးတို့တွင် ဆောက်လုပ်ရင်းနှီးမြှုပ်နှံထားခြင်းနှင့်လမ်းကြောင်းအခြေအနေအရ လုံးခင်း၊ ဖားကန့်၊ မိုးကောင်းမှတစ်ဆင့် မြစ်ကြီးနားမြို့သို့ သယ်ဆောင်ခြင်းဖြင့် အချိန်နှင့်ကုန်ကျစရိတ်ပိုမိုနိုင်သည့်အတွက် မိုးကောင်းမှတစ်ဆင့် မိုးညှင်း၊ ၎င်းမှ မန္တလေး၊ နေပြည်တော်သို့ သယ်ယူခြင်းဖြင့် အချိန်နှင့် စရိတ်ကုန်ကျမှုသက်သာစေသည့်အတွက် ရတနာကုန်သည်များအနေဖြင့် မြစ်ကြီးနားသို့ သယ်ယူခြင်း၊ မြစ်ကြီးနားတွင် သိုလှောင်ထိန်းသိမ်းခြင်း၊ မြစ်ကြီးနားမှ မီးရထားဖြင့် မန္တလေး၊ နေပြည်တော်သို့ သယ်ယူခြင်းမပြုလုပ်ကြကြောင်း၊ ထို့အတူ ဖားကန့်မှ မြစ်ကြီးနားသို့ မော်တော်ယာဉ်ဖြင့် သယ်ယူပြီး မြစ်ကြီးနားရှိ ဂိုဒေါင်များတွင် ထားသိုထိန်းသိမ်းခြင်း၊ ထို့နောက် မြစ်ကြီးနားမှ မော်တော်ယာဉ်များပေါ်တင်ဆောင်ပြီး မန္တလေး၊ နေပြည်တော်၊ ရန်ကုန်သို့ သယ်ယူရပါကလည်း ကုန်ကျစရိတ်ပိုမိုကုန်ကျမည့်အပြင် အချိန်ပိုကြာနိုင်သည့်အတွက် မြစ်ကြီးနားသို့ သယ်ယူခြင်း မပြုလုပ်ကြကြောင်း။

သတ္တုတွင်း ဝန်ကြီးဌာနသည် ကျောက်စိမ်းရိုင်း သယ်ယူခွင့်နှင့်ပတ်သက်၍ ကျောက်မျက်ရတနာဥပဒေပါအတိုင်း လိုအပ်သည့် အမိန့်ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိထားမြစ်ခဲ့သော်လည်း ကချင်ပြည်နယ်အတွင်းတွင် တရားမဝင် ကျောက်စိမ်းရိုင်းများ သယ်ဆောင်ခဲ့သည့်အတွက် ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း၌ပင် စုစုပေါင်း(၁၈)မှုဖမ်းဆီးရမိခဲ့ပြီး အလေးချိန်(၁၆၃)တန်ကျော် ရှိသည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း။

လက်ရှိအခြေအနေတွင် လုံးခင်း၊ ဖားကန့်ဒေသတွင် နယ်မြေလုံခြုံမှုအခြေအနေအရ ကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများကို ၂၀၁၂-၂၀၁၃ ခုနှစ် ဇွန်လမှစ၍ ယာယီရပ်နားထားပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဥပဒေပြုစာရင်း၌ စွမ်းအင်၊ လျှပ်စစ်၊ သတ္တုနှင့် သစ်တောကဏ္ဍနှင့်ပတ်သက်၍ တိုင်းဒေသကြီး (သို့မဟုတ်)ပြည်နယ်အတွင်း ကျောက်မျက်ရတနာဖြတ်တောက်ခြင်း၊ သွေးခြင်းကို ထည့်သွင်းဖော်ပြထားပါကြောင်း၊ ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ကချင်ပြည်နယ်အတွင်း ကျောက်မျက်ရတနာများ ဖြတ်တောက်ခြင်း၊ သွေးခြင်းနှင့်ပတ်သက်၍ ဥပဒေ၊ နည်းဥပဒေကြမ်း ရေးဆွဲလျက်ရှိသည်ကို သိရှိရပါကြောင်းဖြင့် ဆက်လက်ဖြေကြားခဲ့သည်။

မေးခွန်းရှင်က နိုင်ငံတော်အစိုးရအဖွဲ့နှင့်ကချင်ပြည်နယ် အစိုးရအဖွဲ့တို့က ဖွဲ့စည်းတည်ထောင်ပေးသော ဒေသခံ လုပ်ငန်းရှင်ပြည်သူများ၏ ကျောက်စိမ်း၊ ကျောက်မျက်လုပ်ငန်း ထွန်းကားလာစေရေးအတွက် ယခင်ကကဲ့သို့ မြစ်ကြီးနားမြို့သို့ သယ်ယူ၊ သယ်ဆောင်ခွင့်နှင့်သိုလှောင်စုဆောင်းခွင့်များကို မရရှိပါက နိုင်ငံတော်က ဒေသခံ တိုင်းရင်းသားပြည်သူများအတွက် ဖွဲ့စည်းတည်ထောင်ပေးသော ကျောက်မျက်ရတနာ လုပ်ငန်းရှင်အသင်းများအနေဖြင့် အောင်မြင်မှုမရရှိဘဲ ပြန်လည်မေးမှိန်သွားနိုင်ပြီး ဒေသခံပြည်သူများ၏ မျှော်လင့်ချက်များ ပျောက်ကွယ်သွားနိုင်သဖြင့် ယခုကဲ့သို့ မေးမြန်းရခြင်းဖြစ်ကြောင်းဖြင့် တင်ပြခဲ့သည်။

"ပြည်ထောင်စုဝန်ကြီးရဲ့ဖြေကြားချက်က ကောင်းပါတယ်၊ ပြည်နယ်အစိုးရရယ်၊ သတ္တုတွင်းဝန်ကြီးဌာနရယ်၊ ပြည်ထောင်စုလွှတ်တော်ရယ် အားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုအပေါ်မှာ ထိန်းကျောင်းလုပ်သွားမယ်ဆိုတာ ကာလ၊ဒေသနဲ့လည်း ကိုက်ညီတဲ့အတွက်ကြောင့် ပြီးပြည့်စုံတဲ့အဖြေလို့ သတ်မှတ်ရမှာပါ၊ ကျောက်မျက်လုပ်ငန်းရှင် တစ်ယောက်အနေနဲ့ ပြောရမယ်ဆိုရင်လည်း အချိန်နဲ့ တစ်ပြေးညီ ဘောင်ဝင်တယ်လို့ ယူဆမိပါတယ်" ဟု မံစီမဲဆန္ဒနယ်မှ **ဦးထွန်းသိန်း (ခ)ဦးထွန်းထွန်း**က ၎င်း၏အမြင်ကို ပြောပြခဲ့သည်။

ဥပဒေကြမ်းအတည်ပြုခြင်းကဏ္ဍ၌ ပြည်ထောင်စုတရား လွှတ်တော်ချုပ်က တင်သွင်းခဲ့သော **ပစ္စည်းလွဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် **၁၉၄၅ ခုနှစ် ရွှေ့ပြောင်းနိုင်သောပစ္စည်း အုပ်ထိန်းသူအက်ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်း**တို့နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာအရ ပြင်ဆင်ချက် တစ်စုံတစ်ရာမရှိသည့်အပြင် ပြင်ဆင်ဆွေးနွေးမည့် လွှတ်တော်ကိုယ်စားလှယ်များလည်း မရှိသည့်အတွက် ယင်းဥပဒေကြမ်းများကို လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုဆောင်ရွက်ခဲ့သည်။

ပစ္စည်းလွဲပြောင်းခြင်း အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကို ပြင်ဆင်ပြဋ္ဌာန်းရခြင်းမှာ မှတ်ပုံတင်စာချုပ်ပြုလုပ်လွှဲပြောင်းရမည့် မရွှေ့မပြောင်းနိုင်သောပစ္စည်း၏ တန်ဖိုးကို ယခုကာလအခြေအနေနှင့် လျော်ညီစေရန်အတွက် ပြင်ဆင်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။ ယခုပြင်ဆင်သည့် ဥပဒေတွင် ပုဒ်မ ၅၄ ၌ one hundred kyats အစား one hundred thousand kyats ဟု အစားထိုး ပြင်ဆင်ပြဋ္ဌာန်းထားကြောင်း တွေ့ရှိရသည်။

အဆိုပါပြင်ဆင်သည့် ဥပဒေနှင့် စပ်လျဉ်း၍ ပုသိမ်မဲဆန္ဒနယ်မှ **ဦးဝင်းမြင့်**က "ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းဟာ ခေတ်ကာလနဲ့လိုက်လျောညီထွေရှိတဲ့ စကားရပ်တွေ၊ ခေတ်ကာလအခြေအနေနဲ့ ကိုက်ညီတဲ့ တန်ဖိုးတွေကို ပြောင်းလဲပြင်ဆင်ထားတာကို လေ့လာတွေ့ရှိရပါတယ်"ဟု ပြောပြခဲ့သည်။

ပြောင်းရွှေ့ တာဝန်ပေးအပ်ခြင်းကဏ္ဍ၌ နွားထိုးကြီးမဲဆန္ဒနယ်မှ ဦးပေါ်ခင်အား အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီသို့ လည်းကောင်း၊ ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဒေါ်စန္ဒာမင်းအား ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှု ဖွံ့ဖြိုးတိုးတက်ရေးကော်မတီသို့လည်းကောင်း ပြောင်းရွှေ့တာဝန်ပေးအပ်ကြောင်း လွှတ်တော်က အတည်ပြုဆောင်ရွက်ခဲ့သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားခဲ့ပြီး အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ဇန်နဝါရီ ၃၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။

(သတင်းစဉ်)

အမျိုးသားလွှတ်တော်အစည်းအဝေး

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း တင်သွင်း

နေပြည်တော် ဇန်နဝါရီ ၂၉

ပထမအကြိမ်အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ဒသမနေ့ကို ယနေ့တွင် အစီအစဉ် (၁၀)ခုဖြင့် ကျင်းပပြီး မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်း၊ အဆို(၁)ခု ဆွေးနွေးခြင်းနှင့်အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးတွင် မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် တင်သွင်းထားသည့် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ရေကြီးမှုကာကွယ်တာတမံများ၊ ရေနုတ်မြောင်းများနှင့် ဆက်စပ်ရေအားအဆောက်အအုံများ ပြန်လည်ခေတ်မီပြင်ဆင်ခြင်း စီမံကိန်း **(Rehabilitation and Modernization Project of Flood Protection Embankments, Drainages and Ancillary Structures for Ayeyarwady Delta)**အား အဆင့်လိုက်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုနှင့်စပ်လျဉ်း၍ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဒေါက်တာငွေးဝင်းက ဧရာဝတီတိုင်းဒေသကြီးအတွင်း ကြံခင်း၊ မြန်အောင်၊ အင်္ဂပူ၊ လေးမျက်နှာ၊ ဟင်္သာတ၊ ဇလွန်စသည့်မြို့နယ်များတွင် နှစ်စဉ်မြစ်ရေကြီးမှုနှင့် ရင်ဆိုင်နေရကြောင်း၊ အထူးသဖြင့် အင်္ဂပူမြို့နယ် ညောင်ကျိုးဒေသ၊ အင်္ဂပူဒေသတို့နှင့် လေးမျက်နှာမြို့နယ် ထိန်ငူဝန်းကျင်ဒေသများ၊ ဟင်္သာတမြို့နယ် အရှေ့ခြမ်းနှင့် မြောက်ဘက်ခြမ်းဒေသများသည် နှစ်စဉ်ရေကြီးမှုအန္တရာယ်နှင့် တွေ့ကြုံနေကြရကြောင်း၊ အင်္ဂပူမြို့နယ်၏ အရှေ့ဘက်ညောင်ကျိုးဒေသရှိ ဧရာဝတီမြစ်အနောက်ခြမ်းတစ်လျှောက်တွင် မြန်အောင် ရေကာတာတည်ရှိပြီး နှစ်ပေါင်း(၁၂၀)ခန့် ရှည်ကြာလာခဲ့ခြင်းကြောင့် ရေကာတာကြီးအား ပြုပြင်ထိန်းသိမ်းရန်၊ ရေတံခါးများပြုပြင်ရန်နှင့် ရေနုတ်မြောင်းများအား ပြန်လည်တူးဖော်ရန် အရေးတကြီး လိုအပ်နေပြီ ဖြစ်ကြောင်း။

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု ပြန်လည်ထိရောက်စွာအထောက်အကူဖြစ်စေရန်အတွက် ဆည်မြောင်းဦးစီးဌာနအနေဖြင့် ဧရာဝတီမြစ်ရေကြီးမှု ထိန်းသိမ်းကာကွယ် တာတမံများ၊ နှစ်ရှည်ကြာပြီဖြစ်သည့် ရေကာတာများအား ပြင်ဆင်ထိန်းသိမ်းရေး လုပ်ငန်းများအား အရည်အသွေးမြင့်မားလာစေရန် မြှင့်တင်ဆောင်ရွက်မည့်အစီအမံများ၊ ဧရာဝတီမြစ်ဝကျွန်းပေါ်တစ်ခုလုံးရှိ ကျွန်းပတ်တာများ၊ ရေငန်တားတမံများ အပါအဝင် ရေနုတ်မြောင်း၊ ရေတံခါးများအား အရည်အသွေး မြင့်မားရေးမြှင့်တင်မည့်အစီအမံများ မြန်ဆန်ထိရောက်စွာဆောင်ရွက်နိုင်ရေး ပြင်ဆင်ထိန်းသိမ်းစရိတ်၊ ရန်ပုံငွေအသုံးစရိတ်များ တင်ပြတောင်းခံပြီး ဆောင်ရွက်နိုင်ပါရန် တင်ပြဆွေးနွေးခဲ့သည်။

အဆိုနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ရှင်းလင်းဆွေးနွေးရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် မြစ်ဝကျွန်းပေါ်ဒေသအား ရေသယံဇာတများ အပြည့်အဝအသုံးချရုံမျှမက ပတ်ဝန်းကျင်ထိခိုက်ခြင်းများကို ကာကွယ်ခြင်းနှင့် နာဂစ်ကဲ့သို့ မုန်တိုင်းဒဏ်များကိုပါ ကာကွယ်ခြင်းလုပ်ငန်းများကို ရေတိုရေရှည်စီမံကိန်း ချမှတ်ဆောင်ရွက်

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော် ရှင်းလင်းဆွေးနွေးစဉ်။ (သတင်းစဉ်)

နိုင်ရန်အတွက် သိမ်မွေ့နက်နဲသော မြစ်ဝကျွန်းပေါ်ဒေသ၏ မြစ်များ၊ ချောင်းများတွင် ရာသီအလိုက် နုန်းပါဝင်မှုများ၊ ရေကြောင်းအလိုက် နုန်းရွှေ့လျားမှုများ၊ ကမ်းပါးတိုက်စားခြင်း၊ ရေလမ်းတိမ်ကောခြင်းများ၊ ရာသီအလိုက် ဆားဓာတ်ပါဝင်မှုများ၊ ဆားငန်ရေဝင်ရောက်မှုများ၊ ရေချိုရေငန်နယ်ခြား ရွှေ့လျားခြင်းများ စသည်တို့ကို ခေတ်မီသော ဂြိုဟ်တုဓာတ်ပုံများစုဆောင်းခြင်း၊ သက်ဆိုင်ရာဇလဗေဒအချက်အလက်များစုဆောင်းခြင်းအားဖြင့် စူးစမ်းလေ့လာရန် လိုအပ်ပါကြောင်း၊ တစ်ဆက်တည်း ရေနေသတ္တဝါများ၏ နေထိုင်ရာဒေသ၊ ဒီရေတောနှင့် ဓနိတောများ၏ မူလဂေဟစနစ်ကို ကာကွယ်ထိန်းသိမ်းခြင်း၊ ဒေသခံပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ မထိခိုက်စေရန် ပတ်ဝန်းကျင်ဆိုင်ရာ ဆန်းစစ်ချက်နှင့် လူမှုရေးထိခိုက်မှု ဆန်းစစ်ခြင်း လုပ်ငန်းများ စသည်တို့ကို မြစ်ဝကျွန်းပေါ်ဒေသ အတွေ့အကြုံရှိသော ပြည်တွင်း ပြည်ပကျွမ်းကျင်ပညာရှင်များ၊ သက်ဆိုင်သည့်ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့တို့ ပူးပေါင်းပါဝင်၍ အမျိုးသားစီမံကိန်းအသွင်ဖြင့် လုပ်ငန်းအစီအစဉ်များ ရေးဆွဲဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

သို့ဖြစ်ပါ၍ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ရေကြီးမှုကိုကာကွယ်သော တာတမံများ၊ ရေနုတ်မြောင်းများနှင့် ဆက်စပ်ရေအား အဆောက်အအုံများ ပြန်လည်ခေတ်မီပြင်ဆင်ခြင်းစီမံကိန်း (Rehabilitation and Modernization Project of Flood Protection Embankments, Drainages and Ancillary Structures for Ayeyarwady Delta)အား အဆင့်လိုက်ဆောင်ရွက်သွားရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုကို ထောက်ခံပါကြောင်းဖြင့် ပြောကြားသည်။

ယင်းအဆိုကို လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်က **မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း** အား လွှတ်တော်သို့ တင်သွင်းရာ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၈)မှ ဒေါက်တာခင်မောင်လေးက ထောက်ခံဆွေးနွေးပြီး ယင်းဥပဒေကြမ်းကို လွှတ်တော်က ဆွေးနွေးစဉ်းစားရန် သဘောတူကြောင်း ဆုံးဖြတ်သည်။

အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားလိုက်ပြီး အစည်းအဝေး (၁၁) ရက်မြောက်နေ့ကို ဇန်နဝါရီ ၃၀ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်တွင်းသတင်း

❒ ရှေ့ဖုံးမှ

ကိုရှင်းပြပြီး ပျဉ်းမနားမြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်ရီရီမြင့်အား ကျန်းမာရေးအထောက်အကူပြု မဂ္ဂဇင်းများကိုလည်း ပေးအပ်လှူဒါန်းသည်။ တစ်ဖန် ကိုယ်ဝန်ဆောင်စနစ်တကျ စောင့်ရှောက်မှုခံယူရန် အရေးပါမှုအကြောင်း၊ သားဆက်ခြားခြင်းအကြောင်းများကို ပညာပေးဆွေးနွေးခဲ့သည်မှာ အမျိုးသမီးများအတွက် ကျန်းမာရေးဗဟုသုတတိုးပွားမှု ဖြစ်စေသည်။

အခမဲ့ကုသ

ကျေးရွာနေ ပြည်သူများကို သီတင်းတစ်ပတ် ကြိုတင်အကြောင်းကြားထားသဖြင့် မျက်စိဝေဒနာရှင်များ၊ သွားရောဂါဝေဒနာရှင်များ၊ အထွေထွေရောဂါဝေဒနာရှင်များ အများအပြားလာရောက်ကာ အခမဲ့ကုသမှု လာရောက်ခံယူကြသည်။ သက်ကြီးရွယ်အိုဝေဒနာရှင်များအား မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ဖေးမတွဲခေါ်ကာ ကျန်းမာရေးကုသနိုင်မှုကို ဝိုင်းဝန်းကူညီပေးကြသည့် မြင်ကွင်းက ကြည်နူးဖွယ်အတိ ဖြစ်သည်။

ညောင်ပင်သာရွာမှ ဆေးကုသမှုခံယူရန်စောင့်ဆိုင်းနေသည့် အသက် ၇၆နှစ်အရွယ် ဒေါ်တင်ဥက "မျက်စိကြည့်မကောင်းလို့ လာပြတာပါ။ အခုလိုကျေးရွာအရောက် အခမဲ့လာကုသပေးလို့ ကျေးဇူးတင်ပါတယ်" ဟု ဝမ်းသာစိတ်ဖြင့်ပြောကြားသည်။ တစ်ဖန် အသက် ၇၅ နှစ်အရွယ် ဒေါ်သောင်းကလည်း "သွားကိုက်နေလို့မခံနိုင်ဘူး။ ဒါကြောင့် အခုလိုဆေးခန်းလာပြတာပါ။အဘွားတို့အတွက်တော့ အဆင်ပြေတယ်၊ ဝမ်းသာတယ်" ဟု ပြောကြားသည်။

ပြည်သူတွေထံအရောက်သွား

ယခုဆေးကုသမှုတွင် လိုက်ပါလာသည့် ဒေါက်တာမျိုးမင်းဦးကလည်း"မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း (ဗဟို) အနေနဲ့ သက်ကြီးရွယ်အိုစောင့်ရှောက်မှု ကျန်းမာရေးဟောပြောပွဲနဲ့ ကျန်းမာရေးဆေးကုသပေးမှု အစီအစဉ်တွေကို နေပြည်တော်နယ်မြေအတွင်း ၂၀၁၃ခုနှစ်မှာ တစ်လတစ်ကြိမ် နေရာပြောင်းပြီး ပြုလုပ်သွားမှာပါ။ ပြည်သူတွေရဲ့ကျန်းမာရေးက ပြည်သူတွေထံ အရောက်သွားပြီး ကုသပေးမယ့်အစီအစဉ် ဖြစ်ပါတယ်" ဟုပြောကြားသည်။

ဆောင်ရွက်လျက်ရှိ

ပြည်သူများအတွက် ရွှေ့လျားကျန်းမာရေးစောင့်ရှောက်မှုဆေးခန်းနှင့် ကျန်းမာရေးပညာပေးအစီအစဉ်သည် အခြေခံပြည်သူများအတွက် ထိရောက်အကျိုးရှိသော ကျန်းမာရေးဝန်ဆောင်မှုတစ်ရပ်အဖြစ် ဆောင်ရွက်လျက်ရှိနေပြီ ဖြစ်ပါကြောင်း ဂုဏ်ပြုရေးသားလိုက်ပါသည်။

(မြန်မာ့အလင်း)

ဗြိတိန်၊ ဩစတြေးလျလွှတ်တော်များနှင့် မြန်မာနိုင်ငံလွှတ်တော်များအကြားပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဗြိတိန်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဌာနအကြီးအကဲ Mr. Mark Lowcock နှင့် ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအေဂျင်စီအကြီးအကဲ Mr. Peter Baxter တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ဇမ္ဗူသီရိ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**

အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီ ဥက္ကဋ္ဌများဖြစ်ကြသည့် ဦးလှမြင့်ဦးနှင့် ဦးတီခွန်မြတ်၊ အတွင်းရေးမှူးများဖြစ်ကြသည့် ဒေါက်တာစိုးရင်နှင့် ဦးမောင်တိုး၊ လွှတ်တော်ရုံးမှတာဝန်ရှိသူများ တက်ရောက်ကြပြီး ဧည့်သည်တော်အဖွဲ့နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ဗြိတိန်နိုင်ငံသံအမတ်ကြီး H.E. Mr. Andrew Richard Heyn နှင့် မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Ms. Bronte Nadine Moules တို့လည်း တက်ရောက်ကြသည်။

ရင်းနှီးပွင့်လင်းစွာဆွေးနွေး

ယင်းသို့ တွေ့ဆုံရာတွင် ဗြိတိန်နိုင်ငံလွှတ်တော်၊ ဩစတြေးလျနိုင်ငံလွှတ်တော်များနှင့် မြန်မာနိုင်ငံလွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ၊ ဆင်းရဲမှုလျှော့ချရေးနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

(သတင်းစဉ်)

မြန်မာ-ကျူးဘား နှစ်နိုင်ငံဆက်ဆံမှု မြှင့်တင်ရေးနှင့် နှစ်နိုင်ငံ အကျိုးတူကိစ္စရပ်များ ရင်းနှီးစွာဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၉

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်အား မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗစ်တာဒယ်နီရယ် ရာမီရက်(ဇ်)ပီနာသည် ယနေ့မွန်းတည့် ၁၂ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံပြီး မြန်မာ-ကျူးဘားနှစ်နိုင်ငံဆက်ဆံမှုမြှင့်တင်ရေးနှင့် နှစ်နိုင်ငံအကျိုးတူကိစ္စရပ်များကိုရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် မြန်မာနိုင်ငံဆိုင်ရာ ကျူးဘားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ဗစ်တာဒယ်နီရယ် ရာမီရက်(ဇ်)ပီနာအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင် မြန်မာ့လေကြောင်းလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇန်နဝါရီ ၂၉

ပို့ဆောင်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းအောင်သည် ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် မြန်မာ့လေကြောင်းရုံးချုပ်သို့ ရောက်ရှိပြီး ပြည်တွင်းအရောင်းဌာန၌ လေယာဉ်လက်မှတ်များ ရောင်းချနေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးအား မြန်မာ့လေကြောင်းရုံးချုပ် အစည်းအဝေးခန်းမ၌ မြန်မာ့လေကြောင်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးသန်းထွန်းက မြန်မာ့လေကြောင်း ဖွဲ့စည်းပုံနှင့် လေယာဉ်များစွမ်းအားပြည့်ပျံသန်းမှုနှင့် ဝန်ကြီးဌာန၏ လမ်းညွှန်မှုအရ Reform Plan များ စတင်ချမှတ်၍ ဈေးကွက်စီးပွားရေးစနစ်များအား ပြုပြင်ထားရှိမှု၊ လေယာဉ်များ စင်းလုံးငှားပျံသန်းမှု၊ မြေပြင်ဝန်ဆောင်မှု လုပ်ငန်းမှ ပြည်ပလေကြောင်းလိုင်းများ ဆင်းသက်လာမှုအား ၂၄ နာရီ ဝန်ဆောင်မှုပေးခြင်းမှ ဝင်ငွေရရှိမှု၊ လေယာဉ်လက်မှတ် ရောင်းချမှုများတွင်လည်း လွတ်လပ်စွာ ဝယ်ယူနိုင်မှုများကို တင်ပြသည်။

အကောင်အထည်ဖော်

တင် ပြ ချက် များ အပေါ် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတမှ Reform Plan များ တင်ပြရန် လမ်းညွှန်ချက်နှင့်အညီ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ စီးပွားရေးအဖွဲ့အစည်း (၄)ခုအား ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ဈေးကွက်စီးပွားရေးစနစ်နှင့်အညီ ဆောင်ရွက်နိုင်ရေးအတွက် မိမိဝင်ငွေပေါ် မိမိရပ်တည်ဆောင်ရွက်နိုင်ရေး တာဝန်နှင့်လုပ်ပိုင်ခွင့်အပ်နှင်းသည့် အမိန့်ကြော်ငြာစာအား ထုတ်ပြန်ခဲ့ပြီးဖြစ်ကြောင်း၊ မိမိလေကြောင်းလိုင်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးစဉ်အလိုက်၊ ခရီးဆစ်အလိုက် Load factor များ ရေးဆွဲထားရှိမှုအပြင် Market အား လေ့လာဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိလေကြောင်းလိုင်းလေယာဉ်များ နေ့စဉ်ပျံသန်းသည့်ခရီးစဉ်တွင် ပါရှိသည့် ခရီးသည်ဦးရေ၊ အရှုံး/အမြတ်အား Manual တွက်ချက်သည်မှ ချက်ချင်းသိနိုင်သည့် Flight Monitor System အထိ အမြန်ဆုံးအကောင်အထည်ဖော်ဆောင်ရွက်သွားရန်တို့ကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဇန်နဝါရီ ၂၉

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဇန်နဝါရီ ၂၈ ရက် နံနက်ပိုင်းတွင် အထူးစီမံကိန်းကြီးအဖွဲ့(၅)မှ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့ကို ဆက်သွယ်တည်ဆောက်နေသော လှိုင်မြစ်ကူး ဘုရင့်နောင်တံတား အမှတ်(၂) တည်ဆောက်ရေးလုပ်ငန်းခွင် ရန်ကုန်ဘက်ကမ်းလုပ်ငန်းခွင်သို့ရောက်ရှိပြီး ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်နှင့် တာဝန်ရှိသူများအား ဘိုးပိုင်လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီပြီးစီးရေး

ဘုရင့်နောင် ... ရေလယ်တိုင် RCD ...

တစ်ပြိုင်နက်တည်းဆောင်ရွက်ရန်၊ လုပ်ငန်းတိုးတက်မှုရှိစေရေး တာဝန်ရှိသူများက အမြဲမပြတ်ကြီးကြပ်ကွပ်ကဲရန်၊ ရေလယ်တိုင် ဘိုးပိုင်တူးရာတွင် အမှားအယွင်း မရှိစေရေး၊ စံချိန်စံညွှန်းပြည့်မီစေရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ် ကင်းရှင်းရေးတို့ကို အထူးအလေးထားဆောင်ရွက်ရန်၊ ရန်ကုန်ဘက် ခုံးကျော်တံတားနှင့် ဆုံသည့် တံတားအတက်/အဆင်း

ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ ဦးဆောင်သော ... တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ နေပြည်တော်လွှတ်တော် ...

နေပြည်တော် ဇန်နဝါရီ ၂၉

ပဲခူးတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ဦးဆောင်သော တိုင်း... လှယ် ၄၅ ဦးတို့သည် ယနေ့နံနက်၁၀နာရီတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော်နှင့်... ပုံမှန်အစည်းအဝေး ကျင်းပနေပုံများကို လာရောက်လေ့လာပြီး လွှတ်တော်အဆောက်... ခဲ့ကြကြောင်း သတင်းရရှိသည်။

◆ ကျောဖုံးမှ

အင်ဂျင်နီယာ ဦးဇော်ရဲမြင့်အား ထပ်မံတွေ့ဆုံမေးမြန်းဖြစ်ခဲ့ရာ "ဒီလမ်းပိုင်းမှာ ကျွန်တော်တာဝန်ယူရတဲ့ အပိုင်းကတော့ ပုသိမ်(ဘဲဂရက်)-အိမ်မဲ-ပန်းတနော်-စကြော့ လမ်းပိုင်းပဲဖြစ်ပါတယ်။ ပုသိမ်-အိမ်မဲ လမ်းပိုင်းကတော့ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ်ကပဲ ပြီးသွားပါပြီ။ အခုကျန်တာက အိမ်မဲ-စကြော့လမ်းပိုင်း ဖြစ်ပါတယ်။ ကျွန်တော်တာဝန်ယူရတဲ့ လမ်းပိုင်းကတော့ အရှည် ၅၄ ဒသ မ ၇၅မိုင် ဖြစ်ပါတယ်။ ဒီလမ်းပိုင်းမှာ တံတားအစင်း ၁၂၇ စင်းရှိပြီးတော့ ဘူတာတွေ အနေနဲ့ကတော့ ဆင်ဂေါင်းဘူတာ၊ ဒေါင့်ကြီးဘူတာ၊ အိမ်မဲ၊ ကျုံဒိုင်းကြီးဘူတာ၊မရမ်း၊ ပန်းတနော် (စကြော့)ဘူတာဆိုပြီးတော့ ဘူတာခြောက်ခုရှိပါတယ်။ ဒီလမ်းပိုင်းကိုတော့ ၂၀၁၃-၂၀၁၄ ပွင့်လင်းရာသီမှာ အပြီးလုပ်ဆောင်သွားမှာ ဖြစ်ပါတယ်"ဟု မြန်မာ့အလင်းသို့ ပြောပြခဲ့သည်။

အဆိုပါ လမ်းကြီးပြီးဆုံးသွားပါက ဧရာဝတီမြစ်ရဲ့ အနောက်ဘက်ခြမ်းရှိပြည်သူများ သွားလာရေး အဆင်ပြေလွယ်ကူသွားမှာဖြစ်ပြီး လူမှုရေး၊ စီးပွားရေးအချက်အချာကျသည့် ရန်ကုန်မြို့ကိုလည်းအလွယ်တကူ သွားလာနိုင်ပြီဖြစ်သည်။ ၄င်းလမ်းကြီးသည် ဧရာဝတီတိုင်းဒေသကြီးအတွင်းနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားလာမှု လွယ်ကူစေရန်နှင့် ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရန် ရည်ရွယ်ဖောက်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

"ဒီလမ်း ဖွင့်ပြီးရင်တော့ ကျွန်တော်တို့တစ်တွေ သွားလာမှု

မြန်မာ့ရုပ်မြင်သံကြား

၃၀-၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ယောဆရာတော် ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော်

၈း၀၀ ကိုယ်စိတ်ကျန်းမာလေ့ကျင့်ပါ
၈း၁၅ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် မခေါက်ကျေးရွာ ရဝေထွန်းပြောအဖွဲ့ဖျော်ဖြေခန်း
၈း၃၀ တေးဂီတအစီအစဉ်
၈း၄၀ International News

ညပိုင်း

၄း၀၀ စစ်ချီတေး၊ စစ်သည်တေး
၄း၁၅ ၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အထောက်အကူပြု ဘာသာရပ်ဆိုင်ရာသင်ခန်းစာ (ပထဝီဝင်ဘာသာရပ်)
၅း၂၀ Road to 27th SEA GAMES (ကျွမ်းဘား)
၆း၀၀ ညနေခင်းသတင်း
၆း၁၅ မိုးလေဝသအခြေအနေ
၈း၀၀ ပြည်တွင်းသတင်း
- နိုင်ငံတကာသတင်းများ
- မိုးလေဝသအခြေအနေ
- နိုင်ငံခြားဇာတ်လမ်းတွဲ

အချစ်ဆုံး

(အပိုင်း-၁၂၅)

၁၀း၀၀ ပြည်တွင်းသတင်း
- မြန်မာရုပ်ရှင်

မိန်းကလေးရှင်ရဲ့ဆန္ဒ

ညွန့်ဝင်း၊ ဝါဝါဝင်းရွှေ၊ ဆွေဇင်ထိုက်၊ မေဝင်းမောင် (ဒါရိုက်တာ-အောင်မြင့်မြတ်)

ဘုရင့်နောင်တံတား အမှတ်(၂)
တိုင် RCD လုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ဆောင်ရွက်ရန်၊
စေရေး တာဝန်
မပြတ်ကြီးကြပ်
တိုင် ဘိုးပိုင်တူး
င်း မရှိစေရေး၊
ရေး၊ လုပ်ငန်း
ာင်းရှင်းရေးတို့
ဆောင်ရွက်ရန်၊
ချော်တံတားနှင့်
ဘက်/အဆင်း

တွင် ယာဉ်ကြီး/ယာဉ်ငယ်များ သွားလာမှုအဆင်ပြေစေရန်နှင့် အခက်အခဲ မရှိစေရန် အထူးအလေးထား ဆောင်ရွက်ရန်တို့ကို မှာကြားသည်။

ထို့နောက် ရေလယ်တိုင်အမှတ် (RP3)တွင် R.C.D လုပ်ငန်းစတင်ဆောင်ရွက်နေမှု၊ ရန်ကုန်ဘက်ကမ်းရှိ တံတားတိုင်အမှတ် (Y5) နှင့် (Y8) တို့တွင် ဘိုးပိုင်တူးခြင်းလုပ်ငန်းတစ်ပြိုင်တည်းဆောင်ရွက်နေမှုနှင့် တံတားတိုင်အတွက် သံဆင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ လှိုင်သာယာဘက်ကမ်း၌ချဉ်းကပ်တံတားတိုင်အမှတ် (P4)နှင့် (P5) တို့တွင် ဘိုးပိုင်တူးခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ တံတားတိုင်အမှတ် (P2), (P8) နှင့်(P9)တို့တွင် ဘိုးပိုင်တူးခြင်းလုပ်ငန်းတစ်ပြိုင်နက်တည်း ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့သည်။ **(အောက်ပုံ)**

ဘုရင့်နောင်တံတားအမှတ် (၂) သည် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်နှင့် လှိုင်သာယာမြို့နယ်တို့ကို ဆက်သွယ်ထားသော ဘုရင့်နောင်တံတား အမှတ်(၁) အနီးယှဉ်လျက် မြစ်ညာဘက် ပေ ၂၀၀ အကွာတွင်တည်ရှိပြီး စုစုပေါင်း တံတားအရှည် ၄၀၉၇ ဒသမ ၉၇ ပေ၊ ပင်မတံတားအပေါ်ထည်သံမဏိသံပေါင်နှင့် အောက်ထည် Bored Pile & R.C.D တို့ဖြစ်သည်။ ချဉ်းကပ်တံတားအပေါ်ထည် P.C Girder + R.C concrete နှင့် အောက်ထည် Bored Pile တို့ဖြင့် တည်ဆောက်မည်ဖြစ်ပြီး ယာဉ်သွားလမ်းအကျယ် ၄၈ ပေ၊ လူသွားလမ်းအကျယ်တစ်ဖက်လျှင်ခြောက်ပေစီပါရှိ၍ တံတားအောက်ရေလမ်းကင်းလွတ်အမြင့် ၃၆ ပေနှင့် အကျယ် ပေ ၃၇၀ ဖြစ်ကာယာဉ်တစ်စီးချင်း ခွင့်ပြုအလေးချိန်မှာ ၇၅ တန်ဖြစ်သည်။

ယခုအခါ ဘုရင့်နောင်တံတားအမှတ်(၂)မှာ ဘုရင့်နောင်ဘက်ကမ်းတွင် ဘိုးပိုင် အလုံး၁၀၀ရှိသည့်အနက် ၅၁ လုံးနှင့် လှိုင်သာယာဘက်ကမ်းတွင် ဘိုးပိုင်အလုံး ၂၀၀ ရှိသည့်အနက် ၃၉ လုံး ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီးရေလယ်တိုင် R.C.D လုပ်ငန်းများ စတင်ဆောင်ရွက်လျက် ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

...ဥ္ဆတို့ ဦးဆောင်သော
...ပြည်တော်လွှတ်တော်သို့ လာရောက်လေ့လာ

...နဝါရီ ၂၉

...တို့ဦးဆောင်သော တိုင်းဒေသကြီးလွှတ်တော် ကိုယ်စား...ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ဆဋ္ဌမ...း လွှတ်တော်အဆောက်အအုံများကို လှည့်လည်ကြည့်ရှု

(သတင်းစဉ်)

...ပွင့်လင်းရာသီ
...သွားမှာ ဖြစ်ပါ
...လင်းသို့ ပြောပြ

...ဒိုးပြီးဆုံးသွားပါ
...အနောက်ဘက်
...သွားလာရေး
...သွားမှာဖြစ်ပြီး
...းအချက်အချာ
...ပြီလည်းအလွယ်
...ဖြစ်သည်။ ၄င်း
...တီတိုင်းဒေသ
...ကုန်တိုင်းဒေသ
...လာမှု လွယ်ကူ
...းဆင်းမှုမြန်ဆန်
...ချယ်ဖောက်လုပ်
...ရသည်။
...ွင့်ပြီးရင်တော့
...တွ သွားလာမှု

ပိုမိုအဆင်ပြေပြီပေါ့။ ခုဆို ကားနဲ့ပဲသွားနေရတာ။ ရန်ကုန်ကို သီးနှံတွေသွားရောင်းရင်လည်း ကားနဲ့ပဲဆိုတော့ ပိုက်ဆံပိုကုန်ပါတယ်။ လမ်းကြီးပြီးလို့ ရထားစတင်ပြီးတော့ ပြေးဆွဲပြီဆိုရင်တော့ ကျွန်တော်တို့ပြည်သူတွေကားနဲ့သွားရတဲ့ အခက်အခဲမျိုးစုံကို ကျော်ဖြတ်နိုင်ပြီမို့ အားလုံးပြုံးပျော်ကြမှာအမှန်ပါပဲ”ဟု ညောင်တုန်းမြို့နယ် ကွင်းကလေးရွာမှ ဦးမြင့်စိုးက သူ၏ရင်တွင်းခံစားမှုကို ပြောပြခဲ့သည်။

(မြန်မာ့အလင်း)

တာပေမြင့်မှ လူမျိုးတင့်မည်

အရှေ့ပိုင်းနှင့်တောင်ပိုင်းဒေသများ နေရာကွက်ကျားမိုးရွာနိုင်

နေပြည်တော် ဇန်နဝါရီ ၂၉

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ် ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့်သာယာခဲ့သည်။ ညအပူချိန်များမှာ ရခိုင်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး မွန်ပြည်နယ်တွင် ဇန်နဝါရီလ၏ ပျမ်းမျှအပူချိန်ထက် ၃ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဇန်နဝါရီလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၁ ဒီဂရီစင်တီဂရိတ်၊ လွိုင်လင်မြို့တွင် ၁ ဒီဂရီစင်တီဂရိတ်နှင့် ပူတာအိုမြို့၊ နမ့်စန်မြို့နှင့် ဟဲဟိုးမြို့တို့တွင် ၄ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ အရှေ့ဘက်မှလေပြင်းများတိုက်ခတ်နိုင်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။လေပြင်းတိုက်ခတ်စဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအရှေ့ပိုင်းနှင့် တောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာဖွယ်ရာရှိသည်။

ပြည်တွင်းသတင်း

အနာဂတ်မြန်မာနိုင်ငံအတွက် အားထားရမည့် လူသားရင်းမြစ် နှစ်သန်းကျော် (သို့မဟုတ်) ထိုင်းနိုင်ငံတွင်းမှ မြန်မာရွှေ့ပြောင်းလုပ်သားများ

ထက်အောင်

မြန်မာရွှေ့ပြောင်းလုပ်သား အများဆုံးရှိသော ထိုင်းနိုင်ငံတွင်း အထောက်အထားမဲ့ လုပ်သားများကို အထောက်အထားရှိ မြန်မာလုပ်သားများဖြစ်စေရန် ၂၀၀၃ ခုနှစ်ကတည်းက နှစ်နိုင်ငံအစိုးရများ စတင်ဆောင်ရွက်ခဲ့သော်လည်း ၂၀၀၉ ခုနှစ်တွင်မှ သက်ဝင်လှုပ်ရှားနိုင်ခဲ့ပါသည်။ ၂၀၀၉ ခုနှစ်မှ ၂၀၁၂ ခုနှစ်ဆန်းပိုင်းထိ ခုနစ်သိန်းခန့် ယာယီနိုင်ငံကူးလက်မှတ် ပြုလုပ်ပေးနိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ် မတ်လတွင် စခန်းငါးခုဖြင့် အားဖြည့်ဆောင်ရွက်သည့်အခါ ခြောက်သိန်းခန့် တိုးပွားလာပြီး စုစုပေါင်း ၁ ဒသမ ၃သန်း

ခန့်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါသည်။ MoU လုပ်သားအနေဖြင့် သွားရောက်အလုပ်လုပ်နေသူများ လေးသောင်းကျော်ရှိပြီ ဖြစ်ပါသည်။

ယခုကျန်ရှိနေသောအထောက်အထားမဲ့ လုပ်သားငါးသိန်းခုနစ်သောင်းကျော် (ထိုင်းအလုပ်သမားဝန်ကြီးဌာနစာရင်းအရ)ကို စခန်း ၁၀ ခုအထိ တိုးချဲ့ဖွင့်လှစ်၍ သုံးလအတွင်း ဆောင်ရွက်ရမည် ဖြစ်ပါသည်။ အထောက်အထားရှိသွားခြင်းအားဖြင့် အလုပ်သမားအခွင့်အရေးများကို ရရှိကြမည်ဖြစ်သလို ထိခိုက်နစ်နာမှုများအတွက်လည်း ရသင့်ရထိုက်သည့် အခွင့်အရေးများ ရရှိမည်ဖြစ်ပါသည်။ ထို့အတူ မှန်ကန်သော စာရင်းဇယားများကို ရရှိမည်ဖြစ်ပြီး လူ့စွမ်းအား အရင်းအမြစ်များကို မှန်ကန်စွာ နေရာချနိုင်မည် ဖြစ်ပါသည်။ ဖွံ့ဖြိုးလာမည့် အခြေအနေ၊ ရင်းနှီးမြှုပ်နှံမှုများ များပြားလာမည့် မြန်မာနိုင်ငံ အနာဂတ်အတွက် အကောင်းဆုံးသော လူ့စွမ်းအား အရင်းအမြစ်များဖြစ်သဖြင့် ပြန်လည်စီးဝင်လာသည့်အခါ အားဖြစ်လာမည့် ထိုင်းနိုင်ငံအတွင်းရှိ လုပ်သားရေးရာအခြေအနေအရပ်ရပ်ကို စုစည်းတင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

(၁၂-၁-၂၀၁၃) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုနှင့်အဖွဲ့၊ ထိုင်းနိုင်ငံ ရွှေ့ပြောင်းအလုပ်သမားများ အခြေအနေကို သွားရောက်လေ့လာနိုင်ရန် Today Top Star ကုမ္ပဏီ၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် မဟာချိုင်ရှိ Unicord စက်ရုံသို့ရောက်ရှိပြီး မွန်၊ ထားဝယ်၊ တနင်္သာရီဒေသခံများအပါအဝင် မြန်မာ MoU လုပ်သားများကို သွားရောက်တွေ့ဆုံအားပေးစကား ပြောကြားခဲ့သည်။ **(အပေါ်ပုံ)**

တိုင်းဒေသကြီးဝန်ကြီးချုပ်က *“အခုလာတာက စီးပွားရေး အခက်အခဲကြောင့် နိုင်ငံခြားရောက် မြန်မာလုပ်သားတွေကို မြန်မာနိုင်ငံ တာဝန်ရှိသူတွေက ပစ်မထားဘူး။ အခက်အခဲ အခြေအနေတွေကိုလေ့လာပြီး၊ ဘယ်လိုဖြေရှင်းပေးရမယ်ဆိုတာ အမြဲစဉ်းစား လုပ်ဆောင်နေပါတယ်. .”*

“ထားဝယ်၊ မေတ္တာဘက်ကနေ နယ်ခြားလမ်းဖောက်ပြီးသွားရင် စနေအလုပ်ပိတ်ရက်ကြုံလို့ မြန်မာပြည်ပြန်လာချင်သူ၊ မြန်မာပြည်က မိဘတွေ ထိုင်းက သား၊ သမီးတွေတွေ့ဖို့ ထိုင်းသွားချင်တာတွေ အဆင်ပြေဖို့ လုပ်ဆောင်နေတယ်။ သမ္မတကြီးကလည်း သဘောတူထားတယ်”

“ထိုင်းစက်ရုံတွေရောက်တဲ့အခါ အလုပ်သင်၊ ပညာသင်ရင်း နိုင်ငံခြားငွေရှာသူတွေလို့ သဘောထားကြပါ။ တစ်ချိန် မိမိတို့နိုင်ငံမှာ ထူထောင်လာမည့် စက်မှုဇုန်တွေမှာ ကျွမ်းကျင်သူတွေ၊ ဆရာတွေအဖြစ်နဲ့ လုပ်ဆောင်စေချင်ပါတယ်. .”

“သားတို့၊ သမီးတို့ကြိုက်တဲ့ အလုပ်မျိုး၊ ဥပမာ - ဖူးခက်ကမ်းခြေမှာ လုပ်ရတဲ့ အလုပ်မျိုး၊ မောင်းမကန်မှာလုပ်ပေးမယ်။ ဘယ်ကိုပဲရောက် ရောက် မိမိနိုင်ငံရင်း အမိမြေရှိတယ်ဆိုတာကိုမမေ့ပါနဲ့။ အခုဆို ကိုယ့်ရေ၊ ကိုယ့်မြေကို သတိရကြမှာပဲ။ လက်ရှိရောက်နေတဲ့နိုင်ငံမှာ လုပ်ငန်းခွင်စည်းကမ်းတွေ လိုက်နာပြီး အမျိုးဂုဏ်ဆောင်သူတွေဖြစ်အောင် ကြိုးစားကြပါ. . ” ဟု အားပေးစကား ပြောကြားခဲ့သည်။

မြန်မာအလုပ်သမားတစ်ဦးက “ဒီကိုလာရင် ထိုင်းစကားသင်လာရင်ကောင်းတယ်။ မေးထူး၊ ခေါ်ပြောနဲ့ လုပ်ငန်းသုံးဝေါဟာရတွေသိရင် Supervisor တွေနဲ့ ပြောရတာ အဆင်ပြေတယ်။ ကျွန်တော်တို့ စက်ရုံမှာ ဘောလုံးအသင်း ခုနစ်သင်း ဝတ်စုံချုပ်ပြီးဖွဲ့ထားတယ်။ စနေ၊ တနင်္ဂနွေမှာ ကန်ကြတယ်။ ဆုပေးတယ်။ ကျွန်တော်က အိမ်ကို တစ်ခါပို့ရင် နှစ်သိန်းခွဲ ပို့တယ်။ ကျန်တာ ရွှေဝယ်ထားတယ်” ဟု ပြောပြသည်။

အထောက်အထားမဲ့ ဖြစ်သွားရခြင်း သုံးမျိုးရှိသည်။ ထိုင်းအလုပ်သမားရုံးများသို့ မှတ်ပုံတင်ထားပြီး နေထိုင်ခွင့် မလုပ်ရသေးသူများ၊ နေထိုင်ခွင့် ပြုလုပ်ထားသော်လည်း နိုင်ငံသားစိစစ်ရေး မပြုလုပ်ရသေးသူများ၊ ယာယီနိုင်ငံကူးလက်မှတ် ကိုင်ဆောင်ထားသော်လည်း Work-permit သက်တမ်း မတိုးထားသူများ၊ စုစုပေါင်းမြန်မာလုပ်သား ၅၇၀၀၀၀ လောက် ရှိသည်ဟု သိရသည်။

“သက်တမ်းတိုးပေးတဲ့ သုံးလအတွင်းမပြီးမှာစိုးရိမ်တယ်၊ စခန်း ၁၀ခုထိ တိုးချဲ့နိုင်ဖို့ ညှိနှိုင်းလိုတယ်။ မြန်မြန်နဲ့ များများပြီးအောင် ဆောင်ရွက်လိုတယ်”ဟု မြန်မာဘက်မှ တာဝန်ရှိသူတစ်ဦးကလည်း ပြောပြသည်။

ထိုင်းနိုင်ငံ၊ ဆန်ခလာခရိုင်၏ ရေလုပ်ငန်းစက်ရုံများဥက္ကဋ္ဌက “လုပ်ငန်းလည်ပတ်ဖို့ ဖိအားတွေ များလာတယ်။ လုပ်သားတွေကိုပေးရမယ့် လစာတွေက မြင့်လာတယ်။ ကုန်ကြမ်းရမှု ခက်လာတယ်။ အရောင်းဈေးကွက်မှာ အိန္ဒိယနဲ့ အင်ဒိုနီးရှားက ဈေးကွက်ဝင်ယူလာတယ်။ ရေရှည်မှာ စိုးရိမ်စရာဖြစ်လာမယ်။

ဒီစာကြည့်တိုက်က စမူစခွန်၊ (ဝေလ)ရပ်ကွက်မှာရှိတယ်။ ဘယ်သူမဆို လာငှားလို့ရတယ်။ ဗဟုသုတရစရာ၊ အပန်းဖြေအပျော်ဖတ်၊ ဘာသာရေးစာအုပ်တော်တော်များများ ရှိပါတယ်။ ပထမထပ်မှာ အင်္ဂလိပ်စာသင်တန်းရှိတယ်။ အင်္ဂလိပ်လူမျိုးတစ်ဦးက အင်္ဂလိပ်စာအပြောကို အခမဲ့ထား သင်ပေးနေတယ်။ တနင်္ဂနွေနေ့မှာ မြန်မာလုပ်သားတွေ အခမဲ့လာသင်ကြတယ်။ ဒုတိယထပ်မှာ ကွန်ပျူတာ သင်တန်းရှိတယ်။ ကွန်ပျူတာသင်တန်းကိုတော့ ဆရာ ကိုမြင့်အောင်က သင်ပေးတယ်။ အချင်းချင်း ဖလှယ်ကြတယ်။ ဒီ Lap Top တွေက သူတို့ဘာသာသူတို့ ဝယ်ထားကြတာ။ တတိယထပ်မှာ ထိုင်းဘာသာစကားသင်တန်းရှိတယ်”ဟု ပြောပြသည်။

အလုပ်သမားတစ်ဦးက “လုပ်သားတွေစုပြီး ကထိန်အလှူ လုပ်ကြတယ်။ မုန့်ဟင်းခါးစုချက်တယ်။ ဘုန်းတော်ကြီးတွေကို အဆောင်ကမိန်းကလေးတွေစုပြီး ဆွမ်းကပ်ကြတယ်။ သမီးတို့က ဆရာမကြီး ဒေါက်တာဝါဝါ စက်ရုံဝတ်စုံကြီးနဲ့ပေမယ့် မှတ်မိတယ်။ မြန်မာပြည်တုန်းက သင်တန်းခန်းထဲက ဆရာမကြီးရဲ့အသံကို ဘယ်တော့မှ မမေ့ဘူး. . .။ ကျွန်မကတော့ မန္တလေးက အမေဆီကို ခုနစ်သိန်းပို့ပြီးပြီ။ အစစ အဆင်ပြေပါတယ်။ အိမ်ကိုတော့ လွမ်းတာပေါ့” ဟု ပြောပြခဲ့သည်။

ဆေးပညာရှင်များ ဆွေးနွေးပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၂၉

မြန်မာနိုင်ငံဆရာဝန်အသင်း အထွေထွေရောဂါကုဆရာဝန်များ အဖွဲ့မှကြီးမှူး၍ မြန်မာနိုင်ငံသို့ ရောက်ရှိနေသော အမေရိကန်ဆေးပညာရှင်များနှင့် အထွေထွေရောဂါကုဆရာဝန်များ Terminally ill patient, Family Practice is USA အကြောင်းအရာများနှင့်စပ်လျဉ်း၍ တွေ့ဆုံဆွေးနွေးပွဲကို ဇန်နဝါရီ ၃၁ ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် မြန်မာနိုင်ငံဆရာဝန်အသင်း၌ ကျင်းပမည်ဖြစ်ပါ၍ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(ဆွေဆွေနိုင်-သတင်းစဉ်)

သတင်းဆောင်းပါး

ရန်ကုန် – နေပြည်တော် – မန္တလေး အမြန်လမ်းမကြီးနှင့် ယာဉ်အန္တရာယ်ကင်းရှင်းရေး

မောင်ကာဠု(ကျောက်ပန်းတောင်း)

ယခုတလောတွင် ရန်ကုန်-နေပြည်တော်-မန္တလေး အမြန်လမ်းမကြီးမှ ရန်ကုန်-နေပြည်တော်အပိုင်းတွင် မော်တော်ယာဉ် မတော်တဆဖြစ်ပွားမှုနှုန်း မြင့်တက်လျက်ရှိနေပြီး ထိခိုက်ဒဏ်ရာရရှိမှုများရှိကာ သေဆုံးမှုများအထိ ပါရှိနေကြောင်း ကြားသိနေရပါသည်။

မတော်တဆဖြစ်ပွားရခြင်းအကြောင်း

မော်တော်ယာဉ် မတော်တဆဖြစ်ပွားမှုများကို လေ့လာထားရှိမှုများအရ အကြောင်းအမျိုးမျိုးရှိနိုင်သော်လည်း အဓိက အကြောင်းရင်းကြီးများမှာ အောက်ပါအတိုင်း (၄)မျိုးသာရှိကြောင်း တွေ့ရှိနိုင်ပေမည်။

(၁) လမ်း၏အားနည်းချက်
(၂) ယာဉ်မောင်း၏အားနည်းချက်
(၃) မော်တော်ယာဉ်၏အားနည်းချက်
(၄) ပတ်ဝန်းကျင်အခြေအနေ၏အားနည်းချက်ဟူ၍ ဖြစ်ပါသည်။

အမြန်လမ်းဆိုသည်မှာ

အမြန်လမ်းဆိုသည်မှာ မော်တော်ယာဉ်များ မိမိလိုရာခရီးသို့ အနှောင့်အယှက်ကင်းကင်း ဘေးကင်းလုံခြုံစွာ မောင်းနှင်နိုင်ရန် အဓိကမြို့ကြီးများကို ဆက်သွယ်ဖောက်လုပ်ထားသည့် လမ်းဟုသာ ဆိုရမည်ဖြစ်ပါသည်။

အမြန်လမ်း၏အင်္ဂါရပ်များ

(က) ဦးတည်ရာ တစ်ဖက်တည်းအတွက် ယာဉ်သွားလမ်း(၂)လမ်းနှင့် အထက်ရှိရပါမည်။ ဖြစ်နိုင်ပါက အရန်လမ်းတစ်လမ်းပါတည်ဆောက်ထားသင့်ပါသည်။
(ခ) အသွားလမ်း၊ အပြန်လမ်း (၂)ခုအား လမ်းလယ်ကျွန်း(သို့မဟုတ်) အပိုင်းအခြား (Concrete Barriers, Divider)များဖြင့် ခွဲခြားထားရပါမည်။
(ဂ) မော်တော်ဆိုင်ကယ်များ၊ စက်ဘီးများ၊ အနှေးယာဉ်များ မောင်းနှင်ခြင်းကို ခွင့်မပြုရပါ။
(ဃ) တိရစ္ဆာန်များ၊ လမ်းလျှောက်သူများနှင့် အခြားတားဆီးထားသည့် အရာများမဝင်နိုင်အောင် ကာရံတားဆီးထားရပါမည်။
(င) လမ်း၏အတက်အဆင်း လျှောစောက်များပြေပြစ်ပြီး ရေပြင်ညီအကွေ့များလည်း အနည်းဆုံးဖြစ်စေရန် Design ရေးဆွဲလျက် သတ်မှတ်စံနှုန်းများအတိုင်း တည်ဆောက်ထားရပါမည်။
(စ) ယာဉ်မောင်းသူများအတွက် လမ်းညွှန်ဆိုင်းဘုတ်များ၊ သတိပေးဆိုင်းဘုတ်များ၊ ရောင်ပြန်များ၊ အချက်ပြမီးတိုင်များ ပြည့်စုံစွာ တပ်ဆင်ရပါမည်။
(ဆ) အရှိန်ဖြင့်မောင်းနှင်သောယာဉ်များ အန္တရာယ်ကင်းစေရန် လမ်းဘေးဝဲ/ယာတွင် အန္တရာယ်ကာကွယ်တန်း (Guard Rail)များ တပ်ဆင်ထားရပါမည်။
(ဇ) အရှိန်ထိန်း၍ ဖြည်းဖြည်းမောင်းရန်၊ မိမိယာဉ်ကြောမှ ဘေးထွက်မသွားရန်နှင့် အိပ်ငိုက်သူများကို သတိပေးရန်အတွက် လိုသည့်နေရာများ၌ အသံမြည်၍ ယာဉ်ကိုလှုပ်ခါစေသော **(Rumble Strips)** များ တည်ဆောက်ပေးထားရပါမည်။
(ဈ) ဦးတည်ရာတစ်ဖက်တည်းတွင် ယာဉ်သွားလမ်း(၂)လမ်းထက်ပိုပါက ယာဉ်ကြောအလိုက် အရှိန်သတ်မှတ်နှုန်း **(Speed Limit)** များ စိုက်ထူပေးထားရပါမည်။
(ည) အမြန်လမ်းမကြီး တစ်လျှောက် ခရီးသွားများနားနေရန်နှင့် ယာဉ်များ စစ်ဆေးပြင်ဆင်ရန် ဝန်ဆောင်မှုများပေးနိုင်သည့် **(Rest Camp)** များ၊ **(Service Area)** များ တည်ဆောက်ပေးထားရပါမည်။

သတိပေးမျဉ်းဖြောင့်အစင်းများ (Rumble Strips)

လမ်းမျက်နှာပြင်ပေါ်တွင် မြောင်းဖော်ထားခြင်းဖြင့်လည်းကောင်း (သို့မဟုတ်) ဖောင်းကြွမြင့်တက်စေရန် ကွန်ကရစ်၊ ကတ္တရာများဖြင့် ပုံဖော်ထားခြင်းဖြင့်လည်းကောင်း ပြုလုပ်ထားသော သတိပေးမျဉ်းဖြောင့် အစင်းများရှိပြီး ယင်းကို တည်ဆောက်ထားရခြင်း၏ရည်ရွယ်ချက်မှာ ယာဉ်များကို အရှိန်လျှော့ချစေရန်၊ ရပ်တန့်စေရန်၊ မိမိယာဉ်ကြောမှ အပြင်သို့ထွက်မသွားစေရန်၊ သတိလွတ်အိပ်ငိုက်နေသော ယာဉ်မောင်းများအား သတိပေးရန် လိုအပ်သည့် နေရာများ၌ အသံမြည်၍ ယာဉ်ကိုလှုပ်ခါစေခြင်းဖြင့် သတိပေးရန်တို့ဖြစ်ပါသည်။

Rumble Strip ပုံစံအမျိုးမျိုး

(က) **Longitudinal Rumble Strips** (လမ်းနှင့်အပြိုင် တည်ဆောက်ထားသော သတိပေးမျဉ်းဖြောင့်အစင်းများ)

(က-၁) **Centerline Rumble Strips**

အလယ်တွင်ပိုင်းခြားထားခြင်းမရှိသော လမ်းများတွင် မျက်နှာချင်းဆိုင်ကားများနှင့် မတိုက်မိစေရန် လမ်း၏ အလယ်တည့်တည့်တွင် လမ်းနှင့်အပြိုင် တည်ဆောက်ထားသည့် သတိပေးမျဉ်းဖြောင့် အစင်းဖြစ်ပါသည်။ Centerline Rumble Strip တည်ဆောက်ခြင်းဖြင့် ယာဉ်မတော်တဆမှုဖြစ်ခြင်းများကို ၁၄%အထိ လျှော့ချနိုင်ကြောင်း သိရှိရပါသည်။

(က-၂) **Edgeline Rumble Strips**

အရှိန်ဖြင့် မောင်းနေသော ယာဉ်များအား သတိလွတ်၍သော် လည်းကောင်း၊ အိပ်ငိုက်၍သော်လည်းကောင်း၊ မိမိယာဉ်ကြောမှ ဘေးသို့ ထွက်မသွားစေရန် ယာဉ်မောင်းအား သတိပေးလို၍ ယာဉ်သွားလမ်း၏ အစွန်း(လမ်းပခုံးအနီး)တွင် လမ်းနှင့်အပြိုင်တည်ဆောက်ထားသော သတိပေးမျဉ်းဖြောင့် အစင်းဖြစ်ပါသည်။ Edgeline Rumble Strip တည်ဆောက်ထားရှိခြင်းဖြင့် ယာဉ်မတော်တဆမှုများကို ၂၈ ဒသမ ၈ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ကြောင်း သိရှိရပါသည်။

(ခ) **Transverse Rumble Strips** (လမ်းအား ကန့်လန့်ဖြတ်၍ တည်ဆောက်ထားသော သတိပေးမျဉ်းဖြောင့်အစင်း)

အရှိန်ဖြင့်မောင်းနေသော ယာဉ်များအား ရပ်တန့်စေရန်အတွက် လည်းကောင်း၊ အရှိန်လျှော့ချစေရန်အတွက် လည်းကောင်း၊ သတိလွတ်အိပ်ငိုက်သူ ယာဉ်မောင်းများအား သတိပေးနိုင်ရန်အတွက် လည်းကောင်း လိုအပ်သည့် နေရာများတွင် လမ်းအား ကန့်လန့်ဖြတ်၍ တည်ဆောက်ထားသည့် သတိပေး မျဉ်းဖြောင့်အစင်းများဖြစ်ပါသည်။ စစ်ဆေးတိုင်းတာမှု မှတ်တမ်းများအရ Transverse Rumble Strip တည်ဆောက်ထားရှိခြင်းဖြင့် ယာဉ်မတော်တဆမှုများကို ၄၀ ရာခိုင်နှုန်းအထက် လျှော့ချနိုင်ကြောင်း သိရှိရပါသည်။

အန္တရာယ်ရှိသော လမ်းကွေ့များတွင် အန္တရာယ်ကာကွယ်တန်း (Guard Rail) တပ်ဆင်နေပုံ။

မတော်တဆဖြစ်စဉ် မှတ်တမ်းများကို ဆန်းစစ်ကြည့်ခြင်း

ရန်ကုန်-မန္တလေးအမြန်လမ်း

ရန်ကုန်-မန္တလေးအမြန်လမ်းကြီးပေါ်တွင် ဖြစ်ပွားခဲ့သော မော်တော်ယာဉ် မတော်တဆမှုများနှင့်ပတ်သက်၍ အောက်ပါအတိုင်း လေ့လာတွေ့ရှိရမည်ဖြစ်ပါသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး
၃/၂၀၀၉- ၃/၂၀၁၀ အထိ၊ ၄/၂၀၁၀-၃/၂၀၁၁အထိ၊ ၄/၂၀၁၁-၃/၂၀၁၂အထိ၊ ၄/၂၀၁၂-၃၁-၁၂-၂၀၁၂ အတွင်း ယာဉ်မတော်တဆဖြစ်စဉ်များ

စဉ်	အကြောင်းအရာ	စီးရေ	အသွားလမ်း			အပြန်လမ်း			စုစုပေါင်း			မှတ်ချက်			
			အမှု	သေဆုံး	ဒဏ်ရာရ	အမှု	သေဆုံး	ဒဏ်ရာရ	အမှု	သေဆုံး	ဒဏ်ရာရ	ယာဉ်မောင်းပေါ့ဆမှု	ယာဉ်ချွတ်ယွင်းမှု	ခရီးသည်ပေါ့ဆမှု	အခြား
၁	၃/၂၀၀၉-၃/၂၀၁၀	၄၇၅၅၁၂	၅၃	၂၉	၁၀၅	၅၀	၁၈	၆၅	၁၀၃	၄၇	၁၇၀	၈၅	၁၆	၁	၁
၂	၄/၂၀၁၀-၃/၂၀၁၁	၉၀၂၆၇၁	၄၁	၂၃	၅၃	၃၂	၁၅	၉၂	၇၃	၃၈	၁၄၅	၅၁	၂၁	-	၁
၃	၄/၂၀၁၁-၃/၂၀၁၂	၁၉၈၁၉၀၈	၂၇	၃၂	၈၆	၂၈	၁၅	၆၂	၅၅	၄၇	၁၄၈	၄၃	၁၁	၁	-
၄	၄/၂၀၁၂-၃၁-၁၂-၂၀၁၂အထိ	၂၄၃၉၀၁၂	၈၀	၄၂	၆၉	၄၃	၁၂	၃၄	၁၂၃	၅၄	၁၀၃	၇၉	၃၅	-	၉
	စုစုပေါင်း	၅၇၉၉၁၁၂	၂၀၁	၁၂၆	၃၁၃	၁၅၃	၆၀	၂၅၃	၃၅၄	၁၈၆	၅၆၆	၂၅၈	၈၃	၂	၁၁

ဖြစ်စဉ်ပြဇယားအသေးစိတ်ကို ကောက်ချက်ချကြည့်ပါက အောက်ပါအတိုင်း တွေ့ရှိရမည်ဖြစ်ပါသည်။

ယာဉ်မောင်း၏အမှား	=	၇၃%
မော်တော်ယာဉ်၏ချွတ်ယွင်းချက်	=	၂၃. ၄%
ခရီးသည်၏အမှား	=	၀. ၅%
ပတ်ဝန်းကျင်အခြေအနေ၏ ချွတ်ယွင်းချက်	=	၃. ၁%

နိုင်ငံတကာ ဖြစ်စဉ်မှတ်တမ်းများ

အိန္ဒိယနိုင်ငံ

(၂၀၀၆-၂၀၀၉) ခုနှစ်များတွင် ဖြစ်ပွားခဲ့သော အိန္ဒိယနိုင်ငံ၏ ယာဉ်မတော်တဆမှုများ စစ်တမ်းအရဖြစ်ရသည့် အကြောင်းရင်းများကို အောက်ပါအတိုင်းတွေ့ရမည်ဖြစ်ပါသည် -

(၂၀၀၆-၂၀၀၉)ခုနှစ်အတွင်း နှစ်အလိုက် ယာဉ်မတော်တဆမှုနှင့် သေဆုံးမှုဖြစ်စဉ်ပြဇယား

ခုနှစ်	စုစုပေါင်းသေဆုံးသူဦးရေ	တစ်နေ့တွင်သေဆုံးသူဦးရေ	တစ်နာရီတွင်သေဆုံးသူဦးရေ	ယဉ်မတော်တဆမှုစုစုပေါင်း	တစ်နေ့တွင်ဖြစ်ပွားသောယာဉ်မတော်တဆမှု	တစ်နာရီတွင်ဖြစ်ပွားသောယာဉ်မတော်တဆမှု(အနီးစပ်ဆုံး)
၂၀၀၆	၁၀၅၇၄၉	၂၉၀	၁၂	၄၆၀၉၂၀	၁၂၆၃	၅၃
၂၀၀၇	၁၁၄၄၄	၃၁၄	၁၃	၄၇၉၂၁၆	၁၃၁၃	၅၅
၂၀၀၈	၁၁၉၈၆၀	၃၂၈	၁၄	၄၈၄၇၀၄	၁၃၂၈	၅၅
၂၀၀၉	၁၂၅၆၆၀	၃၄၄	၁၄	၄၈၆၃၈၄	၁၃၃၂	၅၆

ယာဉ်တိုက်မှုဖြစ်ပွားရသောအကြောင်း ဖြစ်စဉ်များ

ယာဉ်မောင်းသူ၏အမှား	၇၈. ၅%
လမ်းဖြတ်ကူးသူ၏အမှား	၂. ၂%
မော်တော်ဆိုင်ကယ်စီးသူ၏ အမှား	၁. ၂%
လမ်း၏ အားနည်းချက်	၁. ၃%
ယာဉ်၏ အားနည်းချက်	၁. ၈%
ရာသီဥတုအခြေအနေ	၀. ၈%
အခြားအကြောင်းအချက်များ	၁၄. ၂%

ဟု ဖော်ပြထားပါသည်။

တရုတ်ပြည်သူ့သမ္မတနိုင်ငံ

တရုတ်နိုင်ငံ၏ အမြန်လမ်းများတွင် ဖြစ်ခဲ့သည့် ယာဉ်မတော်တဆမှုများကို စစ်တမ်းကောက်ယူထုတ်ပြန်ချက်အရ တရုတ်နိုင်ငံ အမြန်လမ်းပေါ်တွင် ယာဉ်မတော်တဆမှုကြောင့် လူသေနှုန်းမှာ ၁၉၉၅ ခုနှစ်တွင် ၆၁၆ဦး ရှိရာမှ ၂၀၁၀ ခုနှစ်တွင် ၆၃၀၀ အထိ ၁၀. ၂ ဆ မြင့်တက်လာ၍ တုန်လှုပ်ခဲ့ရသည်။

အမြန်လမ်းမိုင်အရှည်သည် ဟိုင်းဝေးလမ်းများအရှည် စုစုပေါင်း၏ ၁. ၈၅%ခန့်သာရှိသော်လည်း လူသေနှုန်းမှာ သာမန်ဟိုင်းဝေးလမ်း လူသေမှု၏ ၁၃. ၅၄% ခန့်အထိရှိကြောင်း တွေ့ရပါသည်။ ကောက်ချက်ဆွဲယူပါက ယာဉ်မတော်တဆဖြစ်မှုများသည် အမြန်လမ်းများပေါ်တွင်ပို၍ ဖြစ်ပေါ်လေ့ရှိကြောင်း တွေ့ရပါသည်။

ဖိလစ်ပိုင်နိုင်ငံ

ဖိလစ်ပိုင်နိုင်ငံ Philippine National Police-Highway Patrol Group (PNP-HPG)၏ စစ်တမ်းအရ မော်တော်ယာဉ်မတော်တဆမှုများတွင် လူ၏အမှား (human error) = ၈၀%

သတ်မှတ်မြန်နှုန်းထက်ပိုမောင်းခြင်း (Over Speed) = ၄၄%
ယာဉ်စည်းကမ်းမလိုက်နာမှု = ၂၂%
ဟုဖော်ပြထားကြောင်း တွေ့ရှိရပါသည်။

အမေရိကန်နိုင်ငံ

အမေရိကန်နိုင်ငံ Non-Profit Organization Smart Motorist အဖွဲ့၏ စစ်တမ်းများအရ ယာဉ်မတော်တဆဖြစ်မှုများ၏ ၉၅%မှာ ယာဉ်မောင်းသူများ၏ အမှားကြောင့် ဖြစ်ကြောင်းနှင့် အများအားဖြင့် အရှိန်လွန် မောင်းနှင်ခြင်းနှင့် မဆင်မခြင်မောင်းနှင်ခြင်းတို့ကြောင့် ဖြစ်ကြောင်း ဖော်ပြထားပါသည်။ တစ်ဖန် (NHTSA) အဖွဲ့၏ သုတေသနပြုချက်အရ ယာဉ်မတော်တဆဖြစ်မှုများ၏ ၃၂%ခန့်မှာ အရှိန်လွန်မောင်းနှင်ခြင်းတို့ကြောင့်ဖြစ်ကြောင်း တင်ပြထားပါသည်။ ထို့အပြင် နယူးဂျာဆီ မှတ်တမ်းများအရ မတော်တဆဖြစ်စဉ်များ၏ ၆၀. ၂%ခန့်မှာ လမ်းဖြောင့်များတွင် ဖြစ်လေ့ရှိပါသည်။ ၈၄. ၂%ခန့်မှာ ရာသီဥတု သာယာကြည်လင်နေချိန်တွင် ဖြစ်ကြကြောင်း တင်ပြထားပါသည်။ အင်္ဂလန်နှင့် အမေရိကန်တို့၏ စာရင်းဇယားများအရ ယာဉ်မတော်တဆဖြစ်စဉ်များတွင်-

စာမျက်နှာ ၁၁ သို့

အန္တရာယ်ရှိသော လမ်းကွေ့များတွင် Concrete Barrier တပ်ဆင်ထားပုံ။

စာမျက်နှာ ၁၀ မှ

ယာဉ်မောင်းကြောင့် ဖြစ်ရသည့်ဖြစ်စဉ်	= ၅၇%
လမ်းနှင့်ယာဉ်မောင်းကြောင့် ဖြစ်ရသည့်ဖြစ်စဉ်	= ၂၇%
ယာဉ်မောင်းနှင့်ယာဉ်ကြောင့် ဖြစ်ရသည့်ဖြစ်စဉ်	= ၆%
လမ်းကြောင့် ဖြစ်ရသည့်ဖြစ်စဉ်	= ၃%
လမ်း၊ ယာဉ်မောင်းနှင့် ယာဉ်ကြောင့် ဖြစ်ရသည့်ဖြစ်စဉ်	= ၃%
ယာဉ်ကြောင့် ဖြစ်ရသည့်ဖြစ်စဉ်	= ၂%
လမ်းနှင့် ယာဉ်ကြောင့် ဖြစ်ရသည့်ဖြစ်စဉ်	= ၁%

အထက်ပါဇယားကို အနှစ်ချုပ် လေ့လာပါက လူ၏အမှားကြောင့် ဖြစ်ရသည့်ဖြစ်စဉ်မှာ ၉၃ ရာခိုင်နှုန်းခန့်အထိရှိကြောင်း တင်ပြထားပါသည်။

သို့ဖြစ်၍ ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအပါအဝင် နိုင်ငံတကာ လမ်းများပေါ်ရှိ ယာဉ်မတော်တဆဖြစ်စဉ်များ လေ့လာထုတ်နုတ်သုံးသပ်လျက် ကောက်ချက်စွဲကြည့်ပါက လူ၏အမှား (Human Factor)၈၅ %ခန့်၊ ယာဉ်မောင်းသူ၏အမှား (Driver Error) ၇၀%၊ ယင်းတို့အထဲမှ အရှိန်လွန်မောင်းနှင်ခြင်း (Over Speed) မှာ ၃၀%မှ ၄၀%ခန့်ရှိနေကြောင်း သုံးသပ်တွေ့ရှိရမည်ဖြစ်ပါသည်။

ရန်ကုန်-မန္တလေး အမြန်လမ်းတိုးတက်မြှင့်တင်ရေး

ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးမှာ တည်ဆောက်ရေး ပထမအဆင့်သာရှိသေးလျက် လိုအပ်ချက်အရ အမြန်ဖွင့်ပေးခဲ့ရသည့်အတွက် အမြန်လမ်း အင်္ဂါရပ်နှင့် မပြည့်စုံသေးကြောင်း တွေ့ရမည်ဖြစ်ပါသည်။ ရန်ပုံငွေကန့်သတ်ချက်အရ ဆောင်ရွက်နိုင်ခဲ့ခြင်းမရှိသေးသည့် လုပ်ငန်းများလည်းရှိနေပါသေးသည်။ ဥပမာ လမ်းတစ်လျှောက်လုံး ခြံစည်းရိုးကာရံမပေးနိုင်ခြင်း၊ လိုအပ်သလောက် Concrete Barrier များ မတပ်ဆင်နိုင်သေးခြင်း၊ လိုအပ်သလောက် (Guard Rail) များ မတပ်ဆင်နိုင်သေးခြင်း စသည့်လုပ်ငန်းများဖြစ်ပါသည်။ ယခုအခါ နိုင်ငံတော်၏ လမ်းညွှန်ချက်အရ အမြန်လမ်းအတွက် လိုအပ်သည့် အင်္ဂါရပ်များဖြည့်ဆည်းတည်ဆောက်ခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ အန္တရာယ်ဖြစ်စေနိုင်သည့် လမ်းကွေ့များတွင် အန္တရာယ်ကာကွယ်တန်း (Guard Rail) များ တပ်ဆင်ခြင်း၊ လမ်းလယ်ကျွန်း နှုတ်ခမ်းတစ်လျှောက် တချို့နေရာများတွင် အရှိန်ထိန်း အတားအဆီး (Barriers) များ တပ်ဆင်ခြင်း၊ အမြန်လမ်းပေါ်သို့ တိရစ္ဆာန်များ မတက်နိုင်စေရန် အရေးကြီးသော အချို့နေရာများ၌ ခြံစည်းရိုး(Fencing) များ ကာရံခြင်း၊ အရှိန်ထိန်း၍ ဖြည်းဖြည်းမောင်းရန်၊ မိမိယာဉ်ကြောမှ ဘေးထွက်မသွားရန် အိပ်ငိုက်သူများကို သတိပေးရန်အတွက် လိုအပ်သည့်နေရာများ၌ အသံမြည်၍ ယာဉ်ကိုလှုပ်ခါစေသော (Rumble Strips) များ တည်ဆောက်ပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိနေပြီဖြစ်ပါသည်။

ထိန်းသိမ်းပြုပြင်မှုအနေဖြင့် ယာဉ်မောင်းသူများအတွက် သတိပေးဆိုင်းဘုတ်အမျိုးမျိုးတပ်ဆင်ပေးခြင်း၊ လမ်းအမှတ်အသား ဆိုင်းဘုတ်များ ပြည့်စုံစွာတပ်ဆင်ပေးခြင်း၊ လမ်းအနိမ့်အမြင့်များ ဖြေပေးနေခြင်း၊ တံတားအတက်အဆင်းများတွင် အနိမ့်အမြင့်ဖြေပေးခြင်း၊ တချို့အကွေ့များတွင် လမ်းအစောင်း (Super Elevation) များ ပြန်လည်စိစစ်၍ မြှင့်တင်ဖြေညှိပေးခြင်း၊ လမ်းပခုံးများ ပြန်လည်ပြုပြင် တည်ဆောက်ပေးနေခြင်း၊ မြေသား တည်ငြိမ်မှုမရှိသော အချို့နေရာတွင် ပြန်လည်တူးထုတ်၍ ကွန်ကရစ်လမ်း အသစ်ပြန်လည်တည်ဆောက်ပေးခြင်းစသည့် လုပ်ငန်းများဖြင့် ပြုပြင်မြှင့်တင်ပေးလျက်ရှိပါသည်။

ရေရှည်အစီအမံများ

၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်အတွင်းမှာပင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (Exim Bank) မှ ချေးငွေရယူလျက် တစ်လမ်းလုံးအား ကတ္တရာကွန်ကရစ် (Asphalt Concrete) ခင်းရန် စီစဉ်လျက်ရှိပြီး ယခုဆိုလျှင် လိုအပ်သော စက်ယာဉ်ယန္တရားများကို ဝယ်ယူရန် စတင်ဆောင်ရွက်နေပြီဖြစ်ပါသည်။

တစ်လမ်းလုံးကို ကြိုတင်လေ့လာဆန်းစစ်မှု (Feasibility Study) နှင့် အသေးစိတ်မြေတိုင်းတာမှု (Detail Surveying) များ ပြုလုပ်၍ လိုအပ်သော Design များ ထုတ်ပြီးမှသာ ကတ္တရာကွန်ကရစ်ခင်းမည်ဖြစ်သည့်အတွက် Longitudinal Profile များ၊ Vertical Curves များ၊ Horizontal Curves များပေါ်ရှိ Super Elevation များ ပိုမိုတိကျမှန်ကန်ချောမွေ့လာမည်ဖြစ်၍ Driving Quality လည်း တက်လာမည်ဖြစ်ပါသည်။ AC မျက်နှာပြင်လွှာ ဖြစ်လာသည့်အတွက် တာယာပွန်းစားမှု၊ တာယာပွင့်ထွက်မှုများလည်း လျော့နည်းသွားနိုင်မည်ဖြစ်သည်။

မော်တော်ယာဉ် ဘေးအန္တရာယ်လုံခြုံမှု (Road Safety) အတွက် ယာဉ်သွားလာမှု စောင့်ကြည့်ထိန်းချုပ်ရေးစနစ် (Intelligent Transport System) ကိုလည်း တပ်ဆင်တည်ဆောက်ပေးသွားမည်ဖြစ်ပါသည်။

ယာဉ်အန္တရာယ်ကင်းရှင်းရေး

ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအချက်အလက်များကို ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရန် သတင်းစာ၊ ဂျာနယ်၊ ရေဒီယိုနှင့်ရုပ်မြင်သံကြားတို့တွင် ထုတ်ပြန်ကြေညာလျက်ရှိပါသည်။ အမြန်လမ်းမပေါ်ရှိ တိုးဂိတ်များတွင်လည်း ယာဉ်မောင်းများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ မော်တော်ယာဉ်လိုင်းများသို့ လက်ကမ်းစာစောင်များ ပေးပို့ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့ ပူးပေါင်းလျက် အမြန်လမ်း ရဲတပ်ဖွဲ့ကိုဖွဲ့စည်းကာ အမြန်လမ်းတစ်လျှောက် ရဲတပ်ဖွဲ့စခန်းပေါင်း ၁၄ခု၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြင်ဆင်ထိန်းသိမ်းရေးစခန်းပေါင်း ၃၀၊ ကြက်ခြေနီစခန်းတစ်ခုထားရှိပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

အမြန်လမ်းတစ်လျှောက်တွင်ရှိသော ကျေးရွာများကိုလည်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းနှင့် အမြန်လမ်းရဲတပ်ဖွဲ့တို့မှ တာဝန်ရှိသူများ ကွင်းဆင်းလျက် စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီများ တက်ရောက်စီးနင်း မောင်းနှင်ခြင်းမပြုရန်၊ လမ်းပြောင်းပြန်မောင်းနှင်မှုမပြုရန်၊ ကျွဲ၊ နွား၊တိရစ္ဆာန်များ လွှတ်ကျောင်းခြင်းမပြုရန် စည်းရုံးဟောပြောပြီး ပူးပေါင်းပါဝင် လိုက်နာနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သတိပေးပညာပေးကာလ ကြာမြင့်လုံလောက်ခဲ့ပြီဖြစ်၍ အရေးယူမှု (Enforcement) ကိုပါ ပူးတွဲဆောင်ရွက်သွားရတော့မည်ဖြစ်ကြောင်း အမြန်လမ်း ရဲတပ်ဖွဲ့ထံမှ သတင်းရရှိထားပါသည်။

အထူးသဖြင့် မော်တော်ဆိုင်ကယ်စီးသူများ၊ ယာဉ်ကြောပြောင်းပြန်မောင်းနှင်သူများ၊ သတ်မှတ်အမြန်နှုန်းထက် ပိုမောင်းသည့် ယာဉ်မောင်းများ၊ အရက်(သို့မဟုတ်)မူးယစ်ဆေးဝါးသုံးစွဲ၍ မောင်းနှင်သူများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်သူများကို စတင်စစ်ဆေး ဖမ်းဆီးအရေးယူတော့မည်ဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ခရီးသွားပြည်သူများ အန္တရာယ်ကင်းရှင်းစေရန်အတွက် ယာဉ်မောင်းများ၊ ခရီးသည်များ၊ လမ်းအသုံးပြုသူ ပြည်သူတစ်ရပ်လုံးဘက်ကလည်း ပါဝင်ပူးပေါင်းလျက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ကျင့်သုံးလိုက်နာကြရန် အထူးလိုအပ်နေပြီဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပေသည်။

ရန်ကုန်-မန္တလေးအမြန်လမ်းနှင့်ပတ်သက်၍ သတိပေးထုတ်ပြန်ချက်

၁။ အမြန်လမ်းမကြီးပေါ်တွင် တစ်နာရီ ကီလိုမီတာ(၁၀၀) (သို့) မိုင်(၆၀)ထက် ပိုမမောင်းရ။

၂။ ယာဉ်မောင်းများ အရက်သေစာ မူးယစ်သောက်စား၍သော်လည်းကောင်း၊ မူးယစ်ဆေးဝါးသုံးစွဲ၍သော်လည်းကောင်း မမောင်းရ။

၃။ မည်သည့်ယာဉ်မျှ လမ်းပြောင်းပြန်မမောင်းရ။

၄။ မည်သည့်အကြောင်းနှင့်ရပ်သည်ဖြစ်စေ ယာဉ်သွားလမ်းနှင့် ကွန်ကရစ်လမ်းပခုံးပေါ်တွင် မရပ်ရ။ ခရီးသည်အတင်အချမပြုလုပ်ရ။

၅။ အမြန်လမ်းမကြီးပေါ်တွင် စက်ဘီးဆိုင်ကယ်များ၊ နွားလှည်းများ၊ စက်တပ်အနှေးယာဉ်များ မမောင်းရ။

၆။ အမြန်လမ်းမကြီးပေါ်တွင် ကျွဲ၊ နွား အစရှိသော မည်သည့်တိရစ္ဆာန်မှ ထိန်းကျောင်းခြင်း၊ လွှတ်ကျောင်းခြင်းမပြုရ။

အထက်ပါစည်းကမ်းချက်များကို ကျူးလွန်ပါက ထိရောက်စွာ အရေးယူခံရမည်။

ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
ဆောက်လုပ်ရေးဝန်ကြီးဌာန

Yatanarpon Teleport Co., Ltd.

PRE-QUALIFICATION TENDER NOTICE

Yatanarpon Teleport Co.,Ltd.(YTP) hereby invites applications from suitably qualified and reputable local and foreign companies/firms/contractors for inclusion in the **Pre-Qualification** process and short listing for the following Tenders associated with their numbers in order to be considered for Short listing during this Pre-Qualification period desirous companies/firms/ contractors may apply for consideration to following contact.

1. Anti-Spam Mail Security System Ref:YTP-ECO-F-001(PRO-TDR-001)
2. Carrier Grade NAT(CGN) Ref:YTP-ECO-F-001(PRO-TDR-002)

Closing Date: 13th February, 2013
Tel: +95 1 652233
Fax: +95 1 652244
mailto: procurement@teleport.net.mm
Attention to: Procurement Section
Yatanarpon Teleport Company Limited
Hlaing University Campus Road, Hlaing Township, Yangon, Myanmar





ပျောက်ဆုံး

ကျွန်တော်သက်နိုင်ဦး၏ နိုင်ငံကူးလက်မှတ် 716562 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၃၁၁၉၅၀၂**

ကျေးဇူးဆပ်ပါမည်

ကျွန်မဒေါ်မော်မော်လွင် ၁၀/မလမ(နိုင်)၁၆၇၄၅၇၊ P.P.No 786556၊ ကျွန်တော် မောင်ချစ်ကိုကိုလွင် MME-651852-P.P.No 46133 နှင့် ကျွန်မ မမိုးစန္ဒာလွင် MME. 651851- P.P.No 46135 Pass Port စာအုပ်များ ပျောက်ဆုံးသွားပါ၍ တွေ့ရှိက ပေးပို့ပါရန်။

ဖုန်း-၀၉-၇၃၀၄၁၄၁၃

ပြည်တွင်းသတင်းနှင့်အားကစား

SEA GAMES အကြို မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၂၉

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသော ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် SEA GAMES အကြို မြန်မာ့ရိုးရာစစ်တုရင်ပြိုင်ပွဲ ၏ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၈ ရက် မွန်းလွဲပိုင်းက ရန်ကုန်မြို့ အောင်ဆန်း အားကစားပြိုင်ဝင်းရှိ မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်ပြိုင်ပွဲခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ၁၉၅၄ ခုနှစ်က စတင်ပြုလုပ်ပြီး ချီးမြှင့်ခဲ့သော ရှေးဟောင်းမြန်မာ့ရိုးရာစစ်တုရင် တံခွန်စိုက်ဒိုင်းဆုကြီးကို ၁၉၆၃ ခုနှစ်တွင် ကျင်းပခဲ့သော မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲ၌ တံခွန်စိုက်ချန်ပီယံဒိုင်းဆုကြီး ရရှိခဲ့သော ဦးကျင်ဆွေ၏ မိသားစုမှ သားဖြစ်သူ ဦးသိန်းထွန်းက မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်သို့ လှူဒါန်းရာ မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပြန်လည် ပေးအပ်သည်။ ဆက်လက်၍ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ဦးသိန်းထွန်းက ပုံမှန်မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲတွင် ပထမဝင်းထွန်း၊ ဒုတိယဝင်းဇော်ထွန်း၊ တတိယမြင့်ဟန်တို့အားလည်းကောင်း၊ မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးဝင်းအောင်က ၂၅ မိနစ်အမြန်ရွှေ့မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲတွင် ပထမ ဝင်းဇော်ထွန်း၊ ဒုတိယ မောင်မောင်လတ်၊ တတိယ အောင်မျိုးလှိုင်တို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ပေးအပ်ချီးမြှင့်

ထို့နောက် မြန်မာနိုင်ငံစစ်တုရင် အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်လွင်က ၁၀ မိနစ် လျှပ်တစ်ပြက် မြန်မာ့ရိုးရာ စစ်တုရင်ပြိုင်ပွဲ၌ ပထမဝင်းဇော်ထွန်း၊ ဒုတိယမောင် မောင်လတ်နှင့် တတိယ အုန်းကျော်တို့ အားဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရှိရသည်။

(မောင်ကျော်)

တိုက်ဂါးဝုဒ် ၇၅ လုံးမြောက် ဖလားဆွတ်ခူး

ကမ္ဘာကျော် ဂေါက်သီးကစားသမားတိုက်ဂါးဝုဒ်သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၌ ကျင်းပသော Famers Insurance Open ပီဂျီအေ ဂေါက်သီးရိုက်ပြိုင်ပွဲတွင် သတ်မှတ်ရိုက်ချက်ထက် ၁၈ ချက်လျှော့ရိုက်ပြီး ဖလားဆွတ်ခူးသွားခဲ့သည်။ အဆိုပါဖလားသည် တိုက်ဂါးဝုဒ်၏ ဂေါက်သီးကစားသမားသက်တမ်းတစ်လျှောက် ၇၅ လုံးမြောက် ပီဂျီအေဆုဖလား ဖြစ်သည်။ တိုက်ဂါးဝုဒ်၏ ကစားဖော်စနေးဒက်ကာနှင့် ဟိုးဆေးတက်တလာတို့က ၁၀ ချက်စီလျှော့ရိုက်ပြီး ဒုတိယဆုကို ခွဲဝေယူခဲ့ကြသည်။

ဒရော့ဘာ ဂါလာတာစာရေး ရောက်လာ

ချယ်လ်ဆီးတိုက်စစ်မှူးဟောင်း ဒရော့ဘာအား တရုတ်ကလပ်ရှန်ဟိုင်းရှင်ဟွာမှ တူရကီကလပ် ဂါလာတာစာရေးက ခေါ်ယူစာချုပ်လိုက်ပြီဖြစ်သည်။ တိုက်စစ်မှူး ဒရော့ဘာကို ၁၈ လစာချုပ်ဖြင့် ခေါ်ယူစာချုပ်လိုက်ပြီဖြစ်ကြောင်း ဂါလာတာစာရေးက ၎င်း၏ ဝက်ဘ်ဆိုက်တွင်အတည်ပြုပြောကြားသည်။ အသက် ၃၄ နှစ်ရှိဒရော့ဘာသည် လောလောဆယ် အိုင်ဗရီကို့စ်အသင်းအတွက် အာဖရိကနိုင်ငံများဖလားအတွက် ကစားပေးလျက်ရှိသည်။ ဂါလာတာစာရေးအသင်းသည် မကြာမီက အင်တာမီလန်မှ ရှနိုက်ဒါကိုလည်း ခေါ်ယူခဲ့သည်။

ကောင်းမြတ်သူ - စုစည်းသည်

ကြယ်နီဖိတ်ခေါ်ဖလား အမျိုးသားအလွတ်တန်း

ဘောလုံးပြိုင်ပွဲကျင်းပ

အုတ်တွင်း ဇန်နဝါရီ ၂၉

(၆၆) နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် တောင်ငူခရိုင် အုတ်တွင်းမြို့ ကြယ်နီဆေးလိပ်ရုံ မိသားစုက ကျင်းပသည့် ကြယ်နီဖိတ်ခေါ်ဖလား အမျိုးသားအလွတ်တန်း ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၀ ရက် မွန်းလွဲ ၂ နာရီခွဲက အုတ်တွင်းမြို့ မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ပါဝင်ယှဉ်ပြိုင်

အဆိုပါအခမ်းအနားတွင် မြို့နယ် အုပ်ချုပ်ရေးမှူးဦးကျော်ရွှေက အမှာစကားပြောကြားပြီး ဒေါက်တာသူလွင်ထွန်း(ကြယ်နီမိသားစု)က ပြိုင်ပွဲကွင်းအား ဘောလုံးကန်၍ ဖွင့်လှစ်ပေးခဲ့ကြောင်းနှင့် ပြိုင်ပွဲဝင်အသင်းပေါင်း ၁၆ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြဝတီရုပ်မြင်သံကြား

၃၀-၁-၂၀၁၃ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၃ တရားတော်
၇:၅၀ သာယာသီကြွေး ခေတ်ဆန်းတေး
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

ညပိုင်း

၄:၀၂ နိုင်ငံတော်သီချင်း
၄:၀၃ အဖွင့်သီချင်း
၄:၃၇ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၅ ၂၀၁၃ ခုနှစ် တက္ကသိုလ်စာမေးပွဲ အထောက်အကူပြုသင်ခန်းစာ (စိတ်ကြိုက်မြန်မာစာ)
၅:၂၂ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **အမေ့အပြုံး** (အပိုင်း-၇၇)
၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ Mail Box
၆:၂၅ ကာတွန်းအစီအစဉ် **အာကာသသူရဲကောင်းလေးများ** (အပိုင်း-၇၁)
၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **လင်းလက်ကြယ်ပွင့်** (အပိုင်း-၃၀) (ဇာတ်သိမ်း)
၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
နိုင်ငံတကာသတင်း
မိုးလေဝသသတင်း
ရယ်စရာပျော်စရာ
ဟာသကမ္ဘာ
မြဝတီရုပ်မြင်သံကြားသတင်း
ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဆွဲအားပြင်းတဲ့ချစ်ခြင်း** (အပိုင်း-၃)

အမြို့ မြို့ အနယ်နယ်
ပျံ့သည့် သတင်းစာ
မြန်မာ့အလင်း
တွင် ကြော်ငြာပါ။



ပျောက်ဆုံးကြောင်း

မောင်ကျော်ဝင်းအောင် ၁၄/ရကန (နိုင်) ၁၂၆၃၄၃၏ နိုင်ငံကူးလက်မှတ် A-067696 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၀၀၉၆၈၅

ပျောက်ဆုံးကြောင်း

သက်လွင်မောင် ၇/ပမန(နိုင်)၁၂၆၂၉၅ ၏ နိုင်ငံကူးလက်မှတ် ၅၄၆၂၈၆ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၁၀၆၂၈၇၁

ဖခင်အမည်မှန်

စမ်းချောင်းမြို့နယ်၊ လင်းလွန်းမြောက်ရပ်ကွက်၊ ဇလွန်လမ်း၊ အမှတ် ၅၉/ငါးလွှာနေ မောင်သက်ကိုကို ၁၂/စခန(နိုင်)၀၇၀၃၈၉ ၏ ဖခင်အမည်မှန်မှာဦးဝိုမောင်(ခ)ဦးထွန်းရင် ၁၂/စခန(နိုင်)၀၂၉၆၇၉ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

၁၅-၁-၂၀၁၃ ရက်မှ ယနေ့အထိ မာစီးဒီး Smart ကားသော့ပျောက်သွားပါသဖြင့် ဆက်သွယ်ပေးပါရန် ထိုက်တန်စွာ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၇၃၀၃၈၈၂၆

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့်ကျောင်းများတွင် တည်ဆောက်မည့် ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာန၊ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် ကျောင်းများတွင် တည်ဆောက်မည့်ဆောက်လုပ်ရေးလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါများ တင်သွင်းကြရန်ဖိတ်ခေါ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ဤကြော်ငြာပါသည့်ရက်မှစ၍ ၇-၂-၂၀၁၃ ရက်နောက်ဆုံးထား၍ ရုံးချိန်အတွင်း သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ရုံးအမှတ်(၂၁) နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ စည်းကမ်းချက်များ၊ ဗီသုကာပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဖုန်း-၀၆၇-၄၀၄၁၈၁နှင့်၀၆၇-၄၀၄၀၀၇ တို့တွင် စုံစမ်းနိုင်ပါသည်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန

ရေတာရှည်မြို့ ရွှေကြက်ယက် အထက(ခွဲ)၏ (၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲ ဖိတ်ကြားလွှာ

ပဲခူးတိုင်းဒေသကြီး၊ ရေတာရှည်မြို့နယ်၊ ရွှေကြက်ယက် အထက(ခွဲ)ယခင် အလက ကျောင်းသား ကျောင်းသူဟောင်းများက မိမိတို့အား သင်ကြားပြသပေးခဲ့သော သက်ပြည့်ပင်စင်စား ဆရာကြီး၊ ဆရာမကြီးများအား အာစရိယပူဇော်ပွဲကို နှစ်စဉ်မပျက်ကျင်းပခဲ့သည်မှာ ယခုအကြိမ်နှင့်ဆိုလျှင်(၁၃)ကြိမ်ပြည့်မြောက်ခဲ့ပြီဖြစ်ပါသည်။ ယခုနှစ်တွင်လည်း နှစ်စဉ်ကျင်းပပြုလုပ်မြဲဖြစ်သော ၁၂-၂-၂၀၁၃ရက် ပြည်ထောင်စုနေ့တွင် ရွှေကြက်ယက် အထက(ခွဲ)နဝရတ်ခန်းမ၌ နံနက် ၈ နာရီတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းလိုပါက-

ဦးမြသိန်း	ဖုန်း - ၀၉-၄၂၈၁၁၄၁၂၂
ဦးတင်ညွန့်	ဖုန်း - ၀၅၄-၈၀၂၅၆
ဦးခင်မောင်တိုး	ဖုန်း - ၀၅၄-၈၀၀၈၅

အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ

နိုင်ငံတကာအားကစားသတင်း

ပွဲကျပ်တွေ့မယ့် ဘိုင်ယန်မြူးနစ်နဲ့ ခက်ခဲမယ့် ဘေယာလေဗာကူဆင်

ဂျာမနီမြေက ဘွန်ဒက်စ်လီဂါပြိုင်ပွဲမှာတော့ ထိပ်ဆုံးမှ ဘိုင်ယန်မြူးနစ်က ဒုတိယနေရာမှ ဘေယာလေဗာကူဆင်နဲ့ ပွဲတူ ၁၁ မှတ်ကွာနဲ့ ပြတ်ပြတ်သားသားဦးဆောင်နေလျက်ရှိပါတယ်။ ပြိုင်ပွဲထက်ဝက်ကျော်လာတဲ့အချိန်မှာ ဘွန်ဒက်စ်လီဂါဖလားရယူရေးအတွက် မျှော်လင့်ချက်ခိုင်မာလာတဲ့ ဘိုင်ယန်မြူးနစ်ဟာ ပြိုင်ဘက်တွေကို အမှတ်ဖြတ်နိုင်သမျှဖြတ်ထားဖို့ ကြိုးစားနေသလို ဒုတိယ၊ တတိယ၊ စတုတ္ထနေရာက အသင်းတွေကလည်း ရမှတ်တွေမတိမ်းမယိမ်းရှိနေတာမို့ အမှားအယွင်းမခံနိုင်အောင် ဖိအားတွေနဲ့ ရင်ဆိုင်နေရချိန်ဖြစ်ပါတယ်။ ဒါ့အပြင် တန်းမဆင်းရရေးအတွက် စိတ်ဓာတ်ပြင်းပြင်းနဲ့ အားထုတ်နေရတဲ့အသင်းတွေကလည်း ဖေဖော်ဝါရီ ၂ ရက်နဲ့ ၃ ရက်မှာ ကစားမယ့် ပွဲစဉ်(၂၀)မှာ ဘယ်လိုအဖြေတွေ ထွက်လာဦးမလဲဆိုတာ စောင့်ကြည့်ရမှာဖြစ်ပါတယ်။

မိန့်ဇ်နှင့် ဘိုင်ယန်မြူးနစ်

ခြေစွမ်းတက်ရိပ်ပြနေတဲ့ မိန့်ဇ်ကို ဘိုင်ယန်မြူးနစ်တို့ သတိထားပြီး ကစားရပါလိမ့်မယ်။ မိန့်ဇ်ဟာ အိမ်ကွင်းမှာ အမှတ်ရအောင် ကစားတတ်တဲ့အပြင် ဂိုးသွင်းခြေမှန်တဲ့ အက်ဇာလီလည်းရှိနေတာမို့ ဘိုင်ယန်မြူးနစ်ခံစစ်မှူးတွေ သတိထားပြီး ဟန့်တားရမှာဖြစ်ပါတယ်။ ဒါပေမယ့် ဒီနှစ်မှာ ခံစစ်တံတိုင်း ခိုင်ခံ့မှုအရှိဆုံး ဘိုင်ယန်မြူးနစ်ကို မိန့်ဇ်တိုက်စစ်မှူးတွေ အလွယ်တကူ ကျော်ဖြတ်လို့မရနိုင်တာတော့အမှန်ပါပဲ။ ဘိုင်ယန်မြူးနစ်တို့က တိုက်စစ်ရော ကွင်းလယ်ကစားအားပါ သာလွန်နေတာမို့ အိမ်ရှင်မိန့်ဇ်တို့ထင်တိုင်းမပေါက်နိုင်တဲ့ အနေအထားဖြစ်ပါတယ်။

ဘေယာလေဗာကူဆင်နှင့် ဒေါ့မွန်

နှစ်သင်းစလုံးခြေကုန်ထုတ်ရမယ့် ပွဲဖြစ်ပါလိမ့်မယ်။ ဒီပွဲရဲ့ရလဒ်က နှစ်သင်းစလုံးရဲ့လက်ရှိရပ်တည်မှုအနေအထားကို အပြောင်းအလဲဖြစ်စေမှာမို့အမှားအယွင်း အတိမ်းအစောင်းမရှိအောင် သတိကြီးကြီးထားပြီး ကစားကြရမှာဖြစ်ပါတယ်။ ပြိုင်ဘက်တွေကို ဂိုးပြတ်သွင်းပြီး နိုင်ပွဲတွေ ဆက်တိုက်ရယူနေတဲ့ ဒေါ့မွန်ကို ဘေယာလေဗာကူဆင်တို့ အိမ်ကွင်းဆိုပေမယ့် အသက်ရှူမှားမတတ် ရင်ဆိုင်ရမယ့်အခြေအနေဖြစ်လာပါလိမ့်မယ်။

ဟမ်းဘတ်နှင့် ဖရန့်ဖွတ်

ဟမ်းဘတ်ကွင်းမှာ ဖရန့်ဖွတ်တို့ အမာခံကစားသမားတွေနဲ့ ပွဲထွက်မှ ရပါလိမ့်မယ်။ ဟမ်းဘတ်ဟာ တိုက်စစ်၊ ခံစစ်အားမျှတဲ့ အသင်းဖြစ်ပြီး ပြိုင်ဘက်အသင်းရဲ့ အနေအထားလိုက်ပြီး ကစားတတ်တာမို့ ဖရန့်ဖွတ်တို့ ပေ့ါပေ့ါဆဆကစားလို့တော့ မရနိုင်ပါဘူး။ ဖရန့်ဖွတ်မှာ မိုင်ရာနဲ့ အက်နာတို့လို ဂိုးသွင်းနိုင်သူတွေရှိတာမို့ အိမ်ရှင်တို့ စနစ်တကျ ဗျူဟာမခင်းကျင်းနိုင်ရင်တော့ အခက်အခဲနဲ့ ကြုံတွေ့ရနိုင်ပါတယ်။

ရှော်လ်ကေးနှင့် ဂရုသာဖို့ဒ်

ရှော်လ်ကေးအတွက် အိမ်ကွင်းမှာ လူစုံထုတ်ကစားရင် အမှတ်ပြည့်ရယူနိုင်တဲ့ပွဲပါပဲ။ အိမ်ကွင်းမှာ အင်အားပြည့်ခင်းကျင်းပြီး အလေးအနက်ထားကစားနိုင်ရင်တော့ တန်းဆင်းဇုန်အောက်ဆုံးကို ရောက်နေတဲ့ ဂရုသာဖို့ဒ်တို့ရဲ့ ရုန်းကန်အားက အရာထင်လာစရာတော့ မရှိပါဘူး။ ဒါပေမယ့် အမြင့်ဆုံးသရေရလဒ်ကို မျှော်မှန်းပြီးခြေကုန်ထုတ်မှာမို့ ရှော်လ်ကေးတို့ မမျှော်လင့်တဲ့ တုံ့ပြန်မှုတွေနဲ့ ရင်ဆိုင်ရဖွယ်လည်း ရှိနေပါတယ်။

နုရင်ဘတ်နှင့် မွန်ချန်

အိမ်ကွင်းမှာ နုရင်ဘတ်ရဲ့ ပြင်းထန်တဲ့ တုံ့ပြန်မှုကို မွန်ချန်တို့ ကြုံတွေ့ရဖို့ရှိနေပါတယ်။ တန်းဆင်းဇုန်နားက ကွာဝေးရေးအမှတ် လိုအပ်နေတဲ့ နုရင်ဘတ်နဲ့ ရပ်တည်မှုအနေအထားပြောင်းလဲဖို့ ကြိုးစားမယ့် မွန်ချန်တို့ပွဲကတော့ အကြိတ်အနယ်ရှိလာမယ့်ပွဲ ဖြစ်ပါတယ်။

ဝါဒါဘရီမင်နှင့် ဟန်နိုဗာ

ရှုံးပွဲတွေ ဆက်တိုက်ကြုံထားရတဲ့ ဝါဒါဘရီမင်ဟာ ဒီပွဲမှာတော့ အနိုင်ရရှိရေးပြင်းထန်တဲ့ အားထုတ်မှုတွေနဲ့ ဟန်နိုဗာကို ဖိအားပေးကစားပါလိမ့်မယ်။ ဒါပေမယ့် ဟန်နိုဗာတို့ကလည်း မမျှော်လင့်တဲ့ရလဒ်ကို ဖန်တီးနိုင်သူတွေဖြစ်တာမို့ ဒီပွဲကို အမှားအယွင်းနည်းနည်းနဲ့ ကစားပါလိမ့်မယ်။

ဒက်စ်ဆယ်ဒေါ့ဖ်နှင့် စတုဂတ်

နှစ်သင်းစလုံးရှုံးပွဲတွေဆက်တိုက်ကြုံတွေ့ထားရလို့ ဒီပွဲမှာတော့ အနိုင်ရလဒ်ကို အပြိုင်ပုံဖော်ကြပါလိမ့်မယ်။ အမှတ်လိုအပ်မှု၊ အနိုင်ရလိုစိတ်ပြင်းထန်နေမှုနဲ့ ကစားအားတူညီနေမှုတို့က ဒီပွဲကိုရသမြောက်စေမှာအမှန်ပါပဲ။

မိုးမြင့်လင်းလက်- ရေးသားသည်

အားကစားသတင်း အတိုအထွာ

- ဆွမ်ဆီးဂိုးသမား အသက် ၂၉ နှစ်အရွယ်ရှိ မိုက်ကယ်ဗွန်အား ဘာစီလိုနာအသင်းက ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိသည်။
- လီဗာပူးတိုက်စစ်မှူး အသက် ၂၆ နှစ်အရွယ်ရှိ ဆွာရက်ဇ်အား ဘိုင်ယန်မြူးနစ်က လာမည့်နွေရာသီတွင် ခေါ်ယူရန်ကြိုးစားနေပြီဖြစ်သည်။
- တောင်ကိုရီးယားတိုက်စစ်မှူး အသက် ၂၄ နှစ်အရွယ်ရှိ ကင်ရှန်ဝုခ်အား ကျူပီအာနှင့် အဲဗာတန်အသင်းတို့က ခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။ အရပ် ၆ ပေ ၅ လက်မမြင့်သော အူလ်ဆန်ဟွန်ဒိုင်းကလပ် တိုက်စစ်မှူး ကင်ရှန်ဝုခ်သည် တောင်ကိုရီးယားမှ ပီတာခရော့ချ်ဟု တင်စားခေါ်ဝေါ်ခံရသူဖြစ်သည်။
- အေဇက်အယ်ခမာအသင်း ကွင်းလယ်ကစားသမား အဒမ်မာဟာအား အာဆင်နယ်က ခေါ်ယူရန်ကြိုးစားလျက်ရှိသည်။
- အီကွေဒိုတောင်ပံကစားသမား အသက် ၂၃ နှစ်အရွယ်ရှိ မွန်တီရိုအား ဝီဂန်အသင်းက ပြောင်းရွှေ့ကြေး ၂ ဒသမ ၇၅ သန်းဖြင့် ခေါ်ယူစာချုပ်တော့မည်ဖြစ်သည်။
- နော့ဝစ်အသင်း တိုက်စစ်မှူး အသက် ၃၁ နှစ်အရွယ်ရှိ ဂရန့်ဟိုလ်ကအသင်းမှထွက်ခွာရန် စီစဉ်နေရာ ဆဲလ်တစ်အသင်းမှ အသက် ၂၅ နှစ်အရွယ် ဟိုးပါးနှင့် အစားထိုးရန် စီစဉ်လျက်ရှိသည်။
- ဖူလ်ဟမ်အသင်းသည် ဘယ်လ်ဂျီယံတိုက်စစ်မှူး အသက် ၂၉ နှစ်အရွယ်ရှိ ကာမာဂိုအား ခေါ်ယူစာချုပ်ရန် နီးစပ်နေပြီဖြစ်သည်။
- ဘလက်ဘန်းအသင်း၌ အငှားချထားသော အသက် ၂၆ နှစ်အရွယ် တိုက်စစ်မှူး ရစ်ချက်အား ဂါလာတာစာရေးအသင်းက ပြန်လည်ခေါ်ယူရန် စီစဉ်နေသည်။
- မန်စီးတီးအသင်းသည် ယခုနှစ်၌ ပရီမီယာလိဂ်ဖလားကို ရယူရန် မန်ယူအပေါ်တွင် တည်နေကြောင်း ပြင်သစ်နောက်ခံလူ အသက် ၂၇ နှစ် အရွယ်ရှိ ကလီချေက ထုတ်ဖော်ပြောကြားသည်။
- ဘရန်ဖို့ဒ် တိုက်စစ်မှူး ဒိုလ်နယ်ဆင်က ချယ်လ်ဆီးအသင်းသည် ခြေစွမ်းကောင်းမွန်ပြီး အသင်းလိုက်ကစားအားကောင်းသောအသင်းဖြစ်ကြောင်း ထုတ်ဖော်ချီးကျူးလိုက်သည်။
- အာဆင်နယ်တိုက်စစ်မှူးဟောင်း အွန်နရီကို ပြန်လည်ဝယ်ယူသင့်ကြောင်း အာဆင်နယ်အသင်းမှ တာဝန်ရှိသူတစ်ဦးဖြစ်သည့် အက်စ်မာနော့ဗ်က ပြောကြားသည်။

မောင်ချစ်ကြည် - ရေးသားသည်

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

ပုဂံဒေသ၌ ပဒေါင်တိုင်းရင်းသူကြီးများက ရိုးရာပစ္စည်းများ ကိုယ်တိုင်ထုတ်လုပ်ရောင်းချနေ

ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေ၌ ဘုရားပုထိုးစေတီများပေါ်များသကဲ့သို့ မြန်မာ့ရိုးရာလက်မှုပညာဖြင့် ထုတ်လုပ်သော ဒေသထွက်ရိုးရာပစ္စည်းများသည်လည်း ပေါကြွယ်လှသည်။

ပုဂံဒေသထွက်ရိုးရာပစ္စည်းများအပြင် ပဒေါင်တိုင်းရင်းသားတို့၏ ရိုးရာလက်မှုအနုပညာပစ္စည်းများနှင့် ရိုးရာပစ္စည်းများ လက်တွေ့လုပ်ဆောင်နေမှုကို ကမ္ဘာလှည့်ခရီးသည်များ ကြည့်ရှုလေ့လာနိုင်စေရန်နှင့် ခရီးသွားလုပ်ငန်း မြှင့်တင်နိုင်စေရန်အတွက် ကယားပြည်နယ်မှ ပဒေါင်တိုင်းရင်းသား၊ တိုင်းရင်းသူကြီးအချို့က ပုဂံဒေသရှိ မြင်းကပါကျေးရွာ၌ အခြေချနေထိုင်၍ ရိုးရာပစ္စည်းများထုတ်လုပ်လျက်ရှိကြောင်း သိရှိရသည်။

ပဒေါင်တိုင်းရင်းသူကြီးများမှာ အသက် ၇၀ အရွယ်အဘွားအိုနှစ်ဦး၊ ဂိုးရို့စ်ကော်ဖီမစ်ကြော်ငြာတွင် သရုပ်ဆောင်လုပ်ခဲ့သူ အသက် ၆၆ နှစ်အရွယ်အဘွားအိုတစ်ဦးနှင့် အသက် ၁၆ နှစ် အရွယ်မိန်းမပျိုတစ်ဦးတို့က ရက်ကန်းလုပ်ငန်းဖြင့် လွယ်အိတ်၊ တဘက်၊ အင်္ကျီနှင့် ငွေထည်ပစ္စည်းများကို ကိုယ်တိုင်ထုတ်လုပ်၍ ရောင်းချပေးလျက်ရှိသည်။

ပုဂံဒေသသို့ လာရောက်အခြေချနေထိုင်ဖြစ်ပုံနှင့် ပတ်သက်၍ ပဒေါင်တိုင်းရင်းသား ကိုကာခဲ့က "ကျွန်တော်တို့ကယားဒေသမှာထက် အလုပ်လုပ်ရတာ အဆင်ပြေမယ်ထင်လို့ ဒီဒေသကို ပြောင်းလာပြီး အလုပ်ထွက်လုပ်ရတာပါ။ ကျွန်တော်တို့ အင်းလေးဒေသမှာလည်း ၁၀ နှစ်လောက်ကြာအောင် နေထိုင်လုပ်ကိုင်ခဲ့ဖူးပါတယ်။အခု ပုဂံဒေသကို ရောက်တာကတော့ ၂၀၁၀ ခုနှစ်လောက်မှာပါ။ ဒီပုဂံမှာလည်း အလုပ်အကိုင်က မဆိုးပါဘူး။ ကျွန်တော်တို့ရဲ့ ရိုးရာပစ္စည်းတွေကိုလည်း ကမ္ဘာလှည့်ခရီးသည်တွေနဲ့ ပြည်တွင်းခရီးသွားတွေကိုလည်း သိစေချင်လို့ပါ" ဟု ပြောပြသည်။

ပဒေါင်အဘွားအိုများသည် ရက်ကန်းလုပ်ငန်းများအပြင် ဟိုတယ်များမှ ဧည့်ခံပွဲများတွင် ပဒေါင်တိုင်းရင်းသားရိုးရာတေးသီချင်းများဖြင့် ဖျော်ဖြေလိုပါက ၎င်းတို့က လိုက်လံဖျော်ဖြေပေးနေကြောင်း သိရှိရသည်။

(ကိုကြီးသာ)

မိတ္ထီလာစာရေးဆရာများအသင်း ဆိုင်းဘုတ်တင်

မိတ္ထီလာ ဇန်နဝါရီ ၂၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ စာရေးဆရာများအသင်း ဆိုင်းဘုတ်တင်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက် နံနက် ၁၀ နာရီက စုပေါင်းရုံးကြီး၏အောက်ထပ်ရှိ အသင်းရုံးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါအခမ်းအနားကို ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး၊ သဘင်ကောင်စီ၊ ဂီတကောင်စီ၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့အသီးသီးမှ ဥက္ကဋ္ဌများ၊ မြို့နယ်စာရေးဆရာအသင်းဝင်များနှင့် မြို့နယ်သတင်းထောက်များ တက်ရောက်ခဲ့ကြသည်။

၁၃၇၄ ခုနှစ် စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲနှင့် ဆုပေးပွဲအခမ်းအနားကို မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးဘထိန် (ထီလာ ဖိုးဘထိန်)က ဦးဆောင်ပြီး ဇန်နဝါရီ ၃၀ ရက် ညနေမှစ၍ ကန်တော်မင်္ဂလာခန်းမတွင် စာရေးဆရာကြီး ကိုလေး (အင်းဝဂုဏ်ရည်)၊ စာရေးဆရာ ကောင်းဆက်နိုင်၊ စာရေးဆရာမ သျှီ (အင်ကြင်း) တို့က ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

(၀၀၆)

သတိပေးနှိုးဆော်ချက်

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တော်အတွင်း အများပြည်သူ သွားလာမှုအဆင်ပြေစေရေး၊ ယာဉ်ကြောပိတ်ဆို့မှုဖြေရှင်းပေးနိုင်ရေး အထောက်အကူပြုနိုင်ရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းချိုးဖောက်သော မော်တော်ယာဉ်များကို စည်းကမ်းစနစ်တကျသွားလာနိုင်ရေးအတွက် ယာဉ်ကြောပိတ်ဆို့မှု အများဆုံးဖြစ်သော နေရာ(၉) နေရာတွင် ၂၂-၁-၂၀၁၃ ရက်နေ့မှ ၂၈-၁-၂၀၁၃ ရက်နေ့ထိ ပညာပေးကာလသတ်မှတ်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ယာဉ်ကြောရှင်းလင်းရေးနှင့် စနစ်တကျသွားလာနိုင်ရေးကို စီမံဆောင်ရွက်လျက်ရှိပါသည်။

၂၈-၁-၂၀၁၃ ရက်နေ့တွင် ပညာပေးကာလပြီးဆုံးပြီး ၂၉-၁- ၂၀၁၃ ရက်နေ့မှစတင်၍ ရန်ကုန်မြို့တော်တွင် သွားလာနေသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသည့် မော်တော်ယာဉ်နှင့်လူများကို တည်ဆဲမော်တော်ယာဉ်ဥပဒေ၊ နည်းဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြိုတင်သတိပေး နှိုးဆော်အပ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ ပြင်ခရိုင်တောင်ပိုင်းရပ်ကွက်၌ မီးလောင်မှုဖြစ်ပွား

ပုသိမ် ဇန်နဝါရီ ၂၉

ဖြစ်ပွားပုံမှာ ဇန်နဝါရီ ၂၈ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ ပြင်ခရိုင်တောင်ပိုင်း သီတာလမ်းနေ ဦးတင်ထွန်း၏ နေအိမ်မှစတင်၍ မီးလောင်မှုဖြစ်ပွားရာ ကျေးလက်အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀၊ ပြင်ခရိုင် ရဲတပ်ဖွဲ့မှ စခန်းမှူး ရဲအုပ်သန်းနိုင်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ဟိုင်းကြီးကျွန်းမြို့နယ်ခွဲ မီးသတ်တပ်ဖွဲ့ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များက အချိန်နှင့် တစ်ပြေးညီ ငြိမ်းသတ်နိုင်ခဲ့မှုကြောင့် မိနစ် ၃၀ အတွင်း မီးငြိမ်းသွားကြောင်း သိရှိရသည်။

ယင်းဖြစ်ရပ်ကြောင့် အိမ်ကြီး အိမ်ကောင်း ငါးလုံးနှင့် အိမ်တစ်လုံးမှာ ထက်ဝက်ခန့် မီးလောင်ကျွမ်းခဲ့ရသည်။ ဆုံးရှုံးမှုတန်ဖိုးနှင့် စတင်မီးလောင်မှုဖြစ်စဉ်ကို တာဝန်ရှိသူတို့က စုံစမ်းစစ်ဆေးလျက်ရှိသည်။

(၀၇၇)

ကိုယ့်အားကိုယ်ကိုး ကြိုးတံတားတည်ဆောက်

ဟုမ္မလင်း ဇန်နဝါရီ ၂၉

ဟုမ္မလင်းမြို့နယ် ညောင်ကုန်းအုပ်စု လက်ပံသာ-ရတနာကျွန်းချောင်းကြီး ချောင်းဖြတ်ကူးကြိုးတံတားကို ၂၀၁၂ ခုနှစ် ဖေဖော်ဝါရီလမှစတင်ဆောက်လုပ်ခဲ့ရာ ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် အချောသပ်လုပ်ငန်းများသာကျန်ရှိတော့ကြောင်း တာဝန်ခံဆောက်လုပ်သည့် ဦးသန်းတူးနှင့် ဦးပြည့်စုံတို့ကပြောကြားသည်။ အဆိုပါကြိုးတံတားကို ဒေသခံပြည်သူများက စုပေါင်း၍ကိုယ့်အားကိုယ်ကိုးတည်ဆောက်ခဲ့ခြင်းဖြစ်ပြီး ခန့်မှန်းငွေကျပ်သိန်း ၁၁၀၀ ကုန်ကျမည်ဖြစ်ကြောင်း သိရသည်။

(၁၁၇)

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
သတင်းအချက်အလက်နှင့်နည်းပညာဌာန

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့်နည်းပညာဌာနအတွက် လိုအပ်သော Router, Firewall, SCE, Proxy, Servers & Switch ပစ္စည်းများအား နိုင်ငံခြားငွေ(FE)ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့်စက်ပစ္စည်းအသေးစိတ်စာရင်းအား ၃၁-၁-၂၀၁၃ရက်မှ စတင်၍ အောက်ဖော်ပြပါလိပ်စာတွင်ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက်နှင့်အချိန် - ၇-၂-၂၀၁၃ရက်၊ ညနေ ၄း၃၀နာရီ

အင်ဂျင်နီယာချုပ်ရုံး
သတင်းအချက်အလက်နှင့်နည်းပညာဌာန
ကမ္ဘာအေးဘုရားလမ်း၊ စမိုင်လမ်းဆုံအနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၁-၆၅၀၃၅၆၊ ၀၁-၆၅၆၉၃၇

ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန
မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း
သတင်းအချက်အလက်နှင့်နည်းပညာဌာန

၁။ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ သတင်းအချက်အလက်နှင့်နည်းပညာဌာနအတွက် လိုအပ်သော Routers, Firewall, Switches & Accessories, Servers, Computer နှင့် ဆက်စပ်ပစ္စည်းများ၊ မီးသတ်ဆေးဘူးများ၊ Library Software & e-Book Scanner, Audio System နှင့်ဆက်စပ်ပစ္စည်းများအား မြန်မာကျပ်ငွေ (Kyat) ဖြင့် ဝယ်ယူလိုပါသည်။

၂။ တင်ဒါပုံစံနှင့် စက်ပစ္စည်းအသေးစိတ်စာရင်းအား ၃၁-၁-၂၀၁၃ ရက်မှ စတင်၍ အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ တင်ဒါပိတ်ရက်နှင့်အချိန် - ၇-၂-၂၀၁၃ရက်၊ ညနေ ၄း၃၀နာရီ

အင်ဂျင်နီယာချုပ်ရုံး
သတင်းအချက်အလက်နှင့်နည်းပညာဌာန
ကမ္ဘာအေးဘုရားလမ်း၊ (၈)မိုင်လမ်းဆုံအနီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၆၅၀၃၅၆၊ ၀၁-၆၅၆၉၃၇

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
ပင်စင်စားများသိသာရန်ကြေညာချက်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းတွင် အငြိမ်းစားပင်စင်လစာ ထုတ်ယူခံစားလျက်ရှိသော ဝန်ထမ်းများ၏ တိုးမြှင့်ပင်စင်ခံစားခွင့်ရရှိရေး ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့အထိ လာရောက်ဆက်သွယ်လျှောက်ထားခြင်းမရှိသေးသည့် ပင်စင်စားများအနေဖြင့် ၃၁-၁-၂၀၁၃ ရက် နောက်ဆုံးထား၍ နီးစပ်ရာ မြို့နယ်/ခရိုင်/တိုင်းဒေသကြီး/ပြည်နယ် လျှပ်စစ်အင်ဂျင်နီယာရုံးများသို့ အမြန်လာရောက်ဆက်သွယ်လျှောက်ထားကြပါရန် အကြောင်းကြားအပ်ပါသည်။

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ နေပြည်တော်
ပစ္စည်းဟောင်းရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး ကွန်ပျူတာဌာနစုတွင် အောက်ဖော်ပြပါ ကွန်ပျူတာနှင့်ဆက်စပ်ပစ္စည်းအဟောင်းများကို ရောင်းချလိုပါသည်။

1.	System Unit	34 Nos
2.	Monitor 15"	20 Nos
3.	UPS	5 Nos
4.	Keyboard	10 Nos
5.	Fax(Panasonic)	3 Nos
6.	Printer	29 Nos

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၃၁-၁-၂၀၁၃ ရက်မှ ၆-၂-၂၀၁၃ ရက်အထိ နေ့စဉ် နံနက် ၉း၃၀ နာရီမှ ညနေ ၁၆ နာရီအထိ ရုံးဖွင့်ရက်အတွင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ ရုံးအမှတ် ၁၂၊ နေပြည်တော်ကွန်ပျူတာဌာနတွင် တစ်စောင် ကျပ် ၁၀၀၀ ဖြင့် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁၃-၂-၂၀၁၃ ရက် နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ ရုံးအမှတ် ၁၂၊ နေပြည်တော် လေ့ကျင့်ရေးဌာနတင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၊ လေ့ကျင့်ရေး(ကွန်ပျူတာ)ဌာန၊ တင်ဒါစိစစ်ရေးအဖွဲ့၊
ရုံးအမှတ် ၁၂၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၇၂၁၈



သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလုတိုး

MYANMAR PEDIATRIC SYMPOSIUM,2013
ဖိတ်ကြားခြင်း

Myanmar Pediatric Society နှင့် မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံများအသင်း (Myanmar Private Hospital's Association) တို့ ပူပေါင်းစီစဉ်သော MYANMAR PDEIATRIC SYMPOSIUM, 2013 အား ဖော်ပြပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စိတ်ပါဝင်စားသူ ဆရာဝန်များအားလုံး တက်ရောက်နိုင်ပါရန် ဖိတ်ကြားအပ်ပါသည်။

ရက်စွဲ - ၃၁-၁-၂၀၁၃ရက်(ကြာသပတေးနေ့)
အချိန် - နံနက် ၈နာရီမှ ညနေ ၄ နာရီအထိ
နေရာ - ရတနာပုံခန်းမ
မြန်မာနိုင်ငံ ဆရာဝန်များအသင်း(မန္တလေး)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

အမှတ်(၁၆)အထက ကျောင်းသားဟောင်းများ အာစရိယပူဇော်

မန္တလေး ဇန်နဝါရီ ၂၉

မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းသားကျောင်းသူဟောင်းများ၏ (၁၅) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို အဆိုပါကျောင်းဝင်းအတွင်းရှိ ပညာတန်ဆောင်ခန်းမကြီး၌ ဇန်နဝါရီ ၂၇ ရက်က ကျင်းပသည်။

ပူဇော်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာကျင်းပရာ အပူဇော်ခံကျောင်းအုပ်ကြီးလေးဦးနှင့် ဆရာဆရာမကြီး ၁၈၉ ဦးတို့အား ပူဇော်ကန်တော့ငွေကျပ် ၁၇၈ သိန်းကျော်နှင့် ကန်တော့လက်ဆောင်ပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြပြီး ရာသက်ပန် ငွေပဒေသာပင် ငွေကျပ်သိန်း ၂၀ နှင့် ကျန်းမာရေး ငွေပဒေသာပင်များ စိုက်ထူလှူဒါန်းသည်။

အဆိုပါပူဇော်ပွဲတွင် အထက(၁၆)မှ ဇီဇဝါကျောင်းဆောင်အဟောင်းကြီးကို ကျောင်းသားဟောင်းများက လေလံဆွဲဝယ်ယူ၍ ရေတံခွန်တောင်ခြေရှိ ဆရာကြီး ဦးသန်း၏ လယ်တီမူ ဝိပဿနာရိပ်သာကျောင်းတွင် ဇီဇဝါယောဂီကျောင်းဆောင်ကို ဆောက်လုပ်လှူဒါန်းမှုအတွက် ဆရာဆရာမကြီးများနှင့် ကျောင်းသားဟောင်းများက ငွေကျပ် ၁၃ သိန်းကျော် ထည့်ဝင်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

(ဝ၄၀)

နွေအတွက် ရေမခက်ရေး စက်ရေတွင်းများတူးဖော်ပေး

ကျောက်ပန်းတောင်း ဇန်နဝါရီ ၂၉

အညာဒေသတွင် မုတ်သုံမိုးသည် အောက်တိုဘာလမှစ၍ထွက်ခွာသွားပြီဖြစ်သည်။ ရာသီမမှန်သော မုတ်သုံမိုးကြောင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ်တွင် ၂၀၁၂ ခုနှစ် မိုးရာသီ၌ မိုးရေချိန် ၂၂ လက်မခန့်သာ ရွာသွန်းခဲ့ပြီး ပုံမှန်မိုးရေချိန် ၃၅ လက်မထက် ၁၃ လက်မလျော့ ရွာသွန်းခဲ့သဖြင့် မြို့နယ်အတွင်းရှိ သောက်သုံးရေကန်များတွင် ရေလုံလောက်အောင်မရရှိမှုကြောင့် ၂၀၁၃ ခုနှစ် နွေရာသီတွင် အချို့ကျေးရွာများ၌ လူနှင့် တိရစ္ဆာန်များ သောက်သုံးရေ ခက်ခဲမှုများဖြစ်ပေါ်လာနိုင်သဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အစီအစဉ်ဖြင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၏ ဆောင်ရွက်ပေးမှုဖြင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်း သောက်သုံးရေခက်ခဲနေသည့် ကန်ပေါက်ကျေးရွာ၊ ပေါက်သစ်ကျေးရွာနှင့် နဘဲတန်းကျေးရွာများတွင် ဝန်ကြီးဌာန၏ကုန်ကျစရိတ်အစီအစဉ်ဖြင့် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနပိုင် (RG)အမျိုးအစား တွင်းတူးစက်ကြီးဖြင့် စက်ရေတွင်းများ တူးဖော်သွားမည်ဖြစ်သည်။

ကျောက်ပန်းတောင်းမြို့နယ် ကန်ပေါက်ကျေးရွာတွင် ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနပိုင်(RG) တွင်းတူးစက်ကြီးဖြင့် ဇန်နဝါရီ ၁၁ ရက်က စတင်တူးဖော်ပေးနေရာ ပေ ၅၀၀ ကျော်အထိ ရောက်ရှိနေပြီဖြစ်သည်။ ကန်ပေါက်ရွာတွင် စက်ရေတွင်းတူးဖော်ပြီးနောက် ပေါက်သစ်ကျေးရွာနှင့် နဘဲတန်းကျေးရွာများကိုလည်း ဆက်လက်တူးဖော်ပေးသွားမည်ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနမှ နွေအတွက် ရေမခက်စေရန် ကျောက်ပန်းတောင်းမြို့နယ်အတွင်း ရေခက်ခဲနေသည့် ကျေးရွာများတွင် စက်ရေတွင်းများ တူးဖော်ပေးနေသဖြင့် ကျေးရွာသူ ကျေးရွာသားများက ဝမ်းသာပျော်ရွှင် ကျေးဇူးတင်နေကြသည်။

(ဝ၁၂)

စည်းကမ်းမဲ့ အမှိုက်ပစ်မှုကြောင့် အနံ့အသက်များ ခံစားနေကြရ

စစ်ကိုင်း ဇန်နဝါရီ ၂၉

စစ်ကိုင်းမြို့ မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးနှင့် လမ်းမကောင်းသည့် လမ်းများ အပြည့်အဝခင်းကျင်းပေးခြင်း၊ လမ်းပေါက်ကြီးများ ဖာထေးပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။

စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့သန့်ရှင်းသာယာရေး စနစ်တကျအမှိုက်ပစ်နိုင်ရေးအတွက် အမှိုက်ပုံးများကို ရပ်ကွက်အသီးသီးတွင် ထားရှိပေးခြင်းများအပြင် ခေါင်းလောင်းတီးစနစ်ဖြင့်လည်း ရပ်ကွက်များသို့ အလှည့်ကျ စည်ပင်ပိုင် ကားများဖြင့် အမှိုက်များ သိမ်းဆည်းပေးသည်။

မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ မည်သို့ပင် ဆောင်ရွက်ပေးနေသော်လည်း စစ်ကိုင်းမြို့ မြို့မဈေးကြီး၏ အနောက်ဘက် ဆိုင်ခန်းအမှတ်(၃)(၄)ဆိုင်ခန်းရှေ့ လမ်းဘေးတွင် စည်းကမ်းမဲ့သူများက အမှိုက်များပစ်ခြင်းကြောင့် အနီးအနားပတ်ဝန်းကျင် အိမ်တချို့နှင့် ဆိုင်ခန်းပိုင်ရှင်များ၊ လာရောက် ဈေးဝယ်သူများမှာ အနံ့အသက်ဆိုးများ နေ့စဉ်ခံစားနေကြရပြီး အဆိုပါ အမှိုက်ပုံကိုလည်း လူသွား လူလာခြင်းမရှိသည့်နေရာတွင် ထားရှိပေးရန် လိုလားနေကြောင်း သိရသည်။

(၁၄၀)

ကျေးရွာအလိုက် ဘောလုံးပြိုင်ပွဲဖွင့်

အမရပူရ ဇန်နဝါရီ ၂၉

အမရပူရမြို့နယ် မြစ်ငယ်-စာတိုးမြို့ပြင်ကြီး စက်ကွေ့အုပ်စု အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌဒိုင်း ကျေးရွာအလိုက် ဘောလုံးပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၂၅ ရက် မွန်းလွဲ ၂ နာရီခွဲက အဆိုပါကျေးရွာ ဘောလုံးကွင်း၌ကျင်းပရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဥက္ကဋ္ဌ ဦးထွန်းလွင်၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးအောင်ကြည်၊ မန္တလေးဘောလုံးအသင်း ဒုတိယဥက္ကဋ္ဌ ဦးမြင့်လွင်တို့က ဘောလုံးပြိုင်ပွဲကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေးကြပြီး ပြိုင်ပွဲဝင် ဘောလုံး အားကစားသမားများ၊ ဒိုင်လူကြီးများအား တစ်ဦးချင်းလိုက်လံ နှုတ်ဆက်အားပေးခဲ့ကြသည်။

ထို့နောက် အထက်မြန်မာပြည် လက်ရွေးစင် ဘောလုံးသမားဟောင်းများ အသင်းဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အသင်းဝင်များက ဘောလုံးပြိုင်ပွဲအတွက် အားကစားဝတ်စုံများ၊ ဘောလုံးများကို တာဝန်ရှိသူတို့ထံ ပေးအပ်လှူဒါန်းကြပြီး ဒေသခံ အမျိုးသမီးလှပျိုဖြူများက ပြိုင်ပွဲဝင် အားကစားသမားများအား ပန်းစည်းများ ပေးအပ်ခဲ့ကြသည်။

ယင်းနောက် အထက်မြန်မာပြည် လက်ရွေးစင် ဘောလုံးသမားဟောင်းများ မန္တလေးအသင်းနှင့် ဒေသခံ အမရပူရမြို့နယ် မြို့ပြင်ကြီးကျေးရွာအုပ်စု လက်ရွေးစင်ဘောလုံးသမားများက ချစ်ကြည်ရေးမိတ်ဆက် ဘောလုံးပြိုင်ပွဲ ယှဉ်ပြိုင်ကစားကြရာ မန္တလေးအသင်းက သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ ထို့နောက် ကျေးရွာအလိုက် ဘောလုံးပြိုင်ပွဲ ရှုံးထွက် ပထမပွဲစဉ်ကိုယှဉ်ပြိုင်ကြရာ မြို့ပြင်ကြီးကျေးရွာအသင်းက မြောက်ကိုင်းအသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိသွားကြောင်းနှင့် ပြိုင်ပွဲတွင် ဘောလုံးအသင်းပေါင်း ၃၅ သင်း ပါဝင်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

တင်မောင်(မန္တလေး)

အားကစားမြှင့်တင်
စိတ်လန်းရွှင်
ဆန့်ကျင်မူးယစ်ဆေး

မျိုးဆက်သစ်ဘောလုံးဒိုင်လူကြီး သင်တန်းဆင်း

မန္တလေး ဇန်နဝါရီ ၂၉

မန္တလေးတိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ် ဒိုင်ဌာနမှကြီးမှူး၍ ၂၀၁၃ ခုနှစ် မျိုးဆက်သစ် ဘောလုံးဒိုင်လူကြီးသင်တန်း အမှတ်စဉ်(၁/၂၀၁၃) သင်တန်းဆင်းပွဲကို ဇန်နဝါရီ ၂၆ ရက် နံနက် ၁၀ နာရီက အဆိုပါဘောလုံးအဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ တိုင်းဒေသကြီး ဘောလုံးအဖွဲ့ချုပ် အတွင်းရေးမှူး ဦးအောင်အောင်က သင်တန်းဆင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ ဒိုင်ဌာနမှ ဦးပေါ်စောနှင့် သင်တန်းနည်းပြ ဘောလုံးအဖွဲ့ချုပ် ဒိုင်လူကြီး ကြီးကြပ် ဦးတင်သိန်းတို့က မျိုးဆက်သစ်သင်တန်းဆင်း ဘောလုံးဒိုင်လူကြီးသင်တန်းသားအားလုံးအား ခင်မင်ရင်းနှီးစွာဖြင့် ယခင်သင်တန်းဆင်း ဘောလုံးဒိုင်လူကြီးဟောင်းများနှင့် ပူးပေါင်းညှိနှိုင်း၍ ဒိုင်လုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်အောင် ပူးပေါင်းဆောင်ရွက်ရေးနှင့် သင်တန်းပို့ချမှုအခြေအနေအရပ်ရပ်တို့ကို ရှင်းလင်းပြောကြားခဲ့ပြီး အတွင်းရေးမှူးက သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာ ၂၄ နာရီ လျှပ်စစ်မီးလင်းတော့မည်

မြင်းခြံ ဇန်နဝါရီ ၂၉

မြင်းခြံမြို့နယ် ဆီမီးခုံကျေးရွာတွင် ၂၄ နာရီ လျှပ်စစ်မီးလင်းရန်အတွက် ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာနှစ်လုံးကို ဇေယျာကျော်ထင်ရပ်ကွက်တွင် တစ်လုံးနှင့် မင်းရဲကျော်စွာရပ်ကွက်တွင် တစ်လုံး တပ်ဆင်ခဲ့ပြီး ၁၀ မီတာ ကွန်ကရစ်တိုင် ၆၆ တိုင်နှင့် ၉ မီတာ ကွန်ကရစ်တိုင် ၂၂၄တိုင်စိုက်ထူပြီးဖြစ်ကြောင်း သိရှိရသည်။

မြစ်သား မြစ်ရေတင်စီမံကိန်းသို့ လျှပ်စစ်ဓာတ်အား ပေးပို့နေသော ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံမှ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများဆီသို့ ၁၁ ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းခြင်း၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာမှ ကျေးရွာအတွင်းသို့ ၄၀၀ ဗို့ ဓာတ်အားလိုင်းကြိုးများ သွယ်တန်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့ပြီးဖြစ်၍ ယခုအခါ လူနေအိမ်များဆီသို့ Service ဝိုင်ယာကြိုးများသွယ်တန်းခြင်း၊ အိမ်တွင်းဝိုင်ယာရိန်းတပ်ဆင်ခြင်းနှင့် မီတာဘောက်များ တပ်ဆင်ခြင်းလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ အဆိုပါ တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပါက ရပ်ကွက် ၁၁ ရပ်ကွက်ရှိ အိမ်ထောင်စုပေါင်း ၁၅၀၀ ကျော်ကို ၂၄နာရီ လျှပ်စစ်မီးရရှိမည်ဖြစ်၍ ကျေးလက်နေပြည်သူများမှာ ဝမ်းသာပီတိ ပျော်ရွှင်လျက်ရှိနေကြကြောင်း သိရသည်။

ဆီမီးခုံ-နန်းရီ

(၃၉)နှစ်ပြည့် မင်္ဂလာနှစ်ပတ်လည်ညှော်ခံပွဲ ကျေးဇူးတင်လွှာ

ဖေဖေ ဦးမြင့်ဦး (စီမံထူးချွန်တတိယဆင့်)နှင့် မေမေ ဒေါ်သန်းသန်းနွဲ့ (လူမှုထူးချွန်တတိယဆင့်)တို့၏ (၃၉)နှစ်ပြည့် မင်္ဂလာညှော်ခံပွဲအား ၁၉-၁-၂၀၁၃ရက် Excel Treasure Hotel ၌ သားသမီးများမှ ဂါရဝပြုကျင်းပပြုလုပ်ပေးခဲ့ရာတွင် မေတ္တာဖြင့် ခင်မင်ရင်းနှီးစွာ အားပေးချီးမြှင့်ခဲ့ကြသော ရပ်ဝေးရပ်နီးမှ မင်္ဂလာမောင်နှံ စုံတွဲများနှင့် အဘက်ဘက်မှဝိုင်းဝန်းကူညီပေးခဲ့ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်း။

သားများ၊ သမီးများနှင့် မြေးများ

ဗန်ကောက် ~ ပတ္တရား
16 Feb / 23 Mar
ဗန်ကောက် ~ ဖူးခက်
23 Feb / 23 Mar
စင်ကာပူ ~ မလေးရှား
23 Feb / 23 Mar
ဟောင်ကောင် ~ မကာအို
24 Feb / 24 Mar
မလေးရှား ~ လန်ကာဝီ
23 Feb / 23 Mar
သင်္ကြန်မှာ ပျော်ပျော်ပါးပါး
အတူတူ ခရီးသွားကြရအောင်...
တိုး ဒီ နဲ့ GO ပြီ!
ဘာလီ 12 Apr
ဂျပန် 12 Apr
ဥရောပ 12 Apr
ဩစတြေးလျ 12 Apr
ကိုရီးယား 12 Apr

FAME
Echinacold®
For acute respiratory tract infection
အအေးမိတုပ်ကွေးရောဂါကုဆေး
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified
TMR 007347 (1213)

ဝင်ခွင့်ရရေးသေချာမှုအတွက် ပြင်းပြင်းထန်ထန်သင်ကြားလေ့ကျင့်ပေးသည့်
ကိုကောင်းရိုပ် PGDMA(အလယ်တန်းပြ)
နေ့စဉ်တက်စာသင်ဝိုင်း၊ ဘောက်ဒါ
2.2.13 ရက်စနေ့စမည်
Feb 2 to 21(20 days)
Daily - 7:30 - 10:30AM

ကြော်ငြာ

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက ဦးဆောင်သော

ရွှေပါရမီ ပညာရေးဖောင်ဒေးရှင်း

တက္ကသိုလ်ပညာသင်ဆုရရှိသူများ

(၂၀၁၂-၂၀၁၃ ပညာသင်နှစ်၊ ဦးရေ ၂၀၇ ဦး)

၁။ ဆေးတက္ကသိုလ်

(က) ဆေး(၁) - မောင်အောင်စိုးပိုင်၊ မောင်ဌေးပိုင်။

(ခ) ဆေး(၂) ရန်ကုန် - မောင်စိုးရန်နောင်ဝင်း၊ မောင်မင်းထက်ကျော်၊ မအိသွယ်ဖြိုး၊ မင်းအောင်ဆန်းဦး၊ မိတမာပွန်းနွန့်ရော၊ မောင်ဝေထက်နိုင်၊ မဆုလဲ့ဖြူ၊ မဇော်မာလာဘို၊ မချယ်ရီဝေ၊ မမိုးစက်မှုင့်၊ မမေမဥ္ဇူအေး၊ မောင်ရဲကျော်သူ၊ မောင်ချစ်ညီလင်း။

(ဂ) မန္တလေး - မမေသင်းနိုင်၊ မဇာနည်မော်၊ မအေးချမ်းမွန်၊ မောင်ကျော်ဇိုင်ဝင်း၊ မကေသီဟန်၊ မရွှန်းလဲ့ဝတ်မှုံ၊ မနန်းလွင်မာဖြိုး၊ မဇင်မာမြင့်ဦး၊ မောင်မျိုးမင်းသန်း၊ မောင်နိုင်မျိုးသန့်၊ မောင်ဇိုလ်သူရဦး၊ မောင်ပြည့်ဖြိုးအောင်၊ မောင်ကျော်သက်နိုင်၊ မောင်အောင်ဆန်းဦး၊ မောင်ရဲလင်းသန့်။

(ဃ) မကွေး - မမြတ်ဆုမွန်၊ မောင်ဖြိုးသန်းလှိုင်၊ မခင်ခင်ဝင်း၊ မောင်စိုးသူရိန်ဝင်း၊ မောင်အောင်သူနိုင်၊ မောင်ပြည့်ဖြိုးအောင်၊ မောင်သန်းတိုး၊ မောင်ဂင့်ထန့်ဆန်၊ မောင်အေးချမ်းမောင်၊ မထန်ရှုန်းဒွန့်၊ မောင်ထန်မှန့်လျှန်း။ စုစုပေါင်း (၄၁)ဦး

၂။ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်

(က) ရန်ကုန် - မနှင်းဝတ်ရည်ထွေး၊ မချစ်စု၊ မနိုင်အေးမွန်၊ မောင်စိုးသူအောင်။

(ခ) မန္တလေး - မအေးနှင်းမိုး၊ မအေးမြတ်မွန်ဇော်၊ မအိပိုပိုအောင်၊ မောင်ကျော်ဇင်ဌေး၊ မောင်ညီသုတ၊ မောင်ချမ်းမြေ့သူ။ စုစုပေါင်း (၁၀)ဦး

၃။ သူနာပြုတက္ကသိုလ်

(က) ရန်ကုန် - မသဇင်ယုနွယ်၊ မအိသဥ္ဇာအောင်၊ မသက်အိအိဇင်၊ မဖူးမွန်မွန်သော်၊ မောင်စောရန်နိုင်ထွေး၊ မဇင်လဲ့ဖြူ၊ မသီရိဇင်။

(ခ) မန္တလေး - မသီဂီရွှေရည်၊ မခင်သူဇာ၊ မနိုင်ဆွေဦး၊ မအိအိဝင်း။ စုစုပေါင်း (၁၁)ဦး

၄။ ရန်ကုန်နည်းပညာတက္ကသိုလ်

မမွင့်ဖြူသန့်၊ မမေချမ်းမြေ့၊ မဝင်းလဲ့လဲ့ဆွေ၊ မဖြိုးသူသူနိုင်၊ မဖူးဖူးမေ၊ မချယ်ရီဖြိုး၊ မသက်ထားဆွေ၊ မောင်မြတ်ဇင်။ စုစုပေါင်း(၈)ဦး

၅။ မန္တလေးနည်းပညာတက္ကသိုလ်

မမေသဇင်ဖူး၊ မသိမ့်မြတ်နန္ဒာ၊ မောင်ခွဲမာန်ထွန်း၊ မအိပြည့်စုံ၊ မစံမီသာ၊ မသွယ်စန္ဒာရွှန်း၊ မပိုးအိနိုင်၊ မသီရိဦး၊ မယဉ်နှင်းအေး၊ မဖြိုးသန္တာအောင်၊ မောင်သန့်ဇင်အောင်၊ မောင်အောင်ပြည့်ဖြိုး၊ မောင်ဝဏ္ဏထွန်း၊ မောင်ပိုင်ဟိန်းစိုး၊ မောင်ရဲလင်းထက်၊ မောင်ကောင်းသန့်ဇင်။ စုစုပေါင်း (၁၆)ဦး

၆။ ရတနာပုံဆိုက်ဘာစီးတီးနည်းပညာတက္ကသိုလ်

မောင်ကျော်စောသူ၊ မအေးစန္ဒီခင်၊ မောင်ထင်လင်းဇော်၊ မသီရိကိုကို၊ မဆုလဲ့ဝေ၊ မောင်အောင်ကောင်းမြတ်၊ မောင်နိုင်ရဲမော်၊ မောင်ကျော်ဇောဟန်၊ မောင်မျိုးမြင့်၊ မောင်စိုးသူရ။ စုစုပေါင်း (၁၀)ဦး

၇။ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်

မအိမြတ်မြတ်ချို၊ မမြသီတာဝင်း၊ မချမ်းသီရိ၊ မောင်မင်းဝေဖြိုး၊ မောင်စိုးဇော်ဇော်အောင်၊ မောင်ထက်နိုင်ဦး၊ မောင်ပြည့်ဖုန်းလျှံ၊ မောင်ဟိန်းမင်းထွန်း၊ မောင်ကျော်မင်းထက်၊ မောင်ထူးရဲမင်းပန်။ စုစုပေါင်း (၁၀)ဦး

၈။ ပညာရေးတက္ကသိုလ်

(က) ရန်ကုန် - မသဥ္ဇာမော်၊ မောင်သီဟမောင်၊ မအိခင်ဦး၊ မဝါဝါမြင့်မေ၊ မောင်အောင်ကျော်စွာ၊ မောင်စိုးဝင်းသန်း၊ မယ်နုဝတ်ရည်ဖြိုး၊ မစိုးမြတ်သူ၊ မောင်ထက်ဝေအောင်၊ မဂျူလိုင်မိုး၊ မပပလင်း၊ မောင်ရဲလင်းနောင်၊ မထက်ထက်လွင်၊ မောင်ဖြိုးဝေစံ၊ မသင်းသင်းဝေ၊ မရွှန်းထက်ထက်ဝင်း၊ မောင်နိုင်လင်းထက်၊ မောင်ကျော်မင်းသူ၊ မောင်ချစ်ကိုကို၊ မောင်ဇော်ထက်၊ မဝင်းပပလှိုင်။

(ခ) စစ်ကိုင်း - မနှင်းမှုံမှုံအောင်၊ မသီရိစုလှိုင်၊ မဝင်းမြင့်အေး၊ မောင်ဇော်မျိုးလှိုင်၊ မဝေဝေလင်း၊ မောင်အောင်ကိုကိုထက်၊ မဇင်ဖြူဖြူထက်၊ မောင်နိုင်ဇင်ထွန်း၊ မမိုးမိုးနိုင်၊ မောင်အောင်မင်းသန့်၊ မဌေးဌေးထွေး၊ မယုယုလင်း၊ မောင်ချမ်းဝင်းထွန်း၊ မောင်ရန့်ရှင်းအောင်၊ မသူဇာနွယ်၊ မမေဇင်ဦး၊ မဇင်ဇာမိုး၊ မဌေးဌေးဝေ၊ မောင်လှိုင်မင်းထွန်း၊ မအိအိပြိမ်း၊ မဝေသဲဖြူ၊ မသဥ္ဇာထွေး၊ မောင်အောင်သန်းဇော်၊ မောင်ခူဝံ။ စုစုပေါင်း (၄၅)ဦး

၉။ ပညာရေးကောလိပ်

နိုင်ငံတစ်ဝန်းကျောင်းပေါင်းစုံမှ ကျောင်းသူ/ကျောင်းသားများ။ စုစုပေါင်း (၅၆)ဦး

ရွှေပါရမီပညာရေးဖောင်ဒေးရှင်း၏ ပညာသင်ဆုရရှိသော ကျောင်းသူ/သားများသည် မိမိနှင့်နီးစပ်သော ကမ္ဘောဇဘဏ်ခွဲများ၌ ဘဏ်စာရင်းဖွင့်၍ ဘဏ်ခွဲအမည်၊ ဆက်သွယ်ရန်ဖုန်းနံပါတ်နှင့် Bank Account နံပါတ်၊ အမည်နှင့် နိုင်ငံသားစိစစ်ရေးနံပါတ်ကို kyawthura76@gmail.com သို့ ပို့ပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဆက်သွယ်ရန် အမှတ်(၆၁)၊ မြေညီထပ်၊ စဥ့်အိုးတန်းလမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း ၀၉ ၅၁၉၇၆၅၉ ၊ ၀၉ ၄၂၀၂၇၇၀၆၇ ၊ ၀၉ ၄၂၀၃၂၀၅၀၀။

၅-၂-၂၀၁၃ နေ့မှစ၍ ထောက်ပံ့ငွေများကို ထုတ်ယူပြီး နောင်ထောက်ပံ့ငွေများကိုလည်း လစဉ် ၅ ရက်နေ့မှစ၍ ထုတ်ယူနိုင်ပါသည်။

ရွှေပါရမီပညာရေးဖောင်ဒေးရှင်း

စက်မှုဝန်ကြီးဌာနမှ ထုတ်ဝေဖြန့်ဖြူးသည့် ကနောင်ဂျာနယ်အား အကျိုးတူပူးပေါင်းဆောင်ရွက်ရန် အဆိုပြုလွှာခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ထုတ်ဝေခဲ့သော ကနောင်ဂျာနယ်အား ယခုလက်ရှိအခြေအနေထက် ပိုမိုကောင်းမွန်ပြည့်စုံသော ဂျာနယ်တစ်စောင်အဖြစ် ထုတ်ဝေဖြန့်ဖြူးမှုကို အကျိုးတူပူးပေါင်းဆောင်ရွက်လိုပါသဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

၂။ အဆိုပြုလွှာတင်သွင်းနိုင်ရေးအတွက် အဆိုပြုလွှာပုံစံများအား ဝယ်ယူရောင်းချမှု ကြီးကြပ်ရေးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်တွင် ရုံးချိန်အတွင်းလာရောက်ထုတ်ယူနိုင်ပြီး အဆိုပြုလွှာများအား ဒုတိယဝန်ကြီး၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)သို့ ၂၅-၂-၂၀၁၃ ရက် ၁၆း၃၀ နာရီ နောက်ဆုံးထားပေးသွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ကနောင်ဂျာနယ်တိုက် ဖုန်း-၀၁-၃၇၇၃၁၈၊ စက်မှုဝန်ကြီးဌာန၊ ဝယ်ယူ/ရောင်းချမှုကြီးကြပ်ရေးဌာန၊ ဖုန်း-၀၆၇-၄၀၈၁၉၆၊ ဘဏ္ဍာရေး နှင့် ငွေစာရင်းဌာန ဖုန်း-၀၆၇-၄၀၈၁၂၈ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

စက်မှုဝန်ကြီးဌာန

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

ကျန်းမာရေးဝန်ကြီးဌာန

ကျန်းမာရေးစီမံကိန်းဦးစီးဌာန

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန ကျန်းမာရေးသတင်းအချက်အလက်များကောက်ယူမည့် ပြည်သူ့ကျန်းမာရေးစာရင်းအင်းပုံစံ၊ ဆေးရုံလချုပ်ပုံစံနှင့် ပြင်ပလူနာရောဂါစာရင်း ပုံစံ(၁၅)မျိုးကို ပုံနှိပ်ခြင်း၊ စာအုပ်ချုပ်လုပ်ခြင်းနှင့် အဆိုပါပုံစံများအား တိုင်းဒေသကြီး၊ ပြည်နယ်ကျန်းမာရေးစီမံကိန်းဦးစီးဌာနများသို့ ပေးပို့ခြင်းလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းအသေးစိတ်၊ ပုံနှိပ်ခြင်းနှင့် စာအုပ်ချုပ်ခြင်းလုပ်ငန်းအသေးစိတ်ကို ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးစီမံကိန်းဦးစီးဌာန၊ ရုံးအမှတ် (၄၇)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၃၁၀၇၀ သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့်ပုံစံ(၁၅)မျိုး ပုံနှိပ်ခြင်းနှင့် စာအုပ်ချုပ်ခြင်းလုပ်ငန်းအတွက် ဈေးနှုန်းတင်သွင်းလွှာ-

စတင်ရောင်းချမည့်ရက်-၂၉-၁-၂၀၁၃ ရက် နံနက် ၉း၃၀ နာရီ

၄။ အိတ်ဖွင့်တင်ဒါပိတ်ရက်-၄-၂-၂၀၁၃ ရက် ညနေ ၁၆း၀၀ နာရီ

အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့

၁၉၁၅ ခုနှစ်တွင် တည်ထောင်ခဲ့သော မြန်မာပြည်ဗုဒ္ဓဘာသာပုညကုသလအသင်းကြီး (BBMA) အမှတ် (၁၈၇/၁၈၉) အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊

အကြိမ်(၉၀)မြောက် ပိဋကတ်တော်အလှူပွဲကြီး

နိုင်ငံတော်အစိုးရ သာသနာရေးဝန်ကြီးဌာနမှ မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ် (ခရစ်နှစ် ၂၀၁၂ ခုနှစ်)တွင် ကြီးမှူးကျင်းပပြီးခဲ့သော တိပိဋကဓရစာမေးပွဲ၊ ဓမ္မာစရိယစာမေးပွဲ၊ နိကာယ်စာမေးပွဲ၊ ပထမပြန်စာမေးပွဲများ၌ မြန်မာတစ်နိုင်ငံလုံး ထူးချွန်စွာအောင်မြင်ခဲ့သော သံဃာတော် အရှင်သူမြတ်များ၊ သီလရှင်ဆရာကြီးများကို (BBMA)အသင်းကြီးမှ ကြီးမှူး၍ ရှေးအစဉ်အလာမပျက် ချီးကျူးပူဇော်ပွဲကျင်းပမည်ဖြစ်ပါသောကြောင့် အလှူရှင်များသည် ၃-၃-၂၀၁၃ရက် နောက်ဆုံးထား၍ လှူဒါန်းနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

အကြိမ်(၉၀)မြောက် ပိဋကတ်တော်ပူဇော်ပွဲကျင်းပရေးကော်မတီ
မြန်မာပြည်ဗုဒ္ဓဘာသာပုညကုသလအသင်းအမှုဆောင်အဖွဲ့

အများသိစေရန်ပြန်လည်ကြေညာခြင်း

ကျွန်တော်၏အမှုသည် ကွယ်လွန်သူ ဦးကျင့်ဇထန်-ဒေါ်ကျိန်ဟွေးတို့၏တစ်ဦးတည်းသောသား ဦးငင့်ခန့်ထောန် ၅/ကလထ(နိုင်)၀၅၂၀၅၇နှင့် ဦးကျင့်ဇထန်၏ အဓိကမျိုးဆက်များဖြစ်ကြသော ဦးခုပ်ခန့်တွောင် ၄/တတန(နိုင်)၀၀၇၆၇၇နှင့် ဦးထန်သန့်ဖို ၄/တတန(နိုင်)၀၃၆၁၉၁တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ၇-၁-၂၀၁၃ ရက် မြန်မာ့အလင်းသတင်းစာပါ တရားလွှတ်တော်ရှေ့နေ ဦးဝင်းမြင့်၏ ကြေညာချက်အပေါ် အောက်ပါအတိုင်း အများသိစေရန် ပြန်လည်ကြေညာအပ်ပါသည်။

(၁) စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ တာဟန်းရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ နယ်မြေ(၄)၊ အိမ်အမှတ် ၃၊ ဦးပိုင်အမှတ် ၁၇၁၊ ဧရိယာအားဖြင့် ၀ဒသမ ၁၄ဧကခန့်ရှိ ဝင်းမြေကွက်နှင့် ၄င်းမြေကွက်အပေါ်ရှိ အိမ်တစ်လုံးနှင့် ကလေးမြို့နယ်၊ ကြို့သုံးပင်ကျေးရွာအုပ်စု အကွက်အမှတ် ၈၄၇(ခ)၊ လှိုင်သာယာရှိ ဝင်းမြေကွက်တို့သည် ကွယ်လွန်သူ ဦးကျင့်ဇထန် နာမည်ပေါက် မြေကွက်များဖြစ်ကြပါသည်။

(၂) ယခုအခါ မြေကွက်ပိုင်ရှင် ကျွန်တော်၏အမှုသည် ဦးငင့်ခန့်ထောန်၏ဖခင် ဦးကျင့်ဇထန်နှင့် မိခင် ဒေါ်ကျိန်ဟွေးတို့ ကွယ်လွန်သွားပြီးဖြစ်သဖြင့် တစ်ဦးတည်းသောသားအရင်းဖြစ်သူ ဦးငင့်ခန့်ထောန်သည် ချင်းခလေ့ထုံးတမ်းစဉ်လာအရ အထက်အပိုဒ်(၁)ပါ ဦးကျင့်ဇထန်နှင့် ဒေါ်ကျိန်ဟွေးတို့၏အမွေကို စီမံခန့်ခွဲပိုင်ခွင့်ရှိသောသူ တစ်ဦးတည်းသောသားဖြစ်ပါသည်။

(၃) တရားလွှတ်တော်ရှေ့နေ ဦးဝင်းမြင့်ကို လွှဲအပ်ထားသူများဖြစ်ကြသည့် ဒေါ်မန်းဒိတ်ကျင်း၊ ဒေါ်ငူလ်ငိုက်ကျောင်၊ ဒေါ်ငင်ဟောက်ရှမ်း၊ ဒေါ်အွဲလင်းကျိန်တို့အားလုံးသည် အိမ်ထောင်ကျပြီး၊ လင်ယောကျ်ားရရှိပြီးသူများ ဖြစ်ကြပါသည်။ ဒေါ်ကျိန်ခေါ်ဒိမ်းမှာမူ အိမ်ထောင်မကျသေးဘဲ ကျွန်တော့်အမှုသည်၏ သေတ္တာကို ခိုးဖောက်၍ အရေးကြီးသောစာရွက်စာတမ်းတချို့ကို ခိုးယူ၍ အိမ်မှထွက်ပြေးခဲ့သူဖြစ်ပါသည်။

သို့ဖြစ်ပါသဖြင့်

(က) အိမ်ထောင်ကျပြီး လင်ယောကျ်ားရပြီးသော အဆိုပါ ညီအစ်မတို့၏လွှဲအပ်ညွှန်ကြားချက်သည် ချင်းခလေ့ထုံးတမ်းစဉ်လာဥပဒေအရ ဗီလာဆန့်ကျင်နေသဖြင့် အထက်အပိုဒ်-၁ပါ တာဟန်းရပ်ကွက်နှင့် ကြို့သုံးပင်ကျေးရွာအုပ်စု (ယခုလှိုင်သာယာ) ရပ်ကွက်ရှိ ကွယ်လွန်သူ ဦးကျင့်ဇထန် နာမည်ပေါက် အိမ်နှင့် ဝင်းမြေကွက်များကို တစ်ဦးတည်းသောသားအရင်းဖြစ်သူ ဦးငင့်ခန့်ထောန်ကသာ စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်းနှင့်

(ခ) အထက်အပိုဒ်-၃ပါ အိမ်ထောင်မကျသေးသူ မကျိန်ခေါ်ဒိမ်းသည် ကျွန်တော့်အမှုသည်၏ သေတ္တာကို ခိုးဖောက်ထွင်း၍ ခိုးယူသွားသော စာရွက်စာတမ်းတချို့ကို ဤကြော်ငြာသည့်ရက်မှစ၍ တစ်လအတွင်း ကျွန်တော့်ထံတွင်ဖြစ်စေ၊ ကျွန်တော်၏အမှုသည်များထံတွင်ဖြစ်စေ ပေးအပ်ခြင်းမရှိပါက ဥပဒေအရ အရေးယူ တရားစွဲမည်ဖြစ်ကြောင်း အများသိစေရန် ပြန်လည်၍ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအက်စ်ငင့်ထန် LL.B
တရားလွှတ်တော်ရှေ့နေ (စဉ်-၇၈၃၇)
ဖုန်း-၀၇၀-၅၀၁၂၈၊ ၀၇၀-၅၀၄၂၆

ကြော်ငြာ

မြတ်မွန်ရတနာ အထူးကု ဆေးခန်းဖွင့်လှစ်ခြင်းအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း

သံအမတ်ကြီး ဦးလှမောင် (ငြိမ်း) ဦးဆောင်နာယကပြုသော မြတ်မွန်ရတနာ အဆင့်မြင့်ရောဂါရှာဖွေရေးနှင့် အထူးကုဆေးခန်းအား ၂၇-၁-၂၀၁၃ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် များစွာဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့်

အခြေခံလူတန်းစားများအပါအဝင် ပြည်သူများအား ကုန်ကျစရိတ်အနည်းဆုံးနှင့် အထိရောက်ဆုံး ကျန်းမာရေးဝန်ဆောင်မှုပေးမည့် ရည်ရွယ်ချက်နှင့် ကျန်းမာရေးပညာပေးဟောပြောပွဲ အစီအစဉ်များကိုလည်း အခါအားလျော်စွာ အခမဲ့စီစဉ်ပေးမည့် ရည်မှန်းချက်များ ပြည့်စုံ၍ ထင်ပေါ်အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်...

ဦးကိုကိုလတ် (Chairman)
Gulf Group of Companies
ဦးတင်အေး (Managing Director)
Mother's Son Construction Co.,Ltd.
ဦးကျော်ကျော်ဦး (Managing Director)
Steel King Co.,Ltd.
ဦးသန်းလင်း (Managing Director)
Jet International Co.,Ltd.

ဦးအောင်နိုင် (Managing Director)
Asia Winner Industrial Co.,Ltd.
ဦးအောင်မြင့် (Chairman)
Yadanar Myaing Co.,Ltd.
ဦးကျော်နိုင်ဦး (Chairperson)
Naing Group of Companies
ဦးတင်မြင့် (Chairman)
Mother Land Construction Co.,Ltd.

ဦးဇော်လင်းစိုး (Managing Director)
Than Trading Co.,Ltd.
MMG Construction Co.,Ltd.
Asia Pacific Consultancy Co.,Ltd.
Royal School of Myanmar
ကုဋေဌေး တိုင်းရင်းဆေးဝါးလုပ်ငန်း
USO Construction Co.,Ltd.
New Step Real Estate Co.,Ltd.

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ CG၊ မြေကွက်အမှတ် ၁၁၂၆၊ မြေကွက်တည်နေရာအမှတ် ၁၁၊ ဓမ္မပါလလမ်း၊ ဆရာစံတောင်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ဦးရွှေအုံးအမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးရွှေအုံး ကွယ်လွန်သဖြင့် ဒေါ်သန်းရွှေ ၁၂/ဗဟန(နိုင်)၀၆၃၅၄၃ က တရားဝင်ဇနီး တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်ရန်ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ ဒဂုံအရှေ့စက်မှုဇုန် အပိုင်း (၂)၊ တိုးချဲ့စက်မှုဇုန်(ရိုးမရိပ်သာစက်မှုဇုန်)၊ မြေတိုင်းရပ်ကွက်(၁၄၄)၊ စက်မှုမြေကွက်အမှတ်(၁၀/၆၈၆)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်မျိုးထွန်း ၁၂/သခန(နိုင်) ၀၉၅၂၁၈ထံမှ စာချုပ်စာတမ်းဖြင့် တရားဝင်ဝယ်ယူထားသူ ဒေါ်ငွေငွေ ၁၃/လရန (နိုင်)၀၆၉၈၂၀ က ပိုင်ရှင်အမည်ပြောင်းလဲ၍ မြေချပါမစ်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားလာပါသဖြင့် ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါကကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

စီမံကိန်းဌာနခွဲ
မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန

မှန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ဓမ္မစေတီ ... ရပ်ကွက်နေ ဦးအောင်နိုင်စိုး (၁၀/ကမရ(နိုင်) ၀၅၃၃၃၀) ဦးဆောင်သော ရွာသား (၂၀) ဦးသိရှိစေရန်ကြေညာခြင်း

ရှေ့နေလွှဲစာအရ
ဦးလှရွှေ - ၁၀/ကမရ(နိုင်) ၀၅၂၈၃၃
... - မီးလင်းရေးကော်မတီ

ရှေ့နေလွှဲစာအရ

...	ဦး...
LL.B, H.G.P	LL.B
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ
စဉ်-၈၁၅၂	စဉ်-၈၄၀၂

ပညာနန်းတော်

ဂုဏ်ထူး ဦးအောင်ခိုင် (အင်္ဂလိပ်စာ)
သမိုင်းတံခွန် ဦးထွန်းနွယ်
ပညာနန်းတော်
၅တန်း မှ ၁၀တန်းအထိ
ကိုယ်ပိုင်အထက်တန်းကျောင်း အထူးအဆင့်မြင့်ဘော်ဒါ
နေ့ နေ့ကျောင်းကြီး
အကောင်းဆုံးပညာ အကောင်းဆုံးနေရာ အကောင်းဆုံးဘော်ဒါ
... TOP TEN ... VIP-1 ...
ဘော်ဒါ ၈တန်း၊ ၉တန်း၊ ၁၀တန်း (မတ်လ စမည်)
ပုံမှန် နေ့ကျောင်းကြီးကို ဇွန် (၁)ရက်တွင် ဖွင့်ပါမည်။
ရန်ကုန်မြို့အနှံ့ ကျောင်းကားရှိသည် ... 118 A/B ... VIP-1 ... ဖုန်း 01-577 605

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နေ တပင်ရွှေထီးဆန်စက်ပိုင်ရှင် ဦးဒီလစ်(ခ)ဉာဏ်ထွန်းနှင့် အများပြည်သူတို့သိစေရန်
ပြန်ရှင်းသတိပေးကြေညာချက်

၁။ ကျွန်ုပ်၏အမှုသည်များဖြစ်ကြသော ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ မလက်တိုကျေးရွာနေ တောင်သူလယ်သမားကြီးဦးနေဝင်း ၁၄/မအပ(နိုင်)၀၂၉၉၀၈နှင့် စိုက်ပျိုးရေးဘွဲ့ရ ပညာရှင် ဒေါ်သီဂီ ၁/ဗမန(နိုင်)၀၀၀၅၇၀၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ပြန်ရှင်းသတိပေးအကြောင်းကြားအပ်ပါသည်။

၂။ ၂၅-၁၂-၂၀၁၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာနှင့် ၁၇-၁-၂၀၁၃ ရက်စွဲပါ မြန်မာ့အလင်းသတင်းစာများပါ လူကြီးမင်းဘက်က ကျွန်ုပ်၏အမှုသည်များဘက်အပေါ် ဂုဏ်သိက္ခာ ညှိုးနွမ်းသေးသိမ်စေရန် ရည်ရွယ်ချက်ဖြင့် ထင်ယောင်ထင်မှားဖြစ်စေရန်ကြေညာခဲ့သော ကြေညာချက်များအားလုံးသည် မမှန်မကန်ပါ၍ ပြင်းထန်စွာငြင်းဆိုပြီး ၄-၁-၂၀၁၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ကျွန်ုပ်အမှုသည်များဘက်၏ ပြန်လည်သတိပေးကြေညာခဲ့သော ကြေညာချက်အား ပြန်လည်၍ အတည်ပြုစွဲမြဲပါသည်။

၃။ လူကြီးမင်းအထူးသိစေရန်မှာ လူကြီးမင်းသည် မအူပင်မြို့နယ်အတွင်းရှိ ဆန်စပါးကြိတ်ခွဲ ရောင်းချရေးလုပ်ငန်းအပြင် တရားမဝင်စီးပွားရေးလုပ်ငန်းများနှင့် လိုင်စင်မဲ့ငွေတိုးချေးစားသော လုပ်ငန်းများကိုလည်း စီးပွားရေးလုပ်ငန်းတစ်ရပ်အနေဖြင့် ငွေတိုးချစားသူ ခေတ်သစ်ချစ်တီး လက်သစ်သာဖြစ်ကြောင်း ကျွန်ုပ်၏အမှုသည်များဘက်တွင် ခိုင်လုံသောအထောက်အထားများရှိပါကြောင်း သတိပေးအကြောင်းကြားအပ်ပါသည်။

၄။ ကျွန်ုပ်၏အမှုသည် ဒေါ်သီဂီမှာ စိုက်ပျိုးရေးဘွဲ့ရပညာရှင်တစ်ဦးဖြစ်ပြီး မအူပင်မြို့နယ်၊ မလက်တိုကျေးရွာအုပ်စုအတွင်းရှိ ရေကြီး၊ ရေနက်ကွင်း မြေလွတ်မြေရိုင်း ၄၄၈ ဧကအား လယ်မြေဖော်ထုတ်လုပ်ကိုင်ရာတွင် တောင်သူလယ်သမားကြီးဦးနေဝင်း၏ အထူးစိတ်ချယုံကြည်ရသော စိုက်ပျိုးရေးပညာရှင်သာဖြစ်ပါသောကြောင့် လူကြီးမင်းဘက်က ကျွန်ုပ်အမှုသည် တောင်သူလယ်သမားကြီး ဦးနေဝင်းအပေါ် လိုင်စင်မဲ့ငွေတိုးချေးစားခဲ့သောကိစ္စများတွင် ဒေါ်သီဂီနှင့် မည်သို့မျှ စပ်ဆိုင်ပတ်သက်ခြင်း မရှိပါကြောင်း ပြင်းထန်စွာသတိပေးအကြောင်းကြားအပ်ပါသည်။

၅။ ၁-၁-၂၀၀၆ ရက်စွဲပါကတိစာချုပ်၊ ၅-၁-၂၀၀၇ ရက်စွဲပါကတိစာချုပ်၊ ၆-၁-၂၀၀၈ ရက်စွဲပါကတိစာချုပ်၊ ၆-၁-၂၀၀၉ ရက်စွဲပါကတိစာချုပ်နှင့် ၈-၁-၂၀၁၀ ရက်စွဲပါ ကတိစာချုပ်များအားလုံးမှာ ဥပဒေမျက်စိဖြင့်ကြည့်ပါက ကာလစည်းကမ်းသတ်ဥပဒေအရ ကာလစည်းကမ်းသတ်ရက်ကျော်လွန်နေပြီး ကျွန်ုပ်၏အမှုသည် တောင်သူလယ်သမားကြီးဦးနေဝင်း၏မျက်ကွယ်တွင် ထိုစာချုပ်များပါ အသိသက်သေတစ်ဦးဖြစ်သူ ဦးမြတ်ခိုင်က လူကြီးမင်းအလိုကျ တစ်ဖက်သတ် ဘက်လိုက်မမှန်မကန်ရေးသားခိုင်းခဲ့ပြီး ကျွန်ုပ်၏အမှုသည် ဒေါ်သီဂီမှာလည်း ထိုစာချုပ်များပါ အသိသက်သေတစ်ဦးသာ ဖြစ်ပါသောကြောင့် အခြေအမြစ်မရှိ မမှန်မကန် ထင်ယောင်ထင်မှားဖြစ်အောင် ကြေညာနေခြင်းများကို ရပ်တန်းကရပ်ရန် ပြင်းထန်စွာ သတိပေးတောင်းဆိုလိုက်သည်။

၆။ လူကြီးမင်းအထူးသိစေရန်မှာ အထက်ပါကတိစာချုပ်များအားလုံးသည် လူကြီးမင်းက ကျွန်ုပ်၏အမှုသည် တောင်သူလယ်သမားကြီးဦးနေဝင်းအပေါ် တစ်လလျှင် ငွေကျပ် ၁၀၀ပေါ်၌ ငွေငါးကျပ်အတိုးနှုန်းဖြင့် လိုင်စင်မဲ့ငွေတိုးချေးစားခဲ့ပြီးနောက် ကျွန်ုပ်၏အမှုသည် တောင်သူလယ်သမားကြီး ဦးနေဝင်းဘက်မှလည်း စပါးမျိုးစုံတင်း ၂၀၀၇၂ ပြန်လည်ပေးဆပ်ခဲ့ပြီး စာရင်းမရှင်းရသေးဘဲ ထိုစာချုပ်များတွင် တစ်ဖက်သတ်အတိုးပေါ် အတိုးထပ်တွက်ချက်၍ အတိုးငွေများအား ဖုံးကွယ်ပြုလုပ်ချုပ်ဆိုထားခဲ့သော ဟန်ဆောင်စာချုပ်အတုများသာ ဖြစ်ကြောင်း ထပ်မံ၍ ပြင်းထန်စွာသတိပေးအကြောင်းကြားအပ်ပါသည်။

၇။ သို့ပါ၍ လူကြီးမင်းဘက်က ကျွန်ုပ်၏အမှုသည်များအပေါ် ဂုဏ်သိက္ခာညှိုးနွမ်းသေးသိမ်စေရန် ရည်ရွယ်ချက်ဖြင့် ထင်ယောင်ထင်မှား မမှန်မကန်ကြေညာခဲ့သော ကြေညာချက်များအား ခြွင်းချက်မရှိ ရုပ်သိမ်းရန်တောင်းဆိုလိုက်ပြီး ပျက်ကွက်ပါက ကျွန်ုပ်အမှုသည်များဘက်မှလည်း သက်ဆိုင်ရာစီရင်ပိုင်ခွင့်အာဏာရှိသော တရားရုံးတော်များ၌ လူကြီးမင်းအပေါ် ရာဇဝတ်ကြောင်းအရ ရာဇဝတ်မှုကြီးများဖြင့်လည်းကောင်း၊ တရားမကြောင်းအရ တရားမမှုကြီးများဖြင့်လည်းကောင်း၊ အထက်အုပ်ချုပ်ရေး အစိုးရမင်းများသို့လည်းကောင်း အဖြစ်အပျက်မှန်အတိုင်း ဖော်ထုတ်တိုင်တန်းတရားစွဲဆိုတော့မည်ဖြစ်ကြောင်း လူကြီးမင်းနှင့်အများပြည်သူတို့သိစေရန် ပြန်ရှင်းသတိပေးကြေညာအပ်ပါသည်။

သစ္စာရှိစွာဖြင့်

ဦးအောင်ကြိုင်	**ဦးကျော်ဆန်း**
LL.B (ဥပဒေဘွဲ့ရ)	**LL.B, DA, Advocate**
အထက်တန်းရှေ့နေ(စဉ်-၃၂၃၃)	**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၅၉)**
အမှတ် ၃၊ ၁၁×၁၂ ဦးစန္ဒာလမ်း၊	**အမှတ် ၇၀၊ ၆×၇ ဦးပြုံးချိုလမ်း၊**
အမှတ်(၄)ရပ်ကွက်၊ကျိုက်လတ်မြို့၊	**အမှတ်(၃)ရပ်ကွက်၊ ကျိုက်လတ်မြို့၊**
ဖုန်း-၀၉-၄၂၂၄၇၃၃၂၁	**ဖုန်း-၀၉-၄၉၂၉၃၁၃၅**

တစ်ဦးတည်းဖြစ်ပါကြောင်း

ရမ်းဗြဲမြို့၊ အမှတ်(၂)ရပ်ကွက်၊ အမှတ် ၂/၇၇နေ (ဦးထွန်းလင်း)၏သား မောင်ဇော်ပြည့်စုံ၁၁/ရဗန(နိုင်)၀၆၉၆၃၈နှင့် မောင်ဇော်ပြည့်စုံမောင်မောင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

မောင်ဇော်ပြည့်စုံ(ခ)မောင်ဇော်ပြည့်စုံမောင်မောင်

ငှားမည်

မဟာဗန္ဓုလလမ်းမပေါ်တွင် Money Changer ဖွင့်ရန် နေရာငှားမည်။ **ဆက်သွယ်ရန်**
ဖုန်း-၀၉-၇၃၀၉၉၀၄၁

ကြော်ငြာ

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးကိုကိုလေး (ငြိမ်း) ကြည်-၅၉၄၉
ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူး(ငြိမ်း)
အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး (ငြိမ်း)
အသက် (၈၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရံရိပ်သာ၊ ဇီဇဝါလမ်း၊ အမှတ် (၁၀)နေ (ဦးထွန်းသာ-ဒေါ်လှ)တို့၏သား၊ (ဒေါ်တင်တင်မေ)၏ခင်ပွန်း၊ ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး၊ ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်ချုပ်ဇာနည်ဝင်း-ဒေါက်တာဒေါ်အေးအေးထွန်းတို့၏ဖခင် ဗိုလ်မှူးကြီးကိုကိုလေး(ငြိမ်း) အသက် (၈၈)နှစ်သည် ၂၈-၁-၂၀၁၃ရက် နံနက် ၈း၁၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

အထွေထွေမန်နေဂျာနှင့်ဝန်ထမ်းများ
ပစ္စည်းဝယ်ယူမှုညွှန်ကြားရေးမှူးရုံး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)

တစ်ဦးတည်း ဖြစ်ပါကြောင်း

ဦးယန်လေး၏သားဖြစ်သူ မောင်ယန်ဆာ(ခ)မောင်အေးလိ၏ ၁၃/မမတ(နိုင်)၀၄၃၅၃၁ သည် တစ်ဦးတည်းဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

လူပျောက်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၉)ရပ်ကွက်၊ အမှတ် ၈၅၇၊ ကျော်သူ ၂၂ လမ်းနေ ဦးဆက်တရား အသက် (၈၄)နှစ်သည် ရက်တရက်ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန် အသိပေးအပ်ပါသည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၇၃၀၇၉၄၀၅

ကိုတ္တိမမွေးစားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ဟသ်ာတမြို့နယ်၊ အင်းတလုအုပ်စု၊ ဇီးကုန်းကျေးရွာနေ ဦးကျင်မောင်-ဒေါ်ခင်တင့်တို့၏ ကိုတ္တိမမွေးစားသမီး မအေးမာဦး ၁၄/ဇလန(နိုင်)၁၀၆၉၁၄သည် မွေးစားမိဘများ ဂုဏ်သိက္ခာကျဆင်းအောင်၊ အမျိုးမျိုးစိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး မိမိသဘောအလျောက် မွေးစားမိဘများ၏ ရွှေ၊ ငွေပစ္စည်းများ တိတ်တဆိတ်ယူဆောင်၍ အိမ်မှထွက်သွားပါသဖြင့် အမွေစားအမွေခံသမီးအဖြစ်မှ လုံး၀(လုံး၀)စွန့်လွှတ်လိုက်ပါကြောင်း ယနေ့မှစ၍ ၄င်းနှင့်ပတ်သက်သမျှအားလုံး တာဝန်မယူပါ။

(မေးမြန်းခြင်းသည်းခံပါ)
မွေးစားမိဘများ

(၄)နှစ်ပြည့် လွမ်းဆွတ်သတိရခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး
ဒေါ်ခင်မြင့်(ခ)စာရေးဆရာမကြီး ယုဝတီသိဂီမြင့်
အသက် (၈၀)

၃၀-၁-၂၀၁၂ရက်မှာ အမေနှင့်အတူ သားသမီးတစ်စုအားလုံးနဲ့ ခွဲခွာသွားခဲ့တာ လေးနှစ်တိတိပြည့်ခဲ့ပေမယ့် မိသားစုအားလုံးရဲ့ ရင်ထဲမှာတော့ တစ်နေ့မှမမေ့နိုင်ပါအမေ။

ဒီနေ့ပြုလုပ်သမျှ ကုသိုလ်ကောင်းမှုအစုစုတို့ကို အမေ့အတွက် အမျှ-အမျှ-အမျှလို့ ပေးဝေပါတယ်။ မြင့်မြတ်တဲ့ဘုံဘဝမှာ ရောက်နေတဲ့အမေ သာဓုခေါ်ဆိုနိုင်ပါစေလို့ ဆုတောင်းအမျှပေးဝေပါသည်။

အဖေ- ဦးရွှေသန်းနှင့်
သားသမီး၊ မြေးတစ်စု

ဂရိတ်ဓေါင်တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးမှ ထုတ်လုပ်သည်။

အသည်းဝေဒနာရှင်များ၊ ယမကာမှီဝဲနေသူများအတွက်

ရွှေအသည်း

အမှတ်တံဆိပ်

အသည်းအားဆေး

FROM EXPERIENCE-BASED TRADITIONAL MEDICINE TO EVIDENCE-BASED TRADITIONAL MEDICINE.

- အသည်းပျက်စီးခြင်းအန္တရာယ်ကို အမှန်တကယ် ကာကွယ်တားဆီးပေးနိုင်ပါသည်။
- အသည်း၏ လုပ်ဆောင်ချက်များကို ပိုမိုကောင်းမွန်လာစေပါသည်။ အသည်းပျက်စီးခြင်းကြောင့် မြင့်တက်လာသော အသည်းအင်ဇိုင်းများ (ALT, ALP, AST), T.BIL တို့ကို ပုံမှန်သို့ လျော့နည်းကျဆင်းစေသည်။
- ရေရှည်သောက်သုံးခြင်းဖြင့် အဆိပ်အတောက်အန္တရာယ်ကင်းရှင်းကြောင်းကိုလည်း သိပ္ပံနည်းကျ သုတေသန ပြုလုပ်ထားပြီး ဖြစ်ပါသည်။
- နာတာရှည်အသည်းရောဂါရှိသူများ အရက်သောက်နေသူများ အသည်းရောဂါရှိသူများ အသည်းခြောက် အသည်းအဆီဖုံး အသည်းကြီး အသည်းရောင်၊ အသည်းဝေဒနာရှင်များ အားကိုးအားထားပြုရမည့် တိုင်းရင်းဆေးဖြစ်ပါသည်။
- ဤဆေးသည် အမှန်တကယ် ဆေးစွမ်းအာနိသင် ထက်မြက်ကြောင်းကို စံမီသော အထောက်အထားများဖြင့် သိပ္ပံနည်းကျ သုတေသန ပြုလုပ်ထားပြီး ဖြစ်ပါသည်။ ဤဆေး၏ သုတေသနစာတမ်းကို ဂုဏ်သိက္ခာ မြင့်မားသော ပြည်တွင်းပြည်ပ အပြည်ပြည်ဆိုင်ရာ ဆေးသုတေသန ဂျာနယ်များတွင် တင်သွင်းထားပါသည်။

အာဝီဏ

- လက်ဖဝါးကွဲ
- ခြေဖဝါးကွဲ
- ခြေဖနောင့်ကွဲ
- အသားမာတက်နှင့်
- ငါးမျက်စိဖြစ်ခြင်းများအတွက် သုံးစွဲနိုင်ပါသည်။

Ph: 01 - 379385

အိမ်ရောင်းမည်

မြောက်ဒဂုံ၊ ၄၆ ရပ်ကွက်၊ ပြည်ထောင်စုလမ်းမ၊ ကျောက်ပစ်ရိပ်ငြိမ်လမ်း၊ တိုက်ခံပျဉ်ထောင်နှစ်ထပ်အိမ်၊ ရေ၊ မီး၊ ဈေးနီး၊ ကျောင်းနီး၊ မှတ်တိုင်နီး၊ ကျပ်သိန်း ၄၃၀ ညှိနှိုင်း။

ဖုန်း-၀၉-၇၃၂၆၄၃၀၊ ၀၉-၅၀၁၃၅၁၅

သွေးသည့် အသက်

စဉ်	အမည်	မှတ်ပုံတင်	မြို့နယ်	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၃။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၄။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၅။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၆။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၇။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၈။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၉။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၀။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၁။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၂။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၃။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၄။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၅။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၆။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၇။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၈။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၁၉။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
၂၀။	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ဒုတိယဗိုလ်မှူးကြီးခင်အောင်(ငြိမ်း) (a) JERALD

ရေ-၁၀၄၆
DARTHMOUTH (2nd BATCH)
အသက်(၈၃)နှစ်

ရန်ကုန်မြို့နေ (ဦးအုန်းကြိုင်-ဒေါ်စိန်ရင်)တို့၏သား၊ အမေရိကန်နိုင်ငံ SEATTLE မြို့နေ ဒေါ်ခင်မာနွယ်(SHIRLEY)၏ခင်ပွန်း၊ Capt ကျော်သက်အောင်-ဝင်းမင်းသန်း၊ Capt တင်ထွန်းအောင်-ကေသွယ်ခိုင်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၂၄-၁-၂၀၁၃ ရက်တွင် ST. Francis Hospital, Federal Way, Washinton, USA တွင် ကွယ်လွန်သွားပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဗိုလ်ကြီးကျော်ဇင်ထွန်း

B.Sc, M.Sc (Y.U), DSA (46)
ကြည်း(၃၇၃၂၂)
အသက်(၂၉)နှစ်

မတ္တရာမြို့နေ ဦးခင်သန်း-ဒေါ်တင်တင်ကြည်(အထက-မတ္တရာ)တို့၏သားကြီး၊ မောင်ငြိမ်းဇော်ဟိန်း၏အစ်ကို ဗိုလ်ကြီးကျော်ဇင်ထွန်း အသက်(၂၉)နှစ်သည် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ၂၅-၁-၂၀၁၃ရက် ညနေ ၃း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း

ဟာဂျီအစ်မာအီးလ်မဲဟ်သာ(ခ)ဦးသန်းရွှေ
TMT ဆောက်လုပ်ရေးမန္တလေးမြို့
အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ အမှတ် ၁၃၄/၁၃၈၊ ကုန်ဈေးတန်းလမ်းနေ [ဟာဂျီဟာနစ်(ဖ်)မဲဟ်သာ(ခ)ဦးမြသိန်း]-ဟာဂျီမဇူဘေဒါ စူဆီဝါလာ (ခ) ဒေါ်ခင်လှတို့၏သားကြီး၊ ဟာဂျီဇူဘေမဲဟ်သာ(ခ)ဦးခင်မောင်၊ ဟာဂျီမရီရင်းမဲဟ်သာ(ခ)ဒေါ်ခင်ရွှေ၊ ဟာဂျီအုမဲရ်မဲဟ်သာ(ခ)ဦးမောင်မောင်ကျော်၊ဟာဂျီအွတ်စမန်းမဲဟ်သာ(ခ)ဦးမြင့်သိန်း[သိန်းဂရု(ပ်)ဆောက်လုပ်ရေး]၊ ဟာဂျီယူစွဖ်မဲဟ်သာ(ခ)ဦးအောင်သိန်း[သိန်းဂရု(ပ်)ဆောက်လုပ်ရေး]၊ ရှအိုက်ပ်မဲဟ်သာ(ခ)ဦးကျော်ဝင်းတို့၏ အစ်ကိုကြီး၊ ရှကီရာဆာဒစ်(ခ)ဒေါ်ခင်ခင်ရွှေ၏ခင်ပွန်း၊ရာဘီရာမဲဟ်သာ(ခ)သီမာထွန်း-အီလီယက်စ်ဘိုလတ်(ခွေ-USA)၊ ဟာဂျီဟူစိန်မဲဟ်သာ-ဟာဂျီမရေဟာနာ၊ ဟာဂျီဒါဝတ်မဲဟ်သာတို့၏ဖခင်၊ အင်မရန်းဘိုလတ်နှင့် ဖာတမာဘိုလတ်တို့၏အဘိုးသည် ၂၈-၁-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၈း၃၀နာရီတွင် မန္တလေးမြို့၌ အလ္လာဟ်သျှင်မြတ်အမိန့်ခံယူသွားပါ၍ ကြာနီကန်ကဘာရ်စတန်၌ ဒါဖနာပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးစိုင်းရီဝမ်း(ခ)ဦးယီမောင်
အသက်(၆၉)နှစ်

မူဆယ်မြို့နယ်၊ စယ်လန့်ရွာနေ (ဦးရွက်ဆိုင်-နိုင်းရွက်ဆိုင်)တို့၏သား၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ ၄၇လမ်း၊ အမှတ်၁၄၉ (လေးလွှာ)နေ ဒေါ်နန်းရင်(လားရှိုးမြို့)၏ခင်ပွန်း၊ ဦးထွန်းစိန်-နန်းခမ်းဦး၊ ဦးကျော်မြင့်-နန်းခင်ယုရီ၊ စိုင်းစိုင်းစင်၊ စိုင်းအိန်မိန်း-နော်မိမေထွေးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုးသည် ၂၆-၁-၂၀၁၃ရက် (စနေနေ့)ည ၁၁နာရီတွင် ကွယ်လွန်သွားပါ၍ ၂၇-၁-၂၀၁၃ ရက် (တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁-၂-၂၀၁၃ရက်(သောကြာနေ့)နံနက် ၇နာရီမှ ၁၀နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးအောင်သန်း(ခ)ဦးဘိုနီ

အသက်(၆၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ထုပါရုံ ၂လမ်းအရှေ့၊ အမှတ်(၁)ရပ်ကွက်နေ (ဦးကိုကိုကြီး-ဒေါ်ခင်သန်း)တို့၏သား၊ (ဦးဘိုးရင်-ဒေါ်ခင်သန်း)တို့၏သားသမက်၊ ဒေါ်အေးအေးမြင့်(စိုက်ပျိုးရေး၊ ငြိမ်း)၏ခင်ပွန်း၊ (ဦးမောင်မောင်)၊ (ဒေါ်ခင်ရီ)၊ (ဦးခင်မောင်လတ်)၊ (ဦးအေးမောင်)၊ ဦးအောင်မြင့်တို့၏ညီ၊ ဦးအောင်ကျော်မိုး (အကောက်ခွန်)-ဒေါ်စုစုသန်း၊ ဒေါ်ယုယုသန်း၊ ဒေါ်လဲ့လဲ့သန်းတို့၏ဖခင်၊ မောင်မိုးဟိဏ်းခန့်၏အဘိုးသည် ၂၇-၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) ည ၈ နာရီတွင် ကွယ်လွန်သွားပါ၍ ၂၈-၁- ၂၀၁၃ရက်တွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကွယ်လွန်သူအားရည်စူး၍ ၂-၂- ၂၀၁၃ ရက် (စနေနေ့)တွင် ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဦးစောရွှေဝင်း

အသက်(၅၇)နှစ်

ကရင်ပြည်နယ်၊ ပိုင်ကျုံမြို့နယ်ခွဲ၊အမှတ်(၅)ရပ်ကွက်နေ(ဦးအပိုက်-ဒေါ်မှုံးလင်)တို့၏သား၊ ဦးခင်မောင်-ဒေါ်ရင်ကြိုင်တို့၏သားသမက်၊ မန်းထားဘီ-နန်းပပဝတီ၊ မန်းအုန်းမောင်-နန်းအေးငွေတို့၏ညီ၊ စောတာကပေါ်-နန်းကြည်မှုံးတို့၏မောင်၊ ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ တိုက် ၁၆၊ အခန်း ၀၀၂၊ မြကန်သာအိမ်ရာနေ ဒေါ်တင်တင်ဝင်း (အမက-၂၉၊လှိုင်)၏ခင်ပွန်း၊ ဒေါက်တာကျော်ဝင်းစိန်(Unicef)-နန်းနုနုအေး၊ ဦးဝင်းညွန့်-နော်အဲလ်ငွေးတို့၏ညီ၊ ဦးသန်းစိုးဝင်း-ဒေါ်မာမာဝင်း၊ ဒေါ်ဝင်းသန္တာအောင်တို့၏အစ်ကိုသည် ၂၈-၁-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၉နာရီတွင် ရန်ကုန်အထွေထွေရောဂါကုဆေးရုံကြီး(ဂျပန်ဆေးရုံ)၌ ကွယ်လွန်သွားပါ၍ ၃၀-၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက် ၇နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ကြော်ငြာ

ဗိုလ်မှူးကြီးကိုကိုလေး (ငြိမ်း)

ကြည်း/၅၉၄၉

ထောက်ပံ့နှင့်ပို့ဆောင်ရေးညွှန်ကြားရေးမှူး(ငြိမ်း)

အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး(ငြိမ်း)

အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရံရိပ်သာ၊ ဇီဇဝါလမ်း၊ အမှတ် ၁၀နေ (ဦးထွန်းသာ-ဒေါ်လှ)တို့၏သား၊ (ဒေါ်တင်တင်မေ)၏ ခင်ပွန်း၊ ဒေါ်မူမူဝင်း-(ဦးကိုကို)၊ ဦးဇော်ထွန်း-ဒေါ်နန်းအုန်းရင်၊ ဦးမျိုးထွန်း-ဒေါ်ခင်ခင်ဝေ၊ ဦးထွန်းအောင်-ဒေါ်ရွှေဇင်ဦး၊ ဦးတင်မောင်ထွေး-ဒေါ်နန်းလောင်လင်း၊ ဒေါ်အေးအေးထွန်း-ဗိုလ်ချုပ်ဇာနည်ဝင်း၊ ဒေါ်တင်တင်ထွန်း-ဦးဇော်ဝင်းရှိန်၊ဦးတင်မောင်ထွန်း-ဒေါ်နီနီအောင်၊ဦးတင်အောင်ထွန်း-ဒေါ်ဥမ္မာညိုတို့၏ဖခင်၊ မြေး ၂၁ယောက်တို့၏အဘိုး၊ မြစ် ၁၀ ယောက်တို့၏ဘိုးဘိုးကြီးသည် ၂၈-၁-၂၀၁၃ရက် (တနင်္လာနေ့) နံနက် ၈း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးကိုကိုလေး (ငြိမ်း)

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ငွေကြာရံရိပ်သာ၊ ဇီဇဝါလမ်း၊ အမှတ် ၁၀နေ (ဒေါ်တင်တင်မေ)၏ခင်ပွန်း၊ ဒေါက်တာဒေါ်အေးအေးထွန်း-ဗိုလ်ချုပ်ဇာနည်ဝင်းတို့၏ဖခင် ဗိုလ်မှူးကြီးကိုကိုလေး(ငြိမ်း) အသက်(၈၈)နှစ်သည် ၂၈-၁-၂၀၁၃ရက်၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

သဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ
ဒေါက်တာဦးစိုးသိန်းနှင့်ဇနီး အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း
(ညွှန်ကြားရေးမှူး၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးကိုကိုလေး (ငြိမ်း)

အသက်(၈၈)နှစ်

မြဝတီဘဏ်လီမိတက်၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်ချုပ်ဇာနည်ဝင်း-ဒေါက်တာအေးအေးထွန်းတို့၏ဖခင် ဗိုလ်မှူးကြီးကိုကိုလေး(ငြိမ်း)သည် ၂၈-၁- ၂၀၁၃ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒုတိယမန်နေဂျင်းဒါရိုက်တာနှင့်ဝန်ထမ်းများ
မြဝတီဘဏ်လီမိတက်

ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီးကိုကိုလေး (ငြိမ်း)

အသက်(၈၈)နှစ်

မြန်မာ့စီးပွားရေးဦးပိုင်လီမိတက် မန်နေဂျင်းဒါရိုက်တာ ဗိုလ်ချုပ်ဇာနည်ဝင်း-ဒေါက်တာဒေါ်အေးအေးထွန်းတို့၏ဖခင် ဗိုလ်မှူးကြီးကိုကိုလေး(ငြိမ်း)သည် ၂၈-၁-၂၀၁၃ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

မန်နေဂျင်းဒါရိုက်တာနှင့် ဝန်ထမ်းများ
အောင်သစ္စာဦးအာမခံကုမ္ပဏီလီမိတက်

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန် ဒါယိကာမကြီး

ဒေါ်တင်လှ (ရွှေမန်းတင်လှ)

ဝိဇ္ဇာဂုဏ်ထူး၊ မဟာဝိဇ္ဇာ(ရန်ကုန်)၊ မဟာသိပ္ပံ(ကိုလံဘီယာ)

ညွှန်ကြားရေးမှူး(ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန)(ငြိမ်း)

ကန်တော့ခံသက်ကြီးစာပေပညာရှင်၊ မန္တလေးအသင်းနာယကကြီး

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ တိုက်နံပါတ် ၃၉နေ မန္တလေးမြို့ (ဝဏ္ဏကျော်ထင် ဦးဘခင်-ဒေါ်လှဝင်း)တို့၏ သမီးကြီး၊ (ဦးကိုကိုကြီး၊ ညွှန်ကြားရေးမှူး၊ ရုပ်/မြင်၊ငြိမ်း)၏ဇနီး၊ (ဦးဝင်းကိုကို၊ B.Sc Chem)၊ ဒေါ်သီဂီမြင့်(ဦးစီးအရာရှိ၊ရုပ်မြင်သံကြား)တို့၏မိခင်သည် ၂၈-၁-၂၀၁၃ရက် (တနင်္လာနေ့) ည ၁၀း၁၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့)တွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ် ဒါယိကာမကြီး

ဒေါ်ထွေးကြည် (ချောင်းဆုံ)

ကျောင်းဆရာမကြီး(ငြိမ်း)

ဈေးတန်းဟောင်း အမက(တောင်ငူ)

အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ သန်လျင်တံတားအိမ်ရာဝင်း၊ အမှတ် ၁၈၄၊ ပိတောက်လမ်းနေ (ဦးကောင်း-ဒေါ်ကျင်မေ)တို့၏သမီးကြီး၊ ဦးစိန်သွင်(လျှပ်စစ်၊ ငြိမ်း၊ ရန်ကုန်ပင်မဓာတ်အားခွဲရုံ၊ လှော်ကား)၏ဇနီး၊ ဗိုလ်မှူးဝင်းနိုင်(ငြိမ်း-လေ) Air Bagan Ltd. -ဒေါက်တာဒေါ်ဦးဦး(မြို့နယ်ဆရာဝန်ကြီး၊ ငြိမ်း၊ မ/ဥက္ကလာ)၊ ဗိုလ်မှူးအောင်နိုင်(ငြိမ်း) ပါမောက္ခ/ဌာနမှူး၊ သ/မတက္ကသိုလ် (သန်လျင်)-ဒေါက်တာဒေါ်သဇင်ညွှန့် (မီးယပ်နှင့်သားဖွား အထူးကုဆရာဝန်ကြီး၊ တ/ဥက္ကလာပ အမျိုးသမီးနှင့်ကလေးဆေးရုံကြီး)၊ ဦးရဲနိုင်(3/E)-ဒေါ်သန်းသန်းစိုး (သဇင်မြိုင်စတိုး)၊ ဦးဖုန်းနိုင်-ဒေါ်ငွေငွေသန်းတို့၏မိခင်၊ မဖြူကိုဝင်း၊ မောင်ခန့်ဇော်ဝင်း၊ မအေးငြိမ်းအောင်၊ မောင်ဘုန်းမြတ်အောင်၊ မောင်သော်ဇင်ထက်၊ မောင်ကျော်စွာလင်းတို့၏ဘွားဘွားကြီးသည် ၂၉-၁-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၃း၃၀နာရီတွင် အောင်ရတနာအထူးကုဆေးရုံကြီး၌ကွယ်လွန်သွားပါ၍ ၃၁-၁-၂၀၁၃ရက်(ကြာသပတေးနေ့) ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဦးသန်းရွှေ (ဟသ္သာတမြို့)

ဟသ္သာတမြို့၊ သံဃဒါနအဖွဲ့ချုပ်ဥက္ကဋ္ဌ

စနေပတ် သံဃဒါနဆွမ်းလောင်းအသင်း၊ ပဓာနနာယကကြီး

အသက်(၉၇)နှစ်

ဟသ္သာတမြို့နယ်၊ အမှတ် ၁၂၆၊ ရွှေစေတီအလယ်လမ်း၊ ရတနာသစ်စက်နေ (ဆရာကံ-ဒေါ်သီလ)တို့၏သား၊ (ဦးသန်းတင်)-ဒေါ်ယဉ်ယဉ်၊ ဦးလှရီ-ဒေါ်ခင်သောင်း၊ ဦးဝင်းအောင်-ဒေါ်ခင်စမ်းလွင်၊ (ဦးမြတ်ကျော်ခိုင်)၊ ဦးအောင်ထွန်းဦး-ဒေါ်စိုးစိုးဝင်း(အထက-၃၊ ဟသ္သာတမြို့)၊ ဦးလှဌေး-ဒေါ်ချိုချိုအောင်၊ ဒေါ်လှလှခိုင်၊ ဦးအောင်ကျော်စိုး-ဒေါ်ဥမ္မာထွန်းတို့၏ဖခင်၊ မြေး ၁၇ယောက်တို့၏အဘိုးသည် ၂၉-၁-၂၀၁၃ရက် (အင်္ဂါနေ့) နံနက် ၁၀း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းလွဲ ၂နာရီတွင် ထန်းပင်ကုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

ဦးအုန်းမောင်

အသက်(၉၂)နှစ်

ဆင်ပေါင်ဝဲမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးဝင်းမောင်-ဒေါ်စောငြိမ်းတို့၏ အစ်ကို၊ ကျိုက်လတ်မြို့၊ ၇လမ်း၊ အမှတ် ၂၅နေ ဦးအုန်းမောင်(ရွှေပန်းထိမ်ဆရာကြီး)သည် ၂၁-၁၂-၂၀၁၂ရက်(သောကြာနေ့)နံနက် ၉နာရီတွင် ကွယ်လွန်သွားပါ၍ ၂၂-၁၂-၂၀၁၂ရက် ညနေ ၃နာရီတွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဒေါ်ခင်စီ (မေတ္တာမိုးပုံနှိပ်တိုက်)

အသက်(၉၁)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၉၁၊ ဝေဇယန္တာဥယျာဉ်ရိပ်သာ ၁လမ်း၊ သဃ်န်းကျွန်းနှင့် အမှတ် ၂၂၊ ဓမ္မဝိဟာရလမ်း၊ ကျောက်မြောင်း၊ တာမွေမြို့နယ်နေ (ဦးထွန်းအောင်-ဒေါ်ခိုင်)တို့၏သမီး၊ (ဦးစိုးနိုင်၊ ကြေးမုံ)၏ဇနီး၊ ဦးမောင်မောင်နိုင်-ဒေါ်အေးအေးမူ(မေတ္တာမိုးပုံနှိပ်တိုက်)တို့၏မိခင်၊ မောင်ရဲမင်းမောင်(Hawaii Pacific University U.S.A)၊ မအိမ့်သူမောင်(B.C.Sc)တို့၏အဘွားသည် ၂၆-၁-၂၀၁၃ ရက် မွန်းလွဲ ၂း၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ ၂း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးထိန်ဝင်း (ဖားအောက်ကျေးရွာ)

လူထုပညာရေးမှူး(တတိယပတ်)

အထက(၁)ဗိုလ်တထောင်(ငြိမ်း)၊ အထက(၁)မင်္ဂလာတောင်ညွန့်(ငြိမ်း)

အသက်(၈၇)နှစ်

မော်လမြိုင်မြို့နယ်၊ ဖားအောက်ရွာနေ (ဆရာကြီး ဦးဘိုးရုံ-ဒေါ်လွန်းတင်)တို့၏သား၊ ဦးရာဝေး-ဒေါ်အေးသောင်းတို့၏ညီ၊ ရန်ကုန်မြို့၊ အမှတ် ၁၄၂၊ ၃၄ လမ်းနေ (ဦးသာအေး-ဒေါ်တင်)တို့၏သမက်၊ (ဒေါ်ခင်သန်း)၏ခင်ပွန်း၊ ဦးဝင်းမြင့်-ဒေါ်နုနုခင်၊ ဒေါ်လှလှသန်း(အလပြ၊ ငြိမ်း)တို့၏ဖခင်၊ ကိုဇော်မျိုးဝင်း၊ ကိုထူးထူးဝင်း-မဆုမွန်ဝင်း၊ ကိုကျော်ဝင်းထွန်း-မမြင့်မွန်ဝင်းတို့၏အဘိုးသည် ၂၈-၁-၂၀၁၃ရက်(တနင်္လာနေ့)ည ၁၀း၀၅နာရီတွင် ပဲခူးမြို့နယ်၊ သာယာကုန်းကျေးရွာ၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် သာယာကုန်းသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ဦးစိန်မြင့် အသက်(၇၆)နှစ်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ခအုံးတာကျေးရွာနေ(ဦးအိမ်ဝန်-ဒေါ်ရွှေမြိုင်)တို့၏သားငယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကန့်ဘလူမြို့နယ်၊ ဘုတ်ကုန်းရွာနေ (ဦးပြုံး-ဒေါ်ညိုတုတ်)တို့၏သားသမက်၊ အမှတ် ၈၆/ခ၊ အကွက် ၄၈၄၊ ကြေးသွန်း/တောင်၊ တမ္ပဝတီရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့နေ ဦးအောင်စိုးမြင့်(ခ)ကိုစိုး(မြင့်ထက်ဇော် ကျောက်မျက်ကုမ္ပဏီ)-ဒေါ်ခင်စုမာလတ်၊ ဖားကန့်မြို့နေ ဦးကျော်သိန်းမြင့်-ဒေါ်နှင်းရီ၊ လုံးခင်မြို့နေ ဦးမင်းထွန်း-ဒေါ်စန်းမြင့်(၅၀၂၊ရွှေဆိုင်)၊ ဦးမောင်မြင့်-(ဒေါ်သန်းသန်း)၊ ဦးရင်ထွေး-ဒေါ်အေးမြင့်၊ကိုရဲမြင့်အောင်တို့၏ဖခင်၊ မြေး ၁၂ယောက်တို့၏အဘိုး၊ မန္တလေးမြို့နေ ဒေါ်မြရီ၏ခင်ပွန်းသည် ၂၉-၁-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁-၂၀၁၃ရက်(ဗုဒ္ဓဟူးနေ့)မွန်းလွဲ ၁နာရီတွင်တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

Ms.Joan Dawson (ခ)ဒေါ်သင်းသင်း (သန်လျင်မြို့)

အသက်(၆၇)နှစ်

ရန်ကုန်မြို့နေ(Mr D. Dawson-ဒေါ်စီစီ)တို့၏သမီးကြီး၊ (ဦး Pကျော်ဇံ-မာရီယာဒေါ်အေးမြင့်)တို့၏သမီးချွေးမ၊ သန်လျင်မြို့၊ အောင်မင်္ဂလာရပ်ကွက်၊ တိုက် ၃၊ အခန်း ၂နေ ဦးကျော်ညွန့်(အထပြ၊ ငြိမ်း)၏ဇနီး၊ ဦးကိုကိုအောင်-ဒေါ်သဇင်ကျော်(မမာလာကျော်)၊ ဦးအေးချို(အနောက်ပိုင်းတက္ကသိုလ်၊ ရန်ကုန်)-ဒေါ်အေးအေးကျော်(ရန်ကုန်တက္ကသိုလ်)၊ ဒေါ်ကေခိုင်ကျော်(တောင်ပိုင်းခရိုင် စာရင်းစစ်ရုံး)၊ ဦးLaurence လင်းထိုက်ကျော်(World Vision-Myanmar)- ဒေါ်စိုးစိုး(ဂရုဏာ-မြန်မာ)၊ ဒေါ်ခိုင်စန္ဒာကျော်(အထပြ၊ မီးပြ)တို့၏မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၈-၁-၂၀၁၃ရက်(တနင်္လာနေ့) ညနေ ၃း၃၀နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၃၀-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)တွင် သန်လျင်မြို့ St. Francis Xavier Church ၌ ဝတ်ပြုဆုတောင်းပြီး ခရစ်ယာန်သုသာန် ငပကျေးရွာသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ဦးအောင်ကြည်(ခ) မန်းထီကူး

သွားစိုက်ဆရာ(မှော်တော)

အသက်(၇၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ကော့မှူးမြို့နယ်၊ မှော်တောကျေးရွာနေ (ဦးညို-ဂါ့ဖူးညွန့်)တို့၏သားထွေး၊ လှိုင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ အေးရိပ်မွန် ၁လမ်း၊ တိုက်အမှတ် ၁၃၊ အခန်းအမှတ် ၁နေ (ဒေါ်ကြည်)၏ခင်ပွန်း၊ ဒေါ်အေးအေး၏မောင်၊ ဦးဖုန်းမြင့်(Chief Engineer GEWIN MARITIME Co., Ltd.)-ဒေါ်အေမီဦး၊ ဦးပါ-ဒေါ်နန်းလှလှမူ၊ မစန္ဒာကြည်(သွား၊စိုက်)၊ဦးစိုးလှိုင်-ဒေါ်ပပကြည်တို့၏ဖခင်၊ မြေးရှစ်ယောက်၊ မြစ်တစ်ယောက်တို့၏အဘိုးသည် ၂၈-၁-၂၀၁၃ရက် ည ၁၁း၂၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ရဟန်းအမ

ဒေါ်ခင်ရီ (ရွှေတောင်မော်)

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊မြောက်ဥက္ကလာပမြို့နယ်၊ (ဆ)ရပ်ကွက်၊ သုနန္ဒာ ၁၀လမ်း၊ အမှတ် ၂၆၁နေ (ဦးဘအိမ်-ဒေါ်စိန်ညို)တို့၏ သမီး၊ (ဦးဖိုးသင်း-ဒေါ်ဖွားပွင့်)တို့၏ ချွေးမ၊ (ဦးထွန်းတင်၊ ရွှေတောင်မော်)၏ ဇနီး၊ဦးညွန့်ဟန်-ဒေါ်ခင်စီ၊ဦးခင်လတ်-ဒေါ်မေစီ၊ ဦးခင်ဝင်း - ဒေါ်ခင်စန်း၊ ဦးစောထွန်း - ဒေါ်သီတာဦး၊ ဦးမြင့်အောင်-ဒေါ်ခင်ယုမော်၊ ဦးဝင်းနိုင်-ဒေါ်ဥမ္မာခင်၊ ဦးကျော်ခင်ဦး-ဒေါ်စန်းစန်းရင်တို့၏မိခင်၊ မြေး ၂၀၊ မြစ် ၁၆ယောက်တို့၏အဘွားသည် ၂၈-၁-၂၀၁၃ရက် (တနင်္လာနေ့) ညနေ ၅း၀၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၅၀နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး

ဒေါ်ယဉ်ဦးမ

(လေးတောင်၊ ရခိုင်ပြည်နယ်)

အသက်(၉၈)နှစ်

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ လေးတောင်တိုက်နယ်၊ ရွာဟောင်းနေ (ဦးခေါင်းချွန်-ဒေါ်မှိုင်းမ)တို့၏ သမီး၊ (ဦးရွှေဝန်း - ဒေါ်အိမ်သူ)တို့၏သမီးချွေးမ၊ (ဦးသဲလှအောင်)၏ဇနီး၊ (ဒေါ်ယဉ်အေး)၊ (ဦးမောင်အေးကျော်)၊ ဒေါ်ထူထူ(ဦးကျော်ဖိုး)၊ဦးဘအေး-ဒေါ်မေခတို့၏အစ်မ(ဦးမောင်ဖြူသီး-ဒေါ်လှဦး)၊ (ဦးမောင်သိန်းဇံ) - ဒေါ်ငွေသိန်းခိုင်၊ (ဦးမောင်ဦးထွန်း)-ဒေါ်သိန်းနု၊(ဦးသိန်းရွှေမောင် - ဒေါ်သန်းဆွေ)တို့၏မိခင်၊ ဦးမောင်ထွေးစိန်-ဒေါ်မအေးရှင်၊ဦးအေးရွှေ-ဒေါ်ခင်သန်းရွှေ၊ ဦးကျော်ရွှေ-ဒေါ်ခင်စော၊ ဦးထွန်းမြင့်-ဒေါ်ရီရီသန်း၊ ဦးသန်းအောင်-ဒေါ်မြင့်မြင့်သန်း၊ ဦးလှမြင့်-ဒေါ်သိန်းတင်၊ ဦးကျော်သန်း-ဒေါ်ခင်ရီ၊ ဦးတင်ဝင်း-ဒေါ်မြဝင်း၊ ဦးခင်မောင်သိမ်း-ဒေါ်သန္တာဝင်း၊ ဦးအောင်နိုင်ဝင်း-ဒေါ်ခင်မြင့်ရီ၊ ဦးရဲထွန်းဝင်း၊ ဦးသိန်းထွန်းဝင်း-ဒေါ်မြမဉ္ဇူ၊ ဦးထွန်းထွန်း-ဒေါ်ရီရီဝင်း၊ (ဦးမျိုးဝင်းနိုင်)-ဒေါ်တင်တင်ဝင်း၊ကိုသန့်သူ-မအေးအေးဝင်း၊ မဆွေဆွေဝင်းတို့၏အဘွား၊ မြစ် ၂၃ယောက်၊တီတစ်ယောက်တို့၏အဘောင်မသည် ၂၈-၁-၂၀၁၃ရက် (တနင်္လာနေ့) ည ၉း၂၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အမှတ် ၄၊ သရက်တောဘီ(၁)ဖြတ်လမ်း၊ သရက်တောမြောက်ရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်တင်မေ

အသက်(၉၁)နှစ်

ပြည်မြို့နေ(ဦးဘတင်-ဒေါ်လေးရင်)တို့၏သမီး၊ အမှတ် ၁၁၆၊ အခန်း ၂၃ (ဒုတိယထပ်)၊ အနော်ရထာလမ်းနှင့် ၃၇လမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးမောင်မောင်)၏ဇနီး၊ ဦးတင်ဝင်း၊ ဦးသိန်းဝင်း၊ ဦးညွန့်သိန်း၊ ဦးတင်ရှိန် [C/E Uniteam Marine Ltd.]-ဒေါ်တင်တင်ထွေးတို့၏မိခင်ကြီးသည် ၂၈-၁-၂၀၁၃ရက် (တနင်္လာနေ့) ည ၈း၄၅နာရီတွင် ဗဟိုစည်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၁၅နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၃ရက် နံနက် ၇နာရီမှ ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

မန္တလေးအသင်းနာယကကြီး

ဒေါ်တင်လှ (ရွှေမန်းတင်လှ)

ဝိဇ္ဇာဂုဏ်ထူး၊မဟာဝိဇ္ဇာ(ရန်ကုန်)၊ မဟာသိပ္ပံ(ကိုလံဘီယာ)

ညွှန်ကြားရေးမှူး၊ယဉ်ကျေးမှုဗိမာန်ဦးစီးဌာန(ငြိမ်း)၊ ကန်တော့ခံ သက်ကြီးစာပေပညာရှင်

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ သံတံတားရပ်ကွက်၊ သံတံတားလမ်း၊ အမှတ် ၃၉နေ မန္တလေးအသင်း နာယကကြီး ဒေါ်တင်လှသည် ၂၈-၁-၂၀၁၃ရက် (တနင်္လာနေ့)တွင် ကွယ်လွန်သွားပါ၍ ၃၀-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည် ဖြစ်ပါ၍ အသင်းဝင်များ လိုက်ပါပို့ဆောင်ကြပါရန်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော် ဘဒ္ဒန္တတိလောက

ဓမ္မကထိက ဗဟုဇနဟိတဓရ၊ ဦးစီးပဓာနနာယက ဩဝါဒါစရိယ

အုတ်တွင်းမြို့ ဈေးကျောင်းတိုက်

သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၁)ဝါ

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ အုတ်တွင်းမြို့၊ ဈေးကျောင်းတိုက်ကြီး၏ ဦးစီးပဓာနနာယက၊ ဩဝါဒါစရိယ ဘဒ္ဒန္တတိလောက ဆရာတော်ကြီးသည် (၁၃၇၄ခုနှစ် ပြာသိုလပြည့်ကျော် ၁ရက်) ၂၇-၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) နံနက် ၉း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့်(၁၃၇၄ခုနှစ် ပြာသိုလကွယ်နေ့) ၁၀-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)တွင် အန္တိမအဂ္ဂိစျာပနသဘင် ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယိကာ၊ ဒါယိကာမများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

တပည့်ဒါယကာ၊ ဒါယိကာမများ(အုတ်တွင်းမြို့)

ဗိုလ်ကြီးကြည်လှ (ငြိမ်း)

မော်ကွန်းဝင်(ပထမဆင့်)

အသက်(၉၀)

ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ နဝဒေးဥယျာဉ်အိမ်ရာ၊ နဝဒေးလမ်း၊ ဘလောက် ၆၆၊ အမှတ် ၁၅နေ (ဒေါ်သန်းစိန်)၏ခင်ပွန်း၊ ဒေါ်နုနုစိန်(တပ်မတော်မိုးရေကာဖျင်စက်ရုံ၊ ငြိမ်း)၊ (ကိုဝင်းဆွေ)၊ ဦးသန်းလွင်-ဒေါ်ငွေငွေကြည်၊ ဦးကိုကိုကျော်-ဒေါ်ဝင်းဝင်းကြည်တို့၏ဖခင်၊ မစန္ဒီကိုကိုကျော်၊ မဘရဏီကိုကိုကျော်တို့၏အဘိုးသည် ၂၈-၁-၂၀၁၃ရက် (တနင်္လာနေ့) မွန်းလွဲ ၂း၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၀-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၃-၂-၂၀၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

ဦးခင်ဆွေ

အမှုဆောင်အရာရှိ(ငြိမ်း)၊ လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း

အသက်(၈၄)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ပန်းလှိုင်ရပ်ကွက်၊ ရွှေလိပ်ပြာအိမ်ရာ၊ တိုက်အမှတ် ၃၊ အခန်း ၁၀၇နေ(စစ်ကဲကြီး ဦးအောင်မြ-ဒေါ်ချစ်မေ)တို့၏သား၊ ဒေါ်ရင်ရင်မြ၊ (ဦးလှမိုး၊ အငြိမ်းစားအမှုဆောင်အရာရှိ၊ လယ်ယာစိုက်ပျိုးရေးကော်ပိုရေးရှင်း)၊ (ဒေါ်လှလှမြ)-ဦးမြင့်စိုး (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ရုပ်ရှင်လုပ်ငန်း)တို့၏မောင်/အစ်ကို၊ ဒေါက်တာစန္ဒာစိုး-ဦးအောင်ကြူးတို့၏ဦးလေး၊ ခင်ချမ်းမြေ့သူ၊ ဟိန်းထက်အောင်တို့၏အဘိုးသည် ၂၉-၁-၂၀၁၃ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၃ရက် (ကြာသပတေးနေ့)တွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၈း၄၅နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးမောင်မောင်လေး (ဆင်ဖြူကျွန်း၊ ဖျာပုံ)

ကုန်သွယ်/လယ်ယာ၊ တိုင်းမန်နေဂျာ(ငြိမ်း)

အသက်(၇၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အောင်သပြေလမ်း၊ အမှတ် ၄၄-အေ၊ မြေညီထပ်နေ (ဦးလှ-ဒေါ်ဦးချစ်)တို့၏သား၊ (ဦးလှကြိုင်-ဒေါ်ကျင်ရွှေ)တို့၏ သားသမက်၊(ဒေါ်သောင်းခင်)၏ခင်ပွန်း၊ ဦးမောင်မောင်ကြီး(တိုင်းတရားသူကြီး၊ ငြိမ်း၊ တရားလွှတ်တော်ရှေ့နေ)-ဒေါ်မြင့်မြင့်သန်းတို့၏ညီ၊ ဦးစိန်လွင်(မြို့နယ်စာရင်းစစ်မှူး၊ငြိမ်း၊ အထက်တန်းရှေ့နေ)-ဒေါ်ကျင်စိန်၊ (ဒေါ်မြမြရီ)တို့၏အစ်ကို၊ [ဦးသိန်းထွန်း-ဒေါ်သောင်းတင်(ထွန်းပရိဘောဂ၊ ဖျာပုံ)]တို့၏ညီ၊ ကိုဇော်မျိုးအောင်-မသင်းသင်းမာ၊ ကိုသက်ထွန်း-မတင်တင်လင်း(STK Tea & Food Centre-ဖျာပုံ)တို့၏ဖခင်၊ မောင်အောင်ကောင်းမြတ်(G -V, B)၊ မအိန္ဒြေကောင်းမြတ်(G-II, A၊ အထက-၂၊ ကမာရွတ်)၊ မစုယွန်းမြတ်တို့၏ဘိုးဘိုးကြီးသည် ၂၉-၁-၂၀၁၃ရက် မွန်းလွဲ ၁၂း၂၅နာရီတွင် အာရှတော်ဝင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၃ရက်(ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

ဦးအေးကျော် (ရွှေကြက်ဖ၊ ညောင်ပင်လေးဈေး)

အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ် ၅၂၊ လမ်း ၂၀နေ (ဦးဝမ်ကျောင်)-ဒေါ်ကျင်ယုံတို့၏သား၊ (ဦးဝင်းမြ-ဒေါ်လှအေး)တို့၏သားသမက်၊ ဒေါ်လှဝင်းတင်၏ ခင်ပွန်း၊ ကိုတေဇာဝင်းကျော်-ဒေါက်တာခိုင်မာဇော်၊ ကိုရာဇာဝင်းကျော်-မရတနာလှိုင်တို့၏ဖခင်ကြီး၊ ဒေါ်သန်းသန်းအေး၊ ဦးမြင့်လွင်-ဒေါ်မာမာ၊ ဦးမြင့်သိန်း-ဒေါ်စောလေးချွမ်၊ ဦးခင်ဇော်-ဒေါ်ခင်မာရီတို့၏မောင်/ညီ၊ ဦးသိန်းနိုင်-ဒေါ်မွေးမွေးတို့၏အစ်ကိုသည် ၂၇-၁-၂၀၁၃ရက်(တနင်္ဂနွေနေ့) ည ၉း၀၇နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၁-၂၀၁၃ရက် (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။(ညောင်ပင်လေးဈေးမှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

ဒေါ်ဆန်းသိန်းမြိုင်

အသက်(၅၀)

စစ်တွေမြို့၊ ကျေးပင်ကြီးရပ်ကွက်၊ ရွှေသာလမ်း၊ အမှတ် ၃၁နေ (ဦးမောင်အေးသိန်း-ဒေါ်ဖြူမ)တို့၏သမီး၊(ဦးအေးမောင်-ဒေါ်အေးခင်)တို့၏ သမီးချွေးမ၊ ဦးထွန်းအေး (ထွန်းရတနာရွှေဆိုင်)၏ဇနီး၊ မောင်ရဲသူရိန်လင်း၊ မခင်ထက်ထက်စိုး(Math 2^{nd} year)တို့၏ မိခင်သည် ၂၈-၁-၂၀၁၃ရက် နံနက် ၁၀း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၃၀-၁-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁နာရီတွင် စစ်တွေမြို့ အာဂျိတ်တော်ကုန်းသုသာန်၌သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

ဦးစိန်တင် အသက်(၇၂)နှစ်

ကုန်သွယ်/လယ်ယာ(ငြိမ်း)

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ္သာတမြို့နေ (ဦးဖေတိုး-ဒေါ်မြရင်)တို့၏သား၊ ရန်ကုန်မြို့နေ (ဦးချစ်တင်)-ဒေါ်ကြည်လှိုင်တို့၏သားသမက်၊ ရန်ကုန်မြို့နေ ကိုအောင်ကျော်ထွဋ်-မချိုချိုဝင်း၊ ကိုမြင့်ကျော်ထွန်း-မအိအိခိုင်၊ ကိုမျိုးလွင်-မစန္ဒကူး၊ ကိုသက်ဆွေ-မစုမွန်ဝင်းတို့၏ ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး၊ ၇၃၉(က)၊ကံ့ကော်လမ်း၊(၂၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ ဒေါ်ကျင်ဌေး၏ခင်ပွန်းသည် ၂၈-၁-၂၀၁၃ ရက်(တနင်္လာနေ့) နံနက် ၁း၁၅နာရီတွင် သဃ်န်းကျွန်းစံပြဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု

ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ခရေပင်လမ်းခွဲ၊ ဇေယျာသီရိမြို့နယ်၊ နေပြည်တော်တွင် ထုတ်ဝေသည်။ နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ မေးလ် mmalin.npt@gmail.com၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ ကြော်ငြာ ၀၁-၅၄၅၈၃၄။ R/488

ယနေ့ မာတိကာ

အကျိုးရှိသော နေ့ရက်များ တစ်နေ့တစ်ရက်မှသည် နေ့ရက်ပေါင်းများစွာ ဖြတ်သန်းကြခြင်းဖြင့် ကြီးပွားတိုးတက်ရာ အကြောင်းကို ဖြစ်စေနိုင် ခေါင်းကြီး စာ - ၂

နယ်သာလန်ဘုရင်မကြီး ထီးမွေနန်းမွေ သားတော်မင်းသားသို့ လွှဲမည် စာ - ၄

တိုက်ဂါးဝုဒ် ၇၅ လုံးမြောက် ဖလားဆွတ်ခူး စာ - ၁၂

ပွဲကျပ်တွေ့မယ့် ဘိုင်ယန်မြူးနစ်နဲ့ ခက်ခဲမယ့် ဘေယာလေဗာကူဆင် စာ - ၁၃

ပုဂံဒေသ၌ ပဒေါင်တိုင်းရင်းသူကြီးများက ရိုးရာပစ္စည်းများ ကိုယ်တိုင်ထုတ်လုပ်ရောင်းချနေ စာ - ၁၄

မြန်မာ-ထိုင်း နယ်စပ်ကုန်သွယ်ရေးတိုးမြှင့်ရေး ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် ဇန်နဝါရီ ၂၉

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းသည် ထိုင်းနိုင်ငံ အမျိုးသားစီးပွားရေးနှင့် လူမှုရေး အကြံပေးကောင်စီဥက္ကဋ္ဌ Mr. Okas Teparakul ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံ၏ ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုတိုးတက်ခိုင်မြဲရေး၊ နှစ်နိုင်ငံ နယ်စပ်ကုန်သွယ်ရေးကို တိုးမြှင့်ရေးနှင့် မြန်မာ့ခရီးသွားလုပ်ငန်းတိုးတက်ဖွံ့ဖြိုးရေးအတွက် ထိုင်းနိုင်ငံမှ အတွေ့အကြုံနှင့် နည်းပညာများ ဖလှယ်ရေး စသည့်ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

အဆိုပါ တွေ့ဆုံပွဲသို့ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ပြည်ထောင်စုဝန်ကြီးဒေါက်တာကံဇော်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးသန့်ကျော်၊ ဒေါက်တာဘရှေ့၊ ဒေါက်တာဝင်းမြင့်၊ ဦးမြင့်သိန်းနှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း ထိုင်းနိုင်ငံ အမျိုးသားစီးပွားရေးနှင့် လူမှုရေးအကြံပေးကောင်စီဥက္ကဋ္ဌ Mr. Okas Teparakul ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

ရန်ကုန်-ပုသိမ် ရထားလမ်းသစ်ဖောက်လုပ်မှု ၇၅ ရာခိုင်နှုန်းပြီးစီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ မကြာမီ ပြုံးပျော်ရွှင်ရတော့မည်

သတင်းနှင့်ဓာတ်ပုံ
စိန်လွင်အောင်(မြန်မာ့အလင်း)

နိုင်ငံတော်အစိုးရက ပြည်သူများ သွားလာမှု အဆင်ပြေလွယ်ကူရန်အတွက် လမ်းကွန်ရက်များကို အစဉ်တစိုက် ထပ်မံတိုးချဲ့လျက်ရှိရာ ပြည်သူများ ခရီးသွားလာမှု ခက်ခဲသည့် နေရာဒေသများတွင် ကားလမ်းနှင့် သင့်တော်လျှင် ကားလမ်း၊ ရထားလမ်းနှင့်သင့်တော်လျှင် ရထားလမ်း စသည်ဖြင့် ခရီးသွားပြည်သူများ အဆင်ပြေရန် ရည်ရွယ်ပြီး လမ်း၊ တံတားများကို အမြဲမပြတ် ဖောက်လုပ်၊ ဆောက်လုပ်ပေးလျက်ရှိပေသည်။

ယခုအခါ ရန်ကုန်-ပုသိမ် ရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းကြီးသည် ရာခိုင်နှုန်းထက်ဝက်ကျော်ပြီးစီး၍ မကြာမီနှစ်အတွင်း စတင်ပြေးဆွဲတော့မည်ဖြစ်ကြောင်း အဆိုပါစီမံကိန်းအား တာဝန်ယူ ဖောက်လုပ်နေသည့် အင်ဂျင်နီယာများထံမှ သိရသည်။

သို့ဖြစ်၍ အဆိုပါလမ်းဖောက်လုပ်မှုစီမံကိန်းနှင့်ပတ်သက်ပြီး မြန်မာ့အလင်းသတင်းအဖွဲ့သည် ရန်ကုန်-ပုသိမ် မီးရထားလမ်းပိုင်းအား တာဝန်ယူဖောက်လုပ်နေသည့် စီမံကိန်းအင်ဂျင်နီယာနှစ်ဦးအား သွားရောက်တွေ့ဆုံ ကွင်းဆင်းမေးမြန်းဖြစ်ခဲ့ရာ "ကျွန်တော်က ဒီရန်ကုန်-ပုသိမ် ရထားလမ်းဖောက်လုပ်ရေး စီမံကိန်းမှာ တာဝန်ယူရတဲ့ အပိုင်းကတော့ ရန်ကုန် (လှိုင်သာယာ)-ဧရာဝတီ(ညောင်တုန်း)လမ်းပိုင်း ဖြစ်ပါတယ်။

"လမ်းအရှည်ကတော့ ၄၀ ဒသမ ၃၄ မိုင် ဖြစ်ပါတယ်။ ဒီစီမံကိန်းကို ၂၀၀၉-၂၀၁၀ ဘဏ္ဍာရေးနှစ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့တာပါ။ ကျွန်တော့်ဘက်က လမ်းပိုင်းကတော့ ယခုနှစ် မေလကုန်အပြီး လုပ်ဆောင်သွားမှာပါ။ အခုသံလမ်းခင်း၊ကျောက်သယ် စုစုပေါင်း အလုပ်သမားအင်အား ၄၅၀ နဲ့ နေ့ရောညပါ လုပ်ဆောင်နေပါတယ်။ ဒီလမ်းပိုင်းကတော့ တစ်လမ်းသွား/ပြန်စနစ် ဖောက်လုပ်ထားတာ ဖြစ်ပါတယ်။ လမ်းပိုင်းမှာ ဘူတာခြောက်ခု၊ တံတားပေါင်း ၁၀၅ စင်းရှိပါတယ်။ ကျွန်တော့်ဘက် လမ်းပိုင်းဖြတ်သွားမယ့် မြို့ဘူတာတွေကတော့ လှိုင်သာယာ၊ ရေစို၊ မဲဇလီ၊ ဆားမလောက်၊ ညောင်တုန်း၊ ရှမ်းစုတို့ဖြစ်ပါတယ်" ဟု အဆိုပါလမ်းပိုင်းအား တာဝန်ယူဖောက်လုပ်နေသည့် စီမံကိန်းအင်ဂျင်နီယာ ဦးဇော်မင်းဦးက ရှင်းပြခဲ့သည်။

ဆက်လက်ပြီး ရန်ကုန်(လှိုင်သာယာ)-ပုသိမ်လမ်းတွင် တာဝန်ယူဖောက်လုပ်ပေးနေသည့် စီမံကိန်း

စာမျက်နှာ ၈ ကော်လံ ၅ ◆

ရန်ကုန်(လှိုင်သာယာ)-ဧရာဝတီ(ညောင်တုန်း) လမ်းပိုင်းစီမံကိန်း အင်ဂျင်နီယာ ဦးဇော်မင်းဦး ရှင်းပြစဉ်။

ရန်ကုန်(လှိုင်သာယာ)-ပုသိမ် လမ်းပိုင်းစီမံကိန်း ဖောက်လုပ်နေစဉ်။

ကြော်ငြာအချပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာ အချပ်ပို (၄) မျက်နှာ ပါရှိပါသည်။

ကြားညှပ်ကြော်ငြာများ စည်းကမ်းနှင့်အညီဆောင်ရွက်ရေး အသိပေး

နေပြည်တော် ဇန်နဝါရီ ၂၉

နေ့စဉ်ထုတ်သတင်းစာများဖြစ်သည့် မြန်မာ့အလင်းသတင်းစာနှင့် ကြေးမုံသတင်းစာတို့တွင် သတင်းစာဖတ်ပရိသတ်များအတွက် သတင်းကဏ္ဍများ တိုးမြှင့်ဖော်ပြပေးလျက်ရှိသကဲ့သို့ ကြော်ငြာရှင်များ၏ ဆန္ဒကို ဖြည့်ဆည်းပေးသည့်အနေဖြင့် ကြော်ငြာစာမျက်နှာများကိုလည်း တိုးမြှင့်ထည့်သွင်းပေးလျက်ရှိပါသည်။

ကြော်ငြာများကို တိုးမြှင့်ထည့်သွင်းပေးရာတွင် ပြင်ပပုဂ္ဂလိကကြော်ငြာကုမ္ပဏီများအတွက် သတ်မှတ်ချက်နှင့်အညီ တရားဝင်ကြားညှပ်ကြော်ငြာများအဖြစ် ဆိုင်ရာသတင်းစာများ၌ နေ့အလိုက်ထည့်သွင်းဖော်ပြပေးလျက်ရှိပါသည်။

ထိုသို့ဖော်ပြပေးရာတွင် သတင်းစာအဆင့်အတန်း မထိခိုက်စေရေးနှင့် သတင်းစာဖတ် မိဘပြည်သူတို့အား လေးစားသမှုရှိစေရေးအတွက် ပင်မသတင်းစာအရွယ်အစားနှင့် တူညီသည့်ကြော်ငြာလေးမျက်နှာဖြစ်ရေး၊ စက္ကူနှင့်ပုံနှိပ်အရည်အသွေးကောင်းမွန်ရေး၊ သတ်မှတ်နေရာအလိုက် ဖြန့်ချိသော စောင်ရေအတိုင်းပါရှိရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ သတင်းစာပို့ဆောင်သူ အချို့မှတစ်ဆင့် အသိအမှတ်ပြုမထားသော အခြားကြော်ငြာ အရွယ်အစားအမျိုးမျိုးကို အခကြေးငွေယူ၍ သတင်းစာတွင် ကြားညှပ်ပြီး ဖြန့်ချိလျက်ရှိကြောင်း သိရှိရပါသည်။

ထိုသို့စည်းကမ်းနှင့်မညီညွတ်သော တရားမဝင်ကြားညှပ်ကြော်ငြာထည့်သွင်းဖြန့်ချိသော ကိစ္စရပ်များကို မပြုလုပ်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရန် ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့က ငွေချေးမည်

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့က ချေးငွေသစ်များ ထုတ်ပေးမည်ဖြစ်ကြောင်း ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အရဏ်ဦး-ရေးသားသည်

"မြန်မာနိုင်ငံရဲ့ စီးပွားရေးပြုပြင်ပြောင်းလဲမှုတွေနဲ့ ပြည်သူတွေရဲ့ လူမှုဘဝ တိုးတက်မြင့်မားရေးတွေအတွက် ထောက်ပံ့ကူညီပေးဖို့အတွက် အခုလို ချေးငွေအသစ်တွေ ခွင့်ပြုပေးခဲ့တာဖြစ်ပါတယ်" ဟု ကမ္ဘာ့ဘဏ်မှ ဒါရိုက်တာတစ်ဦးဖြစ်သူ အန်နက်တီဒီဆွန်က ပြောကြားသည်။

မြန်မာနိုင်ငံအပေါ် ချေးငွေများ ထုတ်ချေးရာတွင် အာရှဖွံ့ဖြိုးရေးဘဏ်(အေဒီဘီ)က အမေရိကန်ဒေါ်လာ ၅၁၂ သန်း ခွင့်ပြုပေးမည်ဖြစ်ပြီး ကမ္ဘာ့ဘဏ်က အကြွေးသစ်အဖြစ် အမေရိကန်ဒေါ်လာ သန်း ၄၄၀ ချေးငှားရန် ခွင့်ပြုလိုက်ပြီဖြစ်သည်။

ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်များက မြန်မာနိုင်ငံသို့ ချေးငွေသစ်များထုတ်ချေးခြင်းသည် မြန်မာနိုင်ငံ၏ လက်ရှိဆောင်ရွက်နေသော နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများကြောင့် ဖြစ်သည့်အပြင်ယခင် မြန်မာနိုင်ငံက ပေးဆပ်ရန်ရှိနေသော ချေးငွေများကို ပြန်လည်ဆပ်နိုင်မှုတို့ကြောင့် ဖြစ်သည်။

"မြန်မာအစိုးရရဲ့ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနဲ့ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေး ဆောင်ရွက်မှုတွေအပေါ် ကူညီထောက်ပံ့ပေးလိုတဲ့အပြင် နိုင်ငံတကာက ရင်းနှီးမြှုပ်နှံသူတွေ ပိုမိုလာရောက်စေဖို့အတွက်လည်း အထောက်အကူရရှိစေဖို့အတွက် အခုလို ငွေကြေးချေးငှားမှုအသစ်တွေ ခွင့်ပြုခဲ့ခြင်းဖြစ်ပါတယ်"ဟု ကမ္ဘာ့ဘဏ်မှ ဒါရိုက်တာတစ်ဦးဖြစ်သည့် အန်နက်တီဒီဆွန်က ဆက်လက်ပြောကြားသည်။

ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့သည် မြန်မာနိုင်ငံအပေါ်၌ အချိန်ကာလကြာမြင့်စွာ ကြွေးမြီများတင်ရှိနေခဲ့မှုကို ပြန်လည်ဆပ်နိုင်ရန် ဂျပန်နိုင်ငံတကာကော်ပိုရေးရှင်းဘဏ်(ဂျေဘီအိုင်စီ)က ကူညီပေးခဲ့သဖြင့် ယခုကဲ့သို့ ချေးငွေသစ်များ ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

"ဒီချေးငွေတွေဟာ မြန်မာနိုင်ငံရဲ့လမ်းများတိုးတက်ကောင်းမွန်ရေး၊ စွမ်းအင်ကဏ္ဍ၊ ဆည်မြောင်းတာတမံများကဏ္ဍ၊ ပညာရေးစီမံကိန်းတွေနဲ့ အခြားကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံမှုတွေ ရရှိအောင် ကူညီဖြည့်ဆည်းပေးတာဖြစ်ပါတယ်"ဟု အာရှဖွံ့ဖြိုးရေးဘဏ် ဒုတိယဥက္ကဋ္ဌ စတီဖင်ဂရော့ဖ်က ထုတ်ဖော်ပြောကြားသည်။

အာရှဖွံ့ဖြိုးရေး ဘဏ်သည် ၂၀၁၂ ခုနှစ် ဧပြီလက စီးပွားရေးမြို့တော် ရန်ကုန်တွင် ရုံးခန်းပြန်လည်ဖွင့်လှစ်ခဲ့သည်။ ထို့အတူ ကမ္ဘာ့ဘဏ်ကလည်း မြန်မာနိုင်ငံ ကျေးလက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ဒေါ်လာသန်း ၈၀ ခန့်ကို မကြာမီက ကူညီထောက်ပံ့ပေးခဲ့သည်။ **(ဆင်ဟွာ)**